# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၃) ရက် ၊ သောကြာနေ့ ၊ (26-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန် ကျောင်းသားကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာ**

စာမျက်နှာ - ၁၇

**မန္တလေးတိုင်းဒေသကြီး ခရိုင်ငါးခရိုင်၌ ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်**

စာမျက်နှာ - ၂

**ထူးခြားသည့် နေ့အပူချိန်များ**

(၂၅-၄-၂၀၂၄)

| | |
|---|---|
| ချောက် | ၄၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၄၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၃ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |



တဘူးလှဆည်ကို တွေ့ရစဉ်။

## တဘူးလှဆည်ရေသောက်စနစ်ဖြင့် နွေစပါးကေလျာထားချက်ထက် ၂၉၁၇၄ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့

**ရန်ကုန် ဧပြီ ၂၅**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် စက်မှုကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုသာမက ဆန်စပါးစိုက်ပျိုးမှုတွင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးအောင်မြင်လျက်ရှိရာ တိုက်ကြီးမြို့နယ်အတွင်း စပါးစိုက်တောင်သူများ အထူးအားထားသည့်နွေစပါးကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ရာ နွေစပါးလျာထားချက် ၂၈၈၆၄ ဧကထက် ၂၉၁၇၄ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကုန်းပေါ်စုရွာအနီးတွင်ရှိသည့် တဘူးလှရေလှောင်တမံ ပင်မရေမြောင်းကြီးနှစ်ခုမှ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အစပ်ရှိ နွေစပါးစိုက်ခင်းများသို့ အောင်ရေပို့လွှတ်လျက်ရှိသည်။ စိုက်ခင်းအချို့၌ စက်ယန္တရားများဖြင့် ရိတ်သိမ်းမှုအချို့ရှိပြီး ကြိတ်ခွဲစက်များသို့ ပို့ဆောင်နေကြသည့်နည်းတူ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုအထောက်အကူပြု ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုနေသော မီးခိုးမထွက်သည့် စက်ရုံတစ်ခုဖြစ်သည်။ နိုင်ငံအတွက် စက်မှုလုပ်ငန်းများနည်းတူ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူတန်းစားအသီးသီးထံ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများတိုက်ရိုက်နှင့်သွယ်ဝိုက်၍ စီးဝင်စေခြင်းစသည့်အကျိုးကျေးဇူးများစွာ ရရှိစေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်စီးပွားရေးလုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြလေ့ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မိမိတို့နိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည်။ တောင်ပေါ် မြေပြန့်၊ ကမ်းရိုးတန်းမြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေစသည့် မတူကွဲပြားထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့များ၊ လူနေမှုပုံစံများ၊ ရာသီအလိုက်ကျင်းပသော ရိုးရာယဉ်ကျေးမှုပွဲတော်များသည် ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သော အားသာချက်များပင်ဖြစ်သည်။

မိမိတို့ဒေသသို့ အပန်းဖြေအနားယူလေ့လာရန်လာကြသော ခရီးသွားများအတွက် စိမ်းစိုသောသန့်ရှင်းလှပသည့် ပတ်ဝန်းကျင်များဖော်ထုတ်ခြင်း၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုကောင်းများ ပေးစွမ်းခြင်း၊ လုံခြုံရေးနှင့်ညီ့စာရင်းစီမံခန့်ခွဲမှုစနစ်တို့အသုံးပြု ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုတွင်လည်း အထောက်အကူပြုလာမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းတံတားစည်ပင်သာယာရေး၊ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း **(MSME)**ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ချိတ်ဆက်ဖန်တီးသွားနိုင်သည့်လုပ်ငန်းဖြစ်သဖြင့် မြို့ပြနှင့်ကျေးလက်နေပြည်သူများပါ အကျိုးအမြတ်များစွာ ရရှိလာမည့်လုပ်ငန်းတစ်ခုဖြစ်သည်။

ထို့ကြောင့် မိမိတို့ဒေသသို့ ခရီးသွားများလာရောက်ပါက စိတ်ချမ်းမြေ့မှုရှိစေရေး၊ စိမ်းစိုလှပသန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်များ မိမိတို့မြို့ရွာများ၌ ဖြစ်ပေါ်နေစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခရီးသွားများ စိတ်ကျေနပ်လုံခြုံမှုကြောင့် လာရောက်မှုတိုးပွားများပြားလာပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုမည်ဖြစ်သည်။ ထို့ပြင် **MSME** ကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနိုင်သည့်အတွက် ဒေသတွင်းအလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို တိုက်ရိုက်နှင့်သွယ်ဝိုက်အကျိုးပြုသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကိုလည်း အားပေးကူညီရာရောက်ပေသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဓိကသော့ချက်မှာ တည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းသည် ခရီးသွားလုပ်ငန်းအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောကြောင့် နိုင်ငံအတွင်း ဘက်ပေါင်းစုံတည်ငြိမ်အေးချမ်းရေးကို နိုင်ငံသားအားလုံးက နိုင်ငံတော်နှင့်လက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီး ခရိုင်ငါးခရိုင်၌ ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်



**မန္တလေး မေ ၂၅**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ငါးခရိုင်၌ ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ ခရိုင်ငါးခရိုင်၌ ရာသီအလိုက်စိုက်ပျိုးမည့် ဆီထွက်သီးနှံများကို ဇုန်(၁)နှင့် ဇုန်(၂) ဟူ၍ သတ်မှတ်ပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့် သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာစသည့်သီးနှံများကို စိုက်ဧက ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်အခါတွင်လည်း ဌာန၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဇုန်တွေသတ်မှတ်ဆောင်ရွက်တာက စားအုန်းဆီတွေ ပြည်ပကတင်သွင်းမှုကို လျှော့ချပြီးတော့မှ ပြည်တွင်းကထုတ်လုပ်တဲ့ ဆီထွက်သီးနှံတွေနဲ့ စားသုံးဆီဖူလုံဖို့ အကောင်အထည်ဖော်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်က တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ပြည်တွင်းစားသုံးဆီဖူလုံဖို့ အဓိကထားပြီး ဆောင်ရွက်တာဖြစ်တယ်။ တိရစ္ဆာန်အစာအတွက်လဲ အထောက်အပံ့ဖြစ်တယ်။ လုပ်သားတွေအတွက်လဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေမှာပါ"ဟု ဦးတိုးမင်းက ပြောပြသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဇုန်(၁)၌ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မိတ္ထီလာခရိုင်တွင် မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ရမည်းသင်းခရိုင်တွင် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧကပေါင်း ၅၄၉၈၀၄ ဧက၊ ဇုန်(၂)၌ ညောင်ဦးခရိုင်တွင် ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံတားဦးခရိုင်တွင် တံတားဦးမြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧကပေါင်း ၄၅၁၄၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မေ ၂၅**

မန္တလေးကားဈေးကွက်တွင် သကြံန်အပြီး အရောင်းအဝယ်ဆက်လက်အေးနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အရောင်းအဝယ်အေးနေသော်လည်း နံပါတ်ထွက်ပြီး ညာမောင်းကားများမှ ငွေကျပ်သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြား ကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်သာရှိနေကြောင်း သိရသည်။

လျှပ်စစ်သုံးကားများကိုလည်း စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ငွေကျပ် သိန်း ၃၅၀ မှ သိန်း ၅၀၀ ကြားဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၇၀ ခန့် ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် ၁၃၅ သိန်း၊ Auto ငွေကျပ် သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများ ဈေးနှုန်းများမြင့်တက်လာပြီး တစ်ပတ်ရစ်ဘီးများနှင့် အခြားဘီးများ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်ကိုလည်း လူကြိုက်များလာကာ ဝယ်ယူမှုများနေပြီး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဘီးများတွင်လည်းဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125ရှပ်ဆိုး၊ 125 R၊ CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးသီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့်ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင်ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းသီးများသည် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှထွက်ရှိပြီး မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၊ ၄၀၀ ဖြင့် အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီးအဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသနဲ့ တောင်ပေါ်ဒေသက ခရမ်းသီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ ဝင်ရောက်လာကြတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ အောင်ပန်းဒေသနဲ့ကျောက်ဆည်နယ်ဒေသတစ်ဝိုက်က ခရမ်းသီးတွေပဲ ထွက်တော့တယ်။ ကုန်စိမ်းသီးနှံတွေကတော့ ဈေးကို ပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်တဲ့ပစ္စည်းတွေ ပြတ်လပ်ရင်တော့ ဈေးကကောင်းပါတယ်။ ဈေးမှာရောင်းသူဝယ်သူတွေနဲ့ စည်ကားပြီး အရောင်းအဝယ် ကောင်းနေကြပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းသီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်၊ ဂေါ်ရခါးသီး၊ အာလူး၊ ကြက်သွန်များလည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းလှမြို့နယ် စစ္စနို့ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ္စနို့ကျေးရွာအုပ်စု စစ္စနို့ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက စစ္စနို့ကျေးရွာရှိ ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စစ္စနို့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် ၃၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက်(၂၂၅) ဖို့ကုန်းရပ်နေ မခင်ခင်(ခ)မခင်ဝင်းလှိုင်က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက ခုံးပိဿာချိန် ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ခုံးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ခုံးတွေ အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာ ခုံးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ ခုံးတွေကို ရန်ကုန်ဈေးကွက်ထဲ အများအပြားတင်ပို့ရောင်းချနေရပါတယ်။ ဘိုကလေးဘက်ကနေထွက်တဲ့ ခုံးတွေအပါအဝင် ရေထွက်ကုန်တွေကို ဘိုကလေးမြို့နယ်မှာရှိတဲ့ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ အခုလို ကုန်ရောင်းကုန်ဝယ်တွေ အားကောင်းကောင်းနဲ့ လည်ပတ်နေတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုလည်း စနစ်တကျသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖန်းခါးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# မှတ်ပုံတင်လျှောက်လွှာတင်သွင်းမှုမရှိသည့် ပုဂ္ဂလိကကျောင်းများကို မေ ၁၂ ရက်မှ စတင်ပိတ်သိမ်းဆောင်ရွက်သွားမည်

**နေပြည်တော် ဧပြီ ၂၅**

မှတ်ပုံတင်လျှောက်လွှာတင်သွင်းမှုမရှိသည့် ပုဂ္ဂလိကကျောင်းများကို ၂၀၂၄ ခုနှစ် မေ ၁၂ ရက်မှ စတင်ပိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျောင်းများကို ကျောင်းမှတ်ပုံတင်များ အချိန်မီ တင်သွင်းလျှောက်ထားကြရန်နှင့် သတ်မှတ်ရက်အတွင်း မှတ်ပုံတင်လျှောက်ထားတင်သွင်းမှုမပြုသည့် ပုဂ္ဂလိကကျောင်းများကို ၂၀၂၄ ခုနှစ် မေ ၁၂ ရက်မှစတင်ကာ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ပုဂ္ဂလိကကျောင်းမှတ်ပုံတင်များကို ၂၀၂၄ ခုနှစ် မတ် ၈ ရက် နောက်ဆုံးထားတင်သွင်းရန် ပညာရေးဝန်ကြီးဌာန ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အချို့သော ပုဂ္ဂလိကကျောင်းများမှာ လက်ရှိအချိန်ထိ မှတ်ပုံတင်လျှောက်ထားမှုမရှိသေးကြောင်း သိရသည်။

ထို့ပြင် လာမည့်ပညာသင်နှစ် မစတင်မီကြိုတင်ကျောင်းအပ်လက်ခံပြီး စာသင်ကြားမှုပြုလုပ်နေသည့် ပုဂ္ဂလိကကျောင်းများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာဦးစီးဌာနအနေဖြင့် မြို့နယ်ပညာရေးမှူးရုံးများမှတစ်ဆင့် အမျိုးသားသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရန် ပုဂ္ဂလိက အခြေခံပညာကျောင်းများကို အသိပေးဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်မှုမရှိသည့် ပုဂ္ဂလိကအခြေခံပညာကျောင်းများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပုဂ္ဂလိကပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍများမှ ပါမောက္ခချုပ်များ၊ ပညာရေးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)



# လူထုတက္ကသိုလ် ဘဝတက္ကသိုလ် ပညာဘဏ်တိုက် စာကြည့်တိုက်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"အမှားအမှန်၊ ဝေဖန်ပိုင်းခြား၊**
**သုတပွားကာ၊ သစ္စာအမြင်၊**
**ကြည်လင်စေရန်၊ စာပေအမြိုက်၊**
**ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်၊**
**စာကြည့်တိုက်။ ။"**

မြန်မာနိုင်ငံစာရေးဆရာအသင်းအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်သော စာရေးသူသည် နိုင်ငံအနှံ့အပြားရှိ စာကြည့်တိုက်အတော်များများသို့ ရောက်ရှိခဲ့ဖူးသည်။ စာကြည့်တိုက်ဖွင့်လှစ်ပွဲများနှင့် အထိမ်းအမှတ်ဟောပြောပွဲများသို့ သွားရောက်လေ့လာခဲ့ရင်းက အချို့စာကြည့်တိုက်များတွင် အထက်ဖော်ပြပါ စာကဗျာကလေးများကို ဆောင်ပုဒ်များအလား ရေးထိုးထားကြသည်။

**စာကြည့်တိုက်များ၏ အကျိုးကျေးဇူး**

အချို့စာကြည့်တိုက်များတွင် စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးများကို ကောက်နုတ်ဖော်ပြထားကြရာတွင်-

(၁) လူကြီးလူငယ်တို့ အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်ခြင်း၊
(၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊
(၃) အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊
(၄) အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေခြင်း၊
(၅) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊
(၆) နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေခြင်း

ဟူ၍ဖြစ်သည်။

ထို့ပြင် စာကြည့်တိုက်ပညာရှင်၊ စာပေပညာရှင်ကြီးများ၏ တန်ဖိုးရှိလှသော ဩဝါဒစကားများကိုလည်း စာကြည့်တိုက်နံရံများတွင် ရေးဆွဲထားကြရာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**အကောင်းဆုံးတက္ကသိုလ်**

- စာအုပ်စာပေသည် အကောင်းဆုံးမိတ်ဆွေ။
- စာအုပ်ကိုလေ့လာလိုလျှင် စာအုပ်များစုဝေးသည့် စာကြည့်တိုက်ကို အသုံးပြုရာ၏။ ပညာပေါင်းစုံလေ့လာနိုင်သော နေရာဖြစ်သည့် စာကြည့်တိုက်သည် အကောင်းဆုံးတက္ကသိုလ်ဖြစ်၏။

**(စာကြည့်တိုက်ပညာရှင်ကြီး ဦးသော်ကောင်း)**

**စာ-စာ-စာ**

- စာပေသည် အသိပညာ၏ အထိမ်းအမှတ်ဖြစ်လေသည်။
- စာအုပ်အတွင်းတွင်ကား ခေတ်အဆင့်ဆင့်မှ အတွေ့အကြုံများ၊ ထင်မြင်ချက်များပါရှိလေရာ သုံး၍မကုန်သောရွှေအိုးပင်ဖြစ်သည်။
- စာအုပ်မျိုးစုံ စုဆောင်းထားသော စာကြည့်တိုက်ကိုမူ အဖိုးမဖြတ်နိုင်ပေ။

**(စာပေပညာရှင်ကြီး ဆရာတိုက်စိုး)**

**စာကြည့်တိုက်တန်ဖိုး**

- စာပေသာမရှိခဲ့လျှင် လူ့ဘဝသည် သည်းမခံနိုင်လောက်အောင် ငြီးငွေ့စရာကောင်းပေလိမ့်မည်။
- ကျွန်ုပ်နှင့် ကျွန်ုပ်၏အပေါင်းအသင်းများအားမကောင်းသောမိတ်ဆွေနှင့် အကျင့်ဆိုးများမှ ကင်းဝေးစေရန်အတွက် စာကြည့်တိုက်၏ အကျိုးပြုလုပ်ငန်းထက် ပို၍အကျိုးပြုသော အခြားအရာမရှိပေ။

**(ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ)**

စာအုပ်စာပေ၏ကျေးဇူးကြောင့် ကမ္ဘာကျော်ကုဋေကြွယ်သူဌေးကြီးဖြစ်လာသော အင်ဒရူးကာနယ်ဂျီသည် သူ၏စည်းစိမ်တစ်ဝက်ကို စာကြည့်တိုက်ပေါင်း ၁၆၀၀ ကျော်တည်ထောင်ပြီး ပြန်လည်ကျေးဇူးတုံ့ပြန်ခဲ့သည်။

**စာကြည့်တိုက်ဟူသည်**

**"မြန်မာအဘိဓာန်"**တွင် **"ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန်စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံ"**ဟု ဖွင့်ဆိုထားသည်။ စာပေပညာရှင်ကြီးများနှင့် စာကြည့်တိုက်ပညာရှင်ကြီးများ၏ ဩဝါဒအရဆိုပါမူ စာကြည့်တိုက်ဟူသည် စုဆောင်းထားရှိသော စာအုပ်စာတမ်းများကို စာဖတ်သူတို့ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျစီစဉ်ထားရှိသော နေရာဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်သည် ပညာဗဟုသုတ တိုးပွားလိုလားသူများအတွက် လွတ်လပ်စွာရှာဖွေနိုင်သောနေရာဖြစ်သဖြင့် **"လူထုတက္ကသိုလ်"**ဟုလည်းဆိုနိုင်ကြောင်း၊ ပညာရှင်အမျိုးမျိုးနှင့်ဆရာအမျိုးမျိုးကိုတွေ့နိုင်သော **"ဘဝတက္ကသိုလ်"** ဟုလည်းဆိုနိုင်ကြောင်း၊ ထို့ပြင် **"လောက၏ပြတင်းပေါက်များ"**ဟုလည်း ဆိုနိုင်ကြောင်း ဂုဏ်ပြုညွှန်းဆိုခဲ့ကြသည်။

> ❖ စာပေပညာရှင်ကြီးများနှင့်စာကြည့်တိုက်ပညာရှင်ကြီးများ၏ ဩဝါဒအရဆိုပါမူ စာကြည့်တိုက်ဟူသည် စုဆောင်းထားရှိသောစာအုပ်စာတမ်းများကို စာဖတ်သူတို့အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျစီစဉ်ထားရှိသောနေရာဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်သည် ပညာဗဟုသုတတိုးပွားလိုလားသူများအတွက် လွတ်လပ်စွာရှာဖွေနိုင်သောနေရာဖြစ်သဖြင့် "လူထုတက္ကသိုလ်"ဟုလည်းဆိုနိုင်ကြောင်း၊ ပညာရှင်အမျိုးမျိုးနှင့် ဆရာအမျိုးမျိုးကိုတွေ့နိုင်သော "ဘဝတက္ကသိုလ်"ဟုလည်းဆိုနိုင်ကြောင်း၊ ထို့ပြင် "လောက၏ပြတင်းပေါက်များ"ဟုလည်းဆိုနိုင်ကြောင်း ဂုဏ်ပြုညွှန်းဆိုခဲ့ကြသည်။ ❖

ထို့ကြောင့် **"စာပေပညာရှင်ကြီး ဦးဇဂျီ"**က "စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကို ဖွင့်ထားသည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးများကို ပိတ်ထားသည်နှင့်တူ၏။ အနားမှာစာအုပ်မထားခဲ့သော် ဘဝတံခါးကြီးပိတ်နေပေလိမ့်မည်"ဟု စာဖတ်ကြရေးအတွက် အလေးအနက်ထားကာ လှုံ့ဆော်သတိပေးခဲ့သည်။

ယခုတစ်လော စာကြည့်တိုက်ဂုဏ်ရည်အလီလီ၏ သတင်းအဖုံဖုံကို နေ့စဉ်ရက်ဆက် ကြားသိနေကြရသောကြောင့် ပီတိဖြစ်နေကြရသည်။

၂၀၂၄ ခုနှစ် ဧပြီ ၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိအမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက လှူဒါန်းသော လူထုသိပ္ပံကျမ်းအတွဲ(၁၊ ၂၊ ၃)စာအုပ် ၃၀၀၀ နှင့်နိုင်ငံတော်အစိုးရကလှူဒါန်းသော သုတ၊ ရသစာအုပ် ၃၅၀၀၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးမိသားစုက လှူဒါန်းသော လူထုသိပ္ပံကျမ်း အတွဲ(၁၊ ၂၊ ၃) စာအုပ် ၁၅၀၀ နှင့် နိုင်ငံတော်အစိုးရကလှူဒါန်းသော သုတ၊ ရသစာအုပ် ၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက် နံနက်ပိုင်းက အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၃၀ နှင့် မြို့ ၄၇၁ မြို့အပါအဝင် စုစုပေါင်း ၈၀၁ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၀၀ ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းထောက်ပံ့မှုဖြင့်ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ရှိကြောင်း သိရှိရသဖြင့် စာကြည့်တိုက်ပေါင်းများစွာ တိုးချဲ့ဖွင့်လှစ်နိုင်ရန် လိုအပ်ကြောင်း မိုးမောင်းထိုးလှုံ့ဆော်ခဲ့သည်။

ထိုနေ့တွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲများကျင်းပခဲ့ကြရာ တစ်နေ့တည်းမှာပင် စုစုပေါင်းအလှူငွေကျပ် ၉၈၅၁၆၅၄၅၀ (ကျပ်သိန်းပေါင်းတစ်သောင်းနီးပါး)နှင့် သုတ၊ ရသစာအုပ်စာစောင်ပေါင်း ၇၉၂၁၁ အုပ် ရရှိခဲ့သဖြင့် အလွန်ပင်ကြည်နူးဝမ်းသာပီတိဖြာခဲ့ကြရသည်။

ထိုနေ့က နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ကျင်းပသော အလှူငွေများနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် **"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ စာပေအသက် ဘဝတစ်သက်"** ဟု ထက်မြက်စူးရှတန်ဖိုးရှိလှသည့် လမ်းညွှန်စကားကို ပြောကြားခဲ့ရာ စာပေပညာရှင်ကြီးများကို ဦးညွှတ်ဂုဏ်ပြုရာရောက်သလို စာပေသမိုင်းတွင်လည်း ဂုဏ်ဝင်တွင်သွားစေသည်။

**ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက ရှေးယခင်က ပြည်တော်သာစာကြည့်တိုက်များအပါအဝင် လူငယ်စာဖတ်အသင်း၊ စာကြည့်တိုက်များ များစွာရှိခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများရှိ ပြည်သူများ အသိပညာဗဟုသုတမြင့်မားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေးခြင်းကို နိုင်ငံတော်၏ထောက်ပံ့မှု၊ ဒေသခံပြည်သူများ၏ပါဝင်မှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုတို့ဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလထိ ကျေးရွာပေါင်း ၆၃၉၈၉ ရွာရှိသည့်အနက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုသို့ဖွင့်လှစ်နိုင်ခဲ့သော်လည်း မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ မပြည့်စုံမှုကြောင့် လှူဒါန်းကြရေးလှုံ့ဆော်ခဲ့ကြရာ ငွေကျပ် ၁၁ ဒသမ ၉ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိခဲ့ကြရသည်။

၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်တွင် အဆင့်တိုးမြှင့်ပြီး အလှူရှင်၊ စေတနာရှင်များပါဝင်ခဲ့ကြသော **"ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း"**ကို ပြန်ကြားရေးဝန်ကြီးဌာနက စတင်ဖွဲ့စည်းပေးခဲ့ရာ စေတနာရှင်ပြည်သူများထံမှ အလှူငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော်ရရှိခဲ့သည်။ ထိုအလှူငွေများကိုမတည်၍ အကျိုးအမြတ်များဖြင့် ဖောင်ဒေးရှင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း**

ကျေးရွာစာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ကျေးရွာစာကြည့်တိုက်များအတွက်သာ ဆောင်ရွက်နေရသဖြင့် မြို့ပေါ်ရပ်ကွက်များရှိ စာကြည့်တိုက်များအတွက်ပါ အားလုံးအကျုံးဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရေး **"ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း"** အဆင့်မှ **"မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း"** ဟု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို ဖွဲ့စည်းရာတွင် ရည်ရွယ်ချက်သုံးရပ်ချမှတ်ထားရာ-

၁။ မြန်မာနိုင်ငံတွင် လူဦးရေ(၇၀ရာခိုင်နှုန်း) နေထိုင်သည့် ကျေးလက်ဒေသပြည်သူများအနေဖြင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတများရရှိစေပြီး အသိဉာဏ်တိုးတက်လာပါက ၎င်းတို့လုပ်ကိုင်နေသည့် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်။
၂။ ယနေ့ခေတ်ကာလတွင် ဆက်သွယ်ရေးနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် သတင်းများကို ရေဒီယို၊ တီဗီ၊ လက်ကိုင်ဖုန်းများမှတစ်ဆင့် အလျင်အမြန်သိရှိလာကြရာတွင် သတင်း၏အမှန်၊ အမှားဆုံးဖြတ်နိုင်မည့်ဗဟုသုတရှိစေသည့် မီဒီယာခုခံစွမ်းအားရှိစေရန်။
၃။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်မည်ဖြစ်၍ ပြည်သူများ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရအမှန်ကိုသိရှိပြီး ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးတတ်ကြစေရန်

ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်သုံးရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းသုံးချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်-

၁။ စံ ၅ ရပ်ဖြင့်ညီညွတ်သော စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့ရန်နှင့် ဖွင့်လှစ်ထားရှိပြီးဖြစ်သော စာကြည့်တိုက်များကို စံ ၅ ရပ်နှင့်ညီစေရန်အတွက် လိုအပ်သည့်ကူညီမှုများပေးရန်။
၂။ ပြည်သူများအနေဖြင့် စာတတ်သူတိုင်း စာဖတ်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။
၃။ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ရှားမှုများ ဆောင်ရွက်ရန်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၇၁ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကို ဖေဖော်ဝါရီလကုန်ပိုင်းက စတင်၍စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၂၂၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားချက်မရှိသေးပါဘူး။ ဒါပေမဲ့ ဒေသခံတောင်သူတွေက ဈေးကွက်ရှိတဲ့ သီးနှံဖြစ်လို့ ပဲတီစိမ်းကို ဖေဖော်ဝါရီလကုန်ပိုင်းလောက်ကစပြီး စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၂၂၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီဒေသက စိုက်ပျိုးရေလဲ ဖူလုံတဲ့အပြင် စိုက်ပျိုးရေမြေလဲ မျှတကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒေသခံတောင်သူတွေကိုလဲ ပဲတီစိမ်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်း ကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲကြဖို့၊ သဘာဝမြေဩဇာနဲ့ ပိုးသတ်ဆေးတွေပြုလုပ်သုံးစွဲကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို တစ်ဧကပန်းတိုင်အထွက်နှုန်းများ ရရှိစေရန်အတွက် ရည်ရွယ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လူ့ရည်ချွန်မောင်မယ်များသို့

- လူကောင်းလူမွန် လူရည်ချွန်တို့
  ထူးချွန်အောင်ပန်း ဆင်နိုင်စေ။

- ငါးတန်ဗလ အားမာန်ပြ၍
  စွမ်းစမြင့်နန်းထည်ဝါစေ။

- လုံ့လအားသွန် စိတ်ထားမွန်ဖြင့်
  ကျေပွန်လုပ်ငန်း တွင်ပါစေ။

- ပညာပြည့်ဝ နှလုံးလှ၍
  လောကကောင်းကျိုးသယ်ပိုးစေ။

- ကောင်းဆိုးနှစ်တန် ကြောင်းကျိုးမှန်ကို
  ဝေဖန်ထောက်ရှု နိုင်ပါစေ။

- အမှန်အမှား ပညာအားဖြင့်
  ပိုင်းခြားနိုင်ကြပါစေလေ။

- တိုင်းပြည်မျက်ရှု လူငယ်ထုတို့
  ကောင်းမှုမြတ်နိုး နိုင်ကြစေ။

- ပညာတန်ဖိုး ဆင့်ဆင့်တိုး၍
  ပြည်ကျိုးဆောင်ရွက်နိုင်ကြစေ။

- လူချွန်လူကောင်း စုကာပေါင်း၍
  မနှောင်းကျိုးရွက် တိုင်းပြည်တွက်ကို
  မျိုးဆက်ဝန်တာ ကျေပွန်စွာဖြင့်
  ပညာအားသွန် လူရည်ချွန်တို့
  အားခွန်တိုးပွားကြပါစေ။ ။

**မောင်လေပြေ(တောင်တွင်း)**

➤ **စာမျက်နှာ ၄ မှ အဆက်**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ကြစေရေးအတွက် **စံ ၅ ရပ်** တစ်နည်းအားဖြင့် **"B ငါးလုံး"**သတ်မှတ်ထားရာ-

၁။ Budget = ရန်ပုံငွေကြေးရှိရမည်။
၂။ Building = အဆောက်အအုံရှိရမည်။
၃။ Books = စာအုပ်ကောင်းများရှိရမည်။
၄။ Brain = ဝန်ထမ်းများ နားလည်တတ်ကျွမ်းရမည်။
၅။ Borrowers = စာအုပ်ငှားသူ၊ စာဖတ်သူများက စည်းကမ်းတကျအားပေးရမည်။ ထိန်းသိမ်းကူညီရမည်ဟူ၍ ဖြစ်သည်။

စံ ၅ ရပ်၊ ဘီ ၅ လုံးနှင့်ညီကြမှသာလျှင် စာကြည့်တိုက်၏အင်္ဂါရပ်များနှင့်ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဖောင်ဒေးရှင်းများဖွဲ့စည်းကာ စနစ်တကျကြိုးစားလှုပ်ရှားနေခဲ့ကြသည်။ စာကြည့်တိုက်မှူးများညီလာခံများကျင်းပခဲ့ကြပြီး စာတမ်းဖတ်ပွဲများလည်း ကျင်းပခဲ့ကြသည်။

**"စာမဖတ်သူပပျောက်ရေး"**၊ **"စာတတ်သူတိုင်းစာဖတ်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ရေး"**လုပ်ငန်းစဉ်များ၊ **"စာပေရေချမ်းစင်"**လှုပ်ရှားမှုများ၊ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စဉ်ဆက်မပြတ်လှုပ်ရှားဆောင်ရွက်ခဲ့ကြရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ **"မိတ်ဖက်အဖွဲ့အစည်းများ"**မှာ သမဝါယမအသင်းများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများ၊ စာကြည့်တိုက်လုပ်ငန်းများကို စိတ်ပါဝင်စားကြသော NGO အဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းကြီးငယ်များ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြသည်။

စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် **"အား ၄ အား"**ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ စာကြည့်တိုက်ကော်မတီဝင်များ၏အား၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏အားဟူသော အား ၄ အား ဖြစ်ကြသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နိုင်ငံတော်တစ်ဝန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကို ငွေအား၊ လူအား မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့်ကျင်းပခဲ့ကြရာ အောင်မြင်မှုများရရှိခဲ့သည်။ ထိုအစဉ်အလာကောင်းကို အခိုက်အတန့်ဟန့်တားရပ်နားစေခဲ့ရာ စိတ်မချမ်းမသာဖြစ်ခဲ့ကြရသည်။

ယခုတော့ နိုင်ငံတော်၏ခေါင်းဆောင်ကြီးများ၊ တာဝန်ရှိသူများက ဦးဆောင်စေ့ဆော် လှုပ်ရှားအားပေးလာကြပြီဖြစ်ရာ နယ်စုံ၊ ထောင့်စုံ၊ ဘက်စုံ၊ ကဏ္ဍစုံမှ ညီညာဖြဖြဝိုင်းဝန်းကြိုးစားကြရန် အထူးပင်လိုအပ်လှပါသည်။

စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံ ၅ ရပ်ထဲတွင်ပါဝင်သော စာဖတ်သူ၊ စာအုပ်ငှားသူများရှိကြရန်လည်း အထူးပင်လိုအပ်လှသည်။ စာမဖတ်သူပပျောက်ရေးနှင့် စာတတ်သူတိုင်းစာဖတ်ကြစေရေးအတွက်လည်း လှုံ့ဆော်စည်းရုံးနေကြရန် လိုအပ်လှပါသည်။

"စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာမှာရပ်နေ၏။ စာဖတ်သူမှာ မရပ်။ သေမှသာ အတိုးရပ်ပေလိမ့်မည်"

**(ပီမိုးနင်း)**

"စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲ တိုးတက်နေ၏"

**(လူထုဦးလှ)**

"တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်"

**(ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်ဟောင်းဦးသန့်)**

စသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုံ့ဆော်မှုများဖြင့် ဘက်ပေါင်းစုံမှ စည်းရုံးဆော်ဩသမှုပြုပေးကြစေချင်သည်။

စာကြည့်တိုက်များတိုးပွားလာပြီး စာဖတ်သူရှားပါးနေပါက ပင်ပန်းရကျိုးမနပ်ဘဲ အချည်းနှီးဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် **"ဓမ္မဘေရီဆရာတော် အရှင်ဝိရိယ"**က-

- အပြင်မှာ အရောင်တွေလင်းနေဖို့ထက်၊ လူတိုင်းရဲ့ရင်ထဲမှာ အသိဉာဏ်တွေလင်းနေဖို့က ပိုပြီးအရေးကြီးပါတယ်။
- ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးထက် စာကြည့်တိုက်တွေ ထွန်းကားဖို့ အမြန်ကြိုးစားကြဖို့လိုတယ်။
- မီးလင်းနေပေမဲ့ အိပ်နေသူတွေအတွက် ဘာမျှအကျိုးမရှိနိုင်ဘူး။
- စာကြည့်တိုက်ဖွင့်ထားပေမဲ့ စာမဖတ်သူတွေအတွက်တော့ မှောင်မြဲမှောင်နေအုံးမှာပဲဟု သတိပေးခဲ့ခြင်းဖြစ်သည်။

ငါ့ဝမ်းပူဆာ မနေသာသောအခါ အစားအစာများကို စားသုံးကြရသကဲ့သို့ ဦးနှောက်အာဟာရမပြည့်သောအခါ စာများများဖတ်ရှုဖြည့်ဆည်းကြရသည်။ အသိဉာဏ်ဗဟုသုတတိုးပွားရင့်ကျက်ခြင်းသည် ဦးနှောက်ပြည့်ခြင်း၏ အမှတ်အသားလက္ခဏာဖြစ်သည်။ ဦးနှောက်ပြည့်အောင် စာကောင်းပေမွန်များကို များများဖတ်ရှုကြစေချင်သည်။

ထို့ကြောင့် **"ဆရာကြီးပီမိုးနင်း"**က "လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့"ဟု လမ်းညွှန်ခဲ့သည်။ သို့ဖြစ်ရာ စာအုပ်စာတမ်းအမျိုးမျိုးရှိကြသည့် ပညာဘဏ်တိုက်စာကြည့်တိုက်များသို့ သွားရောက်ဖတ်ရှုလေ့လာမှတ်သားလိုက်နာကျင့်ကြံကြသင့်သည်။

အချုပ်ဆိုရသော် **"ရုပ်လှပစေရေးအတွက် မှန်ကြည့်ကြသကဲ့သို့ ဘဝလှပစေရေးအတွက် စာကောင်းပေမွန်များကို ဖတ်ရှုကြပါ"**ဟုသာ ဆန္ဒမွန်ပြုလိုက်ရပါသည်။

## နိုင်ငံတကာ သတင်းများ

# နိုင်ဂျီးရီးယား၌ မိုးသည်းထန်စွာရွာသွန်း အကျဉ်းထောင်ပျက်စီး၍ အကျဉ်းသားများလွတ်မြောက်

**အဘူဂျာ မေ ၂၅**

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ် ဆူလီဂျာမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧပြီ ၂၄ ရက်ညပိုင်းတွင် အကျဉ်းထောင်တစ်ခုပျက်စီးခဲ့ပြီး အကျဉ်းသားအနည်းဆုံး ၁၁၈ ဦး ထွက်ပြေးလွတ်မြောက်သွားသည်။

လက်ရှိအချိန်တွင် နိုင်ဂျီးရီးယားတာဝန်ရှိသူများသည် ထွက်ပြေးလွတ်မြောက်သွားသူများကို ရှာဖွေလျက်ရှိပြီး ၁၀ဦးကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆူလီဂျာမြို့ အကျဉ်းထောင်၏လုံခြုံရေး စည်းရိုးများနှင့် အဆောက်အအုံ တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆူလီဂျာမြို့ အကျဉ်းထောင်သည် ကိုလိုနီခေတ်ကာလတွင် တည်ဆောက်ခဲ့သော အကျဉ်းထောင်ဖြစ်ပြီး အိုမင်းဟောင်းနွမ်းနေပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

မိုးရွာသွန်းမှုကြောင့် အကျဉ်းထောင်လုံခြုံရေးစည်းရိုး ပြိုကျခဲ့ရပြီးနောက် အကျဉ်းသားများသည် အကျဉ်းထောင် အစောင့်များကို လူအားဖြင့်ထိန်းချုပ်၍ ထွက်ပြေးလွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်။

အကျဉ်းသားများ လွတ်မြောက်နေမှုကြောင့် နိုင်ဂျီးရီးယားတာဝန်ရှိသူများသည် ဆူလီဂျာမြို့တွင်းနှင့် အနီးဝန်းကျင်တို့တွင် လုံခြုံရေးမြှင့်တင်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# ရုပ်အလောင်းများယွင်းပို့ဆောင်မှုအတွက် ကနေဒါနိုင်ငံကို ကျူးဘားတောင်းပန်စကားပြောကြား

**ဟာဗားနား မေ ၂၅**

ကျူးဘားနိုင်ငံ၌ အပန်းဖြေခရီးထွက်စဉ် ကွယ်လွန်ခဲ့ရသော ကနေဒါနိုင်ငံသားတစ်ဦး၏ ရုပ်အလောင်းကို ကျန်ရစ်သူမိသားစုထံ ပြန်လည်ပေးပို့ရာတွင် အခြားရုပ်အလောင်းတစ်လောင်းကို မှားယွင်းပေးပို့ခဲ့သည့်အတွက် ကျူးဘားနိုင်ငံက မေ ၂၄ ရက်တွင် ကနေဒါနိုင်ငံကို တောင်းပန်စကားပြောကြားခဲ့ကြောင်း သိရသည်။

ဖာရက်ဂျ်ဂျာဂျာ အမည်ရှိ ကနေဒါနိုင်ငံသားသည် ကျူးဘားနိုင်ငံ ဗာရာဒီရိုကမ်းခြေ၌ အပန်းဖြေနေစဉ် နှလုံးရုတ်တရက်ဖောက်မှုကြောင့် မတ် ၂၂ ရက်တွင် ကွယ်လွန်ခဲ့ရသည်။

သို့သော် ဖာရက်ဂျ်ဂျာဂျာ၏ ရုပ်အလောင်းကို ကနေဒါရှိကျန်ရစ်သူမိသားစုထံ ပြန်လည်ပေးပို့ရာတွင် ကျူးဘားတာဝန်ရှိသူများက အခြားသူတစ်ဦး၏ ရုပ်အလောင်းကို မှားယွင်းပေးပို့ခဲ့ရာ ကျန်ရစ်သူမိသားစုတုန်လှုပ်ချောက်ချား ခဲ့ရကြောင်း ကနေဒါမီဒီယာများ၏ အဆိုအရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိမိအနေဖြင့် ဧပြီ ၂၄ ရက်တွင်ကနေဒါနိုင်ငံခြားရေးဝန်ကြီးထံ ဖုန်းခေါ်ဆို၍ တောင်းပန်စကား ပြောကြားခဲ့ကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဘရူနိုရိုဒရီဂက်ဇ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရုပ်အလောင်းများယွင်းပို့ဆောင်မှုကိစ္စကိုကျူးဘားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ကျူးဘားနိုင်ငံသည် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော်လည်း ကမ္ဘာလှည့်ခရီးသွားလာရောက်မှုများသည် နိုင်ငံအဖြစ် ရပ်တည်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အမေရိကန်ကုမ္ပဏီများကို လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တရုတ်ကိုတိုက်တွန်း



**ရှန်ဟိုင်း မေ ၂၅**

တရုတ်ဈေးကွက်၌ အမေရိကန်ကုမ္ပဏီများကို လွတ်လပ်မျှတစွာ ယှဉ်ပြိုင်ခွင့်ပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က တရုတ်နိုင်ငံကို ယနေ့တွင် တိုက်တွန်းခဲ့သည်။

သုံးရက်ကြာ တရုတ်ခရီးစဉ်အတွက် ရှန်ဟိုင်းမြို့သို့ရောက်ရှိနေစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်းမြို့၌ ရှန်ဟိုင်းကွန်မြူနစ်ပါတီအကြီးအကဲ ချန်ကျိနင်နှင့် ယနေ့တွင် တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်အနေဖြင့် တရုတ်နိုင်ငံ၏ကုန်သွယ်ရေးမူဝါဒများ၊ဈေးကွက်စီးပွားရေးမဆန်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့နည်းတူ တရုတ်ဈေးကွက်အတွင်းရှိနေသော အမေရိကန်ကုမ္ပဏီများနှင့် ဝန်ထမ်းများကို တရားမျှတစွာ ယှဉ်ပြိုင်ခွင့်ပေးရန်လည်း ရှန်ဟိုင်းကွန်မြူနစ်ပါတီအကြီးအကဲနှင့်တွေ့ဆုံစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က တိုက်တွန်းခဲ့သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် တရုတ်ဈေးကွက်၌ အမေရိကန်ကုမ္ပဏီများလုပ်ငန်းလည်ပတ်နေရမှုပုံစံ၊ တရုတ်ပို့ကုန်များကိစ္စနှင့် ကုန်ထုတ်စွမ်းအားတို့နှင့် ပတ်သက်ပြီး အမြင်များကွဲပြားလျက်ရှိသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် ဧပြီ ၂၆ ရက်တွင် ပေကျင်းမြို့သို့ သွားရောက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များပေးပို့မှုကြောင့် စစ်ပွဲရလဒ်ပြောင်းလိမ့်မည်မဟုတ်ဟု ရုရှားအစိုးရပြောကြား

**မော်စကို မေ ၂၅**

ယူကရိန်းအတွက် အမေရိကန်ကြည်းတပ် နည်းဗျူဟာမြောက် တာဝေးပစ်ဒုံးကျည်များ ဖြည့်ဆည်းပေးခြင်းကြောင့် စစ်ပွဲ၏ရလဒ်ပြောင်းလဲသွားမည်မဟုတ်ကြောင်း ရုရှားအစိုးရက ယနေ့တွင် သတိပေးလိုက်သည်။

အမေရိကန်အစိုးရသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အမေရိကန်ကြည်းတပ်နည်းဗျူဟာမြောက် တာဝေးပစ်ဒုံးကျည်များကို ယူကရိန်းနိုင်ငံသို့ လျှို့ဝှက်ပို့ဆောင်ပေးထားသည်။

သို့သော် အဆိုပါတာဝေးပစ်ဒုံးကျည်စနစ်များကို ယူကရိန်းသို့ ပေးပို့ကူညီမှုကြောင့် စစ်ပွဲ၏ရလဒ် ပြောင်းလဲသွားလိမ့်မည် မဟုတ်ကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံက ပေးပို့ကူညီထားသည့် ဒုံးကျည်များကြောင့် ယူကရိန်းနိုင်ငံသည်သာ ပို၍ဒုက္ခကြုံရလိမ့်မည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က သတိပေးခဲ့သည်။

အမေရိကန်အစိုးရက လျှို့ဝှက်ပေးပို့ထားသည့် တာဝေးပစ်ဒုံးကျည်များသည် အကွာအဝေးကီလိုမီတာ ၃၀၀ ထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

ယူကရိန်း စစ်ဘက်အနေဖြင့် ရုရှားနိုင်ငံကို တိုက်ခိုက်ရေးအတွက် အဆိုပါဒုံးကျည် အမျိုးအစားကို ဧပြီ ၁၇ ရက်တွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဟူသီအုပ်စုမောင်းသူမဲ့လေယာဉ်နှစ်စင်းကို ဂရိရေတပ်ဖရီးဂိတ်စစ်သင်္ဘော ကြားဖြတ်ဟန့်တား

**အေသင် မေ ၂၅**

ဥရောပသမဂ္ဂ၏ ပင်လယ်နီရေကြောင်းလမ်း လုံခြုံရေးရေတပ်လှုပ်ရှားမှုတွင်ပါဝင်နေသည့် ဂရိရေတပ် စစ်သင်္ဘောတစ်စီးသည် ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုလွှတ်တင်ခဲ့သည့် မောင်းသူမဲ့လေယာဉ်နှစ်စင်းကို ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း ဂရိကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂရိရေတပ်မှ ဟိုက်ဒရာအမည်ရှိ ဖရီးဂိတ်စစ်သင်္ဘောသည် ဟူသီသူပုန်များစေလွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်နှစ်စင်းကို ဟန့်တားပစ်ချခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အေဒင်ပင်လယ်ကွေ့ ရေပြင်အတွင်း အရပ်ဘက်ကုန်တင်သင်္ဘောတစ်စီးကို အစောင့်လိုက်ပေးနေစဉ် ဂရိရေတပ်စစ်သင်္ဘောက ဟူသီသူပုန်များ၏ မောင်းသူမဲ့လေယာဉ်များကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဂရိနိုင်ငံသည် ဥရောပသမဂ္ဂ၏ ပင်လယ်နီ ရေလမ်းကြောင်းများ လုံခြုံရေးမစ်ရှင်အတွက် ဟိုက်ဒရာဖရီးဂိတ်စစ်သင်္ဘောကို စေလွှတ်ပေးထားခြင်းဖြစ်သည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် ပင်လယ်နီ နိုင်ငံတကာရေလမ်းကြောင်းများကို ယီမင်အခြေစိုက် အီရန် ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုက စတင်တိုက်ခိုက်ခဲ့သည်။


ဥရောပသမဂ္ဂသည် ပင်လယ်နီရေလမ်းကြောင်းများ လုံခြုံရေးမစ်ရှင်ကို ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်ကို ဂြိုဟ်ရံလသဖွယ်လှည့်ပတ်နေသော ကာမိုအိုလီဝါဂြိုဟ်သိမ်ငယ်က ကမ္ဘာမြေ၏ဂြိုဟ်ရံလမှ ပဲ့ထွက်လာသည့် အစိတ်အပိုင်းတစ်ခုဖြစ်နိုင်



**ပဲရစ် မေ ၂၅**

ကမ္ဘာဂြိုဟ်ကို ဂြိုဟ်ရံလသဖွယ်လှည့်ပတ်နေသော ကာမိုအိုလီဝါ အမည်ရှိ ဂြိုဟ်သိမ်ငယ်သည် အမှန်တကယ်ပင် ကမ္ဘာမြေ၏ဂြိုဟ်ရံလမှ ပဲ့ထွက်လာသည့် အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ကြောင်း မေ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဂြိုဟ်သိမ်သည် လွန်ခဲ့သည့် နှစ်ပေါင်းတစ်သန်းနှင့် ၁၀ သန်းကြား ကာလအတွင်း ဂြိုဟ်ရံလကို ဂြိုဟ်သိမ်တစ်စင်းဝင်တိုက်ခဲ့ပြီးနောက် ပဲ့ထွက်လာခဲ့ခြင်းဖြစ်နိုင်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းနှင့် ၁၀ သန်းကြားကာလအတွင်း ဂြိုဟ်ရံလပေါ်သို့ ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် လမျက်နှာပြင်ပေါ်၌ အချင်း ၁၃ ဒသမ ၇ မိုင်ရှိ ဥက္ကာချိုင့်ဝှမ်းတစ်ခုပေါ်ထွက်လာကြောင်း ပြင်သစ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ကာမိုအိုလီဝါ ဂြိုဟ်သိမ်သည် အချင်းအားဖြင့် ၁၃၁ နှင့် ၃၂၈ ပေကြားတွင်ရှိကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်ကို ဟာဝိုင်ရီ ကျွန်းအခြေစိုက် ပင်-စတားစ်-၁ ရေဒီယိုတယ်လီစကုပ်ဖြင့် ၂၀၁၆ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## တီယန်ကောင်းအာကာသစခန်း၌ ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး အာကာသယာဉ်မှူးများအတွက် အာကာသအမှိုက်ကာကွယ်ရေးအစီအစဉ်များ မြှင့်တင်မည်

**ပေကျင်း မေ ၂၅**

အာကာသအမှိုက်ဝင်တိုက်မှုကြောင့် တီယန်ကောင်းအာကာသစခန်း၌ ထိခိုက်ပျက်စီးမှုတစ်ရပ်ရှိခဲ့ပြီးနောက် အာကာသယာဉ်မှူးများအတွက် အာကာသအမှိုက်ကာကွယ်ရေးအစီအစဉ်များ မြှင့်တင်မည်ဖြစ်ကြောင်း မေ ၂၄ ရက် သတင်းများအရ သိရသည်။

အာကာသအမှိုက်ဝင်တိုက်မှုကြောင့် တီယန်ကောင်းအာကာသစခန်းယာဉ်၏ နေစွမ်းအင်ပြားတစ်ခု ထိခိုက်ပျက်စီးခဲ့ရပြီး အာကာသစခန်းပေါ်၌ တစ်စိတ်တစ်ပိုင်း ဓာတ်အားပြတ်တောက်မှုဖြစ်ခဲ့ရကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

တီယန်ကောင်း အာကာသစခန်းကို အာကာသအမှိုက်ထိမှန်ခဲ့သည့်အချိန်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

သို့ရာတွင် အာကာသအမှိုက်ကြောင့် နေစွမ်းအင်ပြားပျက်စီးမှုကို ရှန်ကျိုး-၁၂ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းပြင်ပသို့ နှစ်ကြိမ်ထွက်ခွာခဲ့စဉ်အတွင်း ပြင်ဆင်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ အာကာသအမှိုက်ဝင်တိုက်မှုပြဿနာကို ကာကွယ်ရေးအတွက် လိုအပ်သည့်အစီအမံများ တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း အထက်ပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



တီယန်ကောင်း အာကာသစခန်းကို ဝင်တိုက်ခဲ့သည့်အရာမှာ အသေးစားဥက္ကာခဲတစ်ခု ဟုတ်၊ မဟုတ်နှင့် အာကာသယာဉ်အစိတ်အပိုင်းငယ်တစ်ခု ဟုတ်၊ မဟုတ် မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO`**

## SLIM လဆင်းယာဉ်က တတိယမြောက် လကမ္ဘာညကာလကို ထပ်မံကျော်ဖြတ်နိုင်ခဲ့

**တိုကျို မေ ၂၅**

ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် တတိယမြောက် လကမ္ဘာညကာလကို အောင်မြင်စွာ ထပ်မံကျော်ဖြတ်နိုင်ခဲ့ကြောင်း မေ ၂၄ ရက်သတင်းများအရ သိရသည်။



SLIM လဆင်းယာဉ် လကမ္ဘာညကာလ အအေးဒဏ်ကို ခံနိုင်ရည်ရှိရန် ရည်ရွယ်တည်ဆောက်ထားသည့် လဆင်းယာဉ်မျိုးမဟုတ်ပေ။

ညကာလများတွင် လမျက်နှာပြင်၏အပူချိန်သည် အနုတ် ၂၇၄ ဒီဂရီဖယ်ရင်ဟိုက်ထိ ကျဆင်းသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် SLIM လဆင်းယာဉ်သည် မေ ၂၃ ရက်က လကမ္ဘာညကာလကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီးနောက် ပြန်လည်နိုးထလာပြီဖြစ်ကြောင်း ဂျပန် အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပြန်လည်နိုးထလာသည့် SLIM လဆင်းယာဉ်သည် လမျက်နှာပြင် ဓာတ်ပုံတစ်ပုံကိုရိုက်ကူး၍ ကမ္ဘာမြေသို့ ပြန်လည်ပေးပို့ထားကြောင်း ဂျပန်အာကာသအေဂျင်စီ၏အဆိုအရ သိရသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# H E A L T H

## သွေးဖိအားကို ပုံမှန်ထိန်းထားခြင်းဖြင့် Uterine Fibroids ပြဿနာကို ကာကွယ်နိုင်

**နယူးယောက် မေ ၂၅**

သွေးဖိအားကို ပုံမှန်ထိန်းထားခြင်းဖြင့် သားအိမ်၌ တစ်ရှူးအပိုများ ထွက်ပေါ်မှုပြဿနာ (Uterine Fibroids) ကို ကာကွယ်နိုင်သည်ဟု သုတေသန ပညာရှင်များက မေ ၂၄ ရက်တွင် ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးဖိအားအဆင့်ကို ဆေးဝါးများဖြင့် ထိန်းထားသည့် သက်လတ်ပိုင်း အမျိုးသမီးများတွင် Uterine Fibroids ပြဿနာ ပေါ်လာနိုင်ခြေ ၃၇ ရာခိုင်နှုန်း နည်းပါးနေတတ်ကြောင်း သိရသည်။

သို့ရာတွင် သွေးဖိအားပုံမှန်ထက် မြင့်တက်နေတတ်သော သက်လတ်ပိုင်း အမျိုးသမီးများတွင် Uterine Fibroids ပြဿနာ ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် ၄၅ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီးဦးရေ ၂၅၇၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Uterine Fibroids ပြဿနာသည် အသက် ၅၀ အရွယ်တွင် အမျိုးသမီး ၈၀ ရာခိုင်နှုန်းရင်ဆိုင်ရတတ်သည့် ပြဿနာဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Ozempic ကိုယ်အလေးချိန်လျှော့ချရေးဆေးက အရက်သောက်လိုစိတ်ကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၂၅**

Ozempic ကိုယ်အလေးချိန်လျှော့ချရေးဆေးသည် ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချပေးနိုင်သကဲ့သို့ အရက်သောက်လိုစိတ်ကိုလည်း လျှော့ချပေးနိုင်ကြောင်း မေ ၂၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Ozempic ဆေးတွင် ပါဝင်သည့် Semaglutide ခေါ် ဓာတုပစ္စည်းသည် အရက်သေစာစွဲလမ်းမှုနှင့် အရက်သောက်သုံးမှုတို့ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ozempic ဆေးသည် ဗိုက်ပြည့်နေပြီဖြစ်ကြောင်း ဦးနှောက်ကို အသိပေးတတ်သည့် GLP-1 ခေါ် ဟော်မုန်းတစ်မျိုး၏ အလုပ်ကို တုပဖန်တီးခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားထားသည်။

သို့ရာတွင် ၎င်းဆေးသည် အရက်သေစာစွဲလမ်းမှုကဲ့သို့အခြားစွဲလမ်းမှုပုံစံများကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ကြွက်များတွင် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုများအရ Ozempic ဆေးသည် အရက်သောက်လိုစိတ်ကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့နည်းတူ ကိုယ်အလေးချိန်လျှော့ချရေးအတွက် Ozempic ကုထုံးရယူထားသည့် လူနာများတွင်လည်း အရက်သေစာသောက်သုံးလိုစိတ် လျော့ပါးသွားတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**






# ပရီးမီးယားလိဂ် ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်များ

ML

**ဝက်စ်ဟမ်း Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၂၇-၄-၂၀၂၄ (ည ၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဗာပူး ၅ - ၁ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | – | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| လီဗာပူး | – | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |

ဝက်စ်ဟမ်းအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် လေးပွဲဆက်နိုင်ပွဲပျောက်ခဲ့ပြီး ဥရောပဝင်ခွင့်ရဖို့မျှော်လင့်ချက်နည်းပါးခဲ့ပါတယ်။လီဗာပူးကလဲ ကြားရက်ကအဲဗာတန်နဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့တာကြောင့် အခုပွဲကိုအနိုင်ရမှသာ ဆုဖလားရဖို့အခွင့်အရေးပြန်ရနိုင်မှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူးပဲအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၁ – ၂ လီဗာပူး**

**ဖူလ်ဟမ် Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၂၇-၄-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၀ – ၀ ဖူလ်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |
| ပဲလေ့စ် | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ဖူလ်ဟမ်အသင်းဟာ တိုက်စစ်ကစားပုံထက်မြက်နေပေမဲ့ ခံစစ်ပိုင်းအားနည်းနေလို့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ ခြောက်ဂိုးထိ ခွင့်ပြုခဲ့ရပါတယ်။ ပဲလေ့စ်အနေနဲ့ နောက်ပိုင်းမှာ ကစားပုံတည်ငြိမ်လာတာကြောင့် ရလဒ်တွေကောင်းမွန်နေပါတယ်။ ဒါကြောင့် ခြေရည်တူနှစ်သင်းတွေ့နေပေမဲ့ ခြေစွမ်းပိုင်းထက်မြက်လာတဲ့ ပဲလေ့စ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖူလ်ဟမ် ၀ – ၁ ပဲလေ့စ်**

# အီတလီစီးရီးအေ ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်

ML

**လက်ချီ Vs မွန်ဇာ**

**ကစားမည့်ရက်/အချိန် ၂၇-၄-၂၀၂၄ (ည ၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မွန်ဇာ ၁ – ၁ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ချီ | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| မွန်ဇာ | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

လက်ချီအသင်းဟာ နောက်ပိုင်းမှာ ခံစစ်ကစားပုံကောင်းမွန်လာခဲ့တာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ မွန်ဇာအသင်းအနေနဲ့အခုလထဲကစားခဲ့တဲ့ပွဲတွေမှာ ကစားပုံကျဆင်းသွားခဲ့လို့ နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအရ လက်ချီကိုပဲရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လက်ချီ ၂ – ၁ မွန်ဇာ**

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် နည်းပြဇာဗီသည် လာမည့်နှစ်ဘောလုံးရာသီတွင် အသင်း၌ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီပရိုလိဂ်က စိတ်ဝင်စားနေသည့် တိုက်စစ်မှူးစတားလင်းကို ရောင်းချရန်အသင့်ရှိဟု ချဲလ်ဆီးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအရောက်တွင် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်အချို့ကို အမေရိကန်နိုင်ငံတွင်ကစားနိုင်ရန် စီစဉ်ထားကြောင်း လာလီဂါဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တီဗက်စ်က အတည်ပြုပြောကြားခဲ့သည်။

ML

# ဖီအိုရင်တီးနားကိုဂိုးပြတ်အနိုင်ရခဲ့သည့် အတ္တလန်တာအသင်း ကိုပါအီတာလီယာဖလားဗိုလ်လုပွဲတက်ရောက်



**ရောမ ဧပြီ ၂၅**

ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်၌ အတ္တလန်တာအသင်းက ဖီအိုရင်တီးနားအသင်းကို လေးဂိုး တစ်ဂိုးဖြင့်ဂိုးပြတ်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းသည် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့ပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းကို တစ်ယောက်အသာဖြင့်ကစားနိုင်ခဲ့ကာ လေးဂိုး တစ်ဂိုးဖြင့်အနိုင်ယူပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် အတ္တလန်တာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဆင်မှုများပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ရှစ်မိနစ်တွင် ကူမီနာ၏ သွင်းဂိုးဖြင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဖီအိုရင်တီးနားအသင်းမှ ခံစစ်ကစားသမား မီလင်ကိုဗစ် အနီကတ်ဖြင့်ထွက်ခွာခဲ့ရသော်လည်း ပွဲချိန် ၆၈ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် အတ္တလန်တာအသင်းအခက်တွေ့ခဲ့ရပြီး ပွဲချိန် မိနစ် ၇၀ လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၇၅ မိနစ်တွင် စကာမက်ကာ၊ပွဲချိန် မိနစ် ၉၀ တွင် လွတ်မန်း၊ပါဆာလစ်တို့က ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ အတ္တလန်တာအသင်းသည် (၁၆)သင်းအဆင့်တွင် ဆက်ဆူအိုလိုအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် အေစီမီလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဖီအိုရင်တီးနားအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီနောက်ပိုင်း ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပြင်သစ်ဘောလုံးသမိုင်းတွင် ကလပ်အသင်းတစ်သင်းတည်း၌ ဂိုးအများဆုံးသွင်းယူနိုင်သည့်ကစားသမားအဖြစ် အမ်ဘက်ပီ မှတ်တမ်းဝင်

**ပဲရစ် ဧပြီ ၂၅**

ပီအက်စ်ဂျီအသင်းက လိုရီယန့်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပြင်သစ်လီဂူးအမှတ်ပေးပြိုင်ပွဲ၌ တိုက်စစ်မှူး အမ်ဘက်ပီက အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကလပ်အသင်းတစ်သင်းတည်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အမ်ဘက်ပီသည် ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ သွင်းဂိုး ၂၅၅ ဂိုးထိသွင်းယူနိုင်ခဲ့သဖြင့် ပြင်သစ်ဘောလုံးသမိုင်းတွင် အော့ဗေးအသင်းနှင့် သွင်းဂိုး ၂၅၃ ဂိုးသွင်းယူထားသည့် တိုက်စစ်မှူးဟောင်း ကော့တ္တိုက်၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်၍ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဘာကိုလာ၊ မာကွင်ဟို၊ ဟာကီမီ၊ ဗီတင်ဟာ၊ဂိုင်ရီအမ်မရီတို့ပါဝင်နိုင်ခြင်းမရှိသော်လည်း အသင်းအနေဖြင့် ခြေစွမ်းပိုင်းအသာကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၉ မိနစ် နှင့် မိနစ် ၆၀ တွင် ဒမ်ဘီလီ၊ ပွဲချိန် ၂၂ မိနစ်နှင့် မိနစ် ၉၀ တွင်အမ်ဘက်ပီတို့က အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ကာ လိုရီယန့်အသင်းက ပွဲချိန် ၇၃ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာသွင်းယူနိုင်ခဲ့သောကြောင့် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၀)အပြီးတွင် ရမှတ် ၆၉ မှတ်ထိရရှိခဲ့ပြီး ဒုတိယနေရာမှ မိုနာကိုအသင်းကို ရမှတ် ၁၁ မှတ် ဖြတ်တောက်နိုင်ခဲ့သဖြင့် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန်နီးစပ်နေသော်လည်း လက်ကျန်ပွဲ ရှစ်ပွဲအလိုတွင် ရလဒ်ကောင်းဆက်လက် ထိန်းသိမ်းနိုင်မှသာ ဆုဖလား ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# WBA(Super)၊ WBC၊ IBF၊ WBO ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ခရောဖို့ဒ်နှင့် မာဒရီမိုဗ်တို့ ထိုးသတ်မည်

**ဝါရှင်တန် ဧပြီ ၂၅**

WBA(Super)၊ WBC၊ IBF၊ WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်သည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဥဇဘက်ကစ္စတန် လက်ဝှေ့သမား မာဒရီမိုဗ်နှင့် ဩဂုတ် ၃ ရက်တွင် ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ခရောဖို့ဒ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ခရောဖို့ဒ်သည် လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၄၀ ထိထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး မာဒရီမိုဗ်သည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၁ ပွဲထိထိုးသတ်ထားပြီး ၁၀ ပွဲထိအနိုင်ရရှိကာ တစ်ပွဲသရေရလဒ်ရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ခရောဖို့ဒ်သည် အဲရိုလ်စပန့်ကိုအနိုင်ရရှိကာ ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ခဲ့သူဖြစ်ပြီး စိန်ခေါ်သူအမြောက်အမြားရှိခဲ့သော်လည်း မာဒရီမိုဗ်၏စိန်ခေါ်မှုကိုသာ လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ခရောဖို့ဒ်က "ကျွန်တော့်ရဲ့ ပြိုင်ဘက်ကင်း ချန်ပီယံဆုကို ကာကွယ်ဖို့အတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ကျွန်တော့်ရဲ့ ကမ္ဘာ့ပြိုင်ဘက်ကင်း ချန်ပီယံဆုကို ရအောင် ကာကွယ်သွားပါမယ်။ ကျွန်တော်ဟာ ဝယ်သာဝိတ်တန်းရဲ့ ကမ္ဘာ့အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်တယ်ဆိုတာကိုသက်သေပြသွားပါမယ်။ အဲရိုလ်စပန့်နဲ့တုန်းကလဲ ကျွန်တော့်အနေနဲ့အကောင်းဆုံးသက်သေပြခဲ့ပါတယ်။ မာဒရီမိုဗ်သည် ဖျော်ဖြေမှုအပြည့်အဝပေးနိုင်တဲ့ လက်ဝှေ့သမားတစ်ဦးပါ။ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်တဲ့အတွက် သူ့ရဲ့စိန်ခေါ်မှုကို ကျွန်တော်လက်ခံခဲ့တာဖြစ်ပါတယ်။ ခရောဖို့ဒ်ရဲ့ ခေတ်ဖြစ်တယ်ဆိုတာကိုသက်သေပြသွားမယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# MNL League Cup 2024ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များ ယှဉ်ပြိုင်ကစား




**ရန်ကုန် ဧပြီ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MNL League Cup 2024 ပြိုင်ပွဲကို ယနေ့တွင်ပြန်လည်ကျင်းပခဲ့ကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် ရန်နိုင်ဦး၊ ပွဲချိန် ၄၅ မိနစ်တွင် ဇင်ကိုထက်နှင့် ပွဲချိန် ၇၂ မိနစ်တွင် ညဏ်လင်းထက်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် မဟာယူနိုက်တက်အသင်းနှင့် University အသင်းတို့ပွဲစဉ်တွင် မဟာယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်နှင့် ၅၆ မိနစ်တွင် အယ်လာအီဒူဘတ်၊ပွဲချိန် ခုနစ်မိနစ်တွင် ကျော်စွာမင်း၊ ပွဲချိန် ၄၄ မိနစ်တွင် အောင်လှိုင်ဝင်းနှင့်ပွဲချိန် ၇၆ မိနစ်တွင်ခန့်ဇင်ဟိန်းတို့ကသွင်းယူပေးနိုင်ခဲ့ပြီး Universityအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် မျိုးမြင့်အောင်နှင့် ပွဲချိန် ၇၇ မိနစ်တွင် အောင်မြင့် မြတ်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်များကိုလာမည့် ဧပြီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရိုန်းဘိုးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပမည့်ရက် ထုတ်ပြန်ကြေညာ

**လန်ဒန် ဧပြီ ၂၅**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပမည့်ရက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်ကစတင်ခဲ့ပြီး လာမည့် မေ ၁၁ ရက်တွင် အဆုံးသတ်မည်ဖြစ်ကာ လက်ရှိအချိန်တွင် ပွဲစဉ်(၃၄)ထိရှိနေပြီဖြစ်ပြီး ရာသီပြီးဆုံးရန်မှာလည်း ပွဲစဉ်အနည်းငယ်သာ ကျန်ရှိတော့မည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပမည့်ရက်ကိုထုတ်ပြန်ခဲ့ရာ ယခုနှစ်ဘောလုံးရာသီထက် ငါးရက်နောက်ဆုတ်ကာ ကျင်းပသွားမည်ဖြစ်ပြီး ပရီးမီးယားလိဂ်ပွဲစဉ်(၁)ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် စတင် ကျင်းပသွားမည်ဖြစ်ကာ နောက်ဆုံးရာသီပိတ်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၃၈)ကို ၂၀၂၅ ခုနှစ် ငွေနှစ်လ တွင် အဆုံးသတ်မည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီပြီးဆုံးရန်နီးကပ်လာသည့်အချိန်ထိ ချန်ပီယံဆုအတွက် အာဆင်နယ်အသင်း၊ လီဗာပူးအသင်းနှင့်မန်စီးတီးအသင်းတို့က အားပြိုင်နေရပြီး ဥရောပဝင်ခွင့်အတွက် သေချာသည့်ရလဒ်ထွက်ပေါ်ခြင်းမရှိသေးဘဲ နောက်ဆုံးပွဲစဉ်ထိအားပြိုင်ရဖွယ်ရှိနေသည်။

အလားတူ တန်းဆင်းဇုန်အတွက်လည်း ရှက်ဖီးလ်ယူနိုက်တက်အသင်းကတန်းဆင်းရရန် သေချာနေခဲ့ပြီး နော့တင်ဟမ်အသင်း၊ လူတန်အသင်းနှင့် ဘန်လေအသင်းတို့မှာ လက်ရှိအချိန်ထိ အားပြိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Madrid Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အိုဆာကာတက်ရောက်



**မက်ဒရစ် ဧပြီ ၂၅**

ဂျပန်တင်းနစ်မယ် အိုဆာကာသည် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Madrid Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံတင်းနစ်မယ် မင်နန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အိုဆာကာက (၆-၄၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုဆာကာသည် မီးဖွားပြီးနောက်ပိုင်း ပုံစံကောင်းရရှိရန် ရုန်းကန်နေခဲ့ရပြီး ၂၀၂၁ ခုနှစ် နောက်ပိုင်းမြေစေးကွင်းတွင် ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် အမိကဆုဖလားလေးလုံးထိ ဆွတ်ခူးခဲ့ဖူးသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ပထမပွဲငယ်တွင် မင်နန်ကို အနိုင်ရရှိရေးအတွက် ခက်ခဲခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

အိုဆာကာက "မြေစေးကွင်းဖြစ်တဲ့အတွက် ကစားရတာတော်တော်လေးခက်ခဲခဲ့ပါတယ်။ တင်းနစ်ပြိုင်ပွဲတွေနဲ့ ကာလရှည်လွဲချော်နေရတဲ့အနေအထားမှာ အခုလို အကောင်းဆုံး ကစားထားနိုင်တဲ့ အခြေအနေကို အားရကျေနပ်မိပါတယ်။ မြေစေးကွင်းတွေမှာ အများကြီးကစားခဲ့ဖူးပါတယ်။ ဒီတစ်ကြိမ်ကတော့ တော်တော်လေးကောင်းအောင်ကစားနိုင်ခဲ့ပါတယ်။ကလေးမွေးပြီးနောက်ပိုင်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေမှာ အကောင်းဆုံး မကစားနိုင်ခဲ့ပါဘူး။ အခုတော့ တော်တော်လေးအဆင်ပြေခဲ့တယ်။ စဝီယာတက်ခ်တို့လို ပုံစံမျိုးကစားနိုင်ဖို့မမျှော်လင့်ပါဘူး။ ဒါပေမဲ့ သူ့လောက်နီးပါး ကစားနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်မအနေနဲ့ ဒီပွဲစဉ်မှာ လက်ပြန်ရိုက်ချက်တွေ တော်တော်လေးအဆင်ပြေခဲ့တယ်။ ဒီလောက်ထိကောင်းအောင် ကစားနိုင်မယ်လို့ မမျှော်လင့်ထားပါဘူး။ မင်နန်အနေနဲ့လဲ ကျွန်မရဲ့ရိုက်ချက်တွေကိုအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပါတယ်။ အနိုင်ရဖို့အတွက် လုံလောက်တဲ့စွမ်းဆောင်ရည်တွေပြသနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

အိုဆာကာသည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၃၃) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို Vs ဘီလ်ဘာအို**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၃ – ၀ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ဘီလ်ဘာအို** | – | **အိမ်(သရေ)** | **အိမ်(သရေ)** | **အိမ်(သရေ)** |

အခုပွဲစဉ်မှာအနိုင်ရရှိမယ်ဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်အခြေအနေကောင်းသွားမှာဖြစ်လို့အမှားခံမှာမဟုတ်ပါဘူး။အေတီကိုအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးနိမ့်ခဲ့လို့ အိမ်ကွင်းမှာတော့နိုင်ပွဲပြန်လည်ရယူမှာပါ။ ဘီလ်ဘာအိုအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ အေတီကိုအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၂ – ၁ ဘီလ်ဘာအို**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ Vs လီဟာဗေး**

**ကစားမည့်ရက်/အချိန် ၂၈-၄-၂၀၂၄ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဟာဗေး ၀ – ၂ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပီအက်စ်ဂျီ** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **လီဟာဗေး** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

အခုပွဲစဉ်ကိုအနိုင်ရရင် ချန်ပီယံဆုဆွတ်ခူးနိုင်မှာဖြစ်တဲ့ ပီအက်စ်ဂျီအသင်းဟာ အမှားခံမှာမဟုတ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ လီဟာဗေးအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ပီအက်စ်ဂျီ ၃ – ၀ လီဟာဗေး**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုက်ပ်ဇစ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၂၇-၄-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၂ – ၃ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ဒေါ့မွန်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားပြိုင်နေရတဲ့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုက အကြိတ်အနယ်ရှိလာမှာပါ။ လိုက်ပ်ဇစ်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားသလို ဒေါ့မွန်အသင်းကလဲ ရလဒ်ကောင်းတွေဆက်တိုက်ရယူထားပါတယ်။ ဒါကြောင့် ဒီနှစ်သင်းကြား ခြေစွမ်းပိုင်းကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်ရှိတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၃ – ၂ ဒေါ့မွန်**

**လေဗာကူဆင် Vs စတုဂတ်**

**ကစားမည့်ရက်/အချိန် ၂၇-၄-၂၀၂၄ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၃ – ၂ စတုဂတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လေဗာကူဆင်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **ဝေး(သရေ)** |
| **စတုဂတ်** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |

လေဗာကူဆင်အသင်းဟာ ချန်ပီယံဆုဆွတ်ခူးထားလို့ ရမှတ်လိုအပ်ချက်မရှိတော့ပေမဲ့ ခြေစွမ်းပိုင်းကတော့ ကောင်းမွန်နေဆဲပါ။ စတုဂတ်အသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ လေဗာကူဆင်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – လေဗာကူဆင် ၂ – ၁ စတုဂတ်**

# ယူကရိန်းဝေဟင်ကို လွှမ်းမိုးထိန်းချုပ်လာသော ရုရှားနိုင်ငံ

လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အသည်းအသန် လိုအပ်လျက်ရှိသည်။ အမေရိကန်နှင့် ဥရောပတို့မှ ယခင်လွှဲပြောင်းပေးထားသည့် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ဖျက်ဆီးခံရသည့်အပြင် ဒုံးကျည်များကိုကြားဖြတ်တိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်များလည်း ကင်းမဲ့လာလျက်ရှိသည်။

လက်ရှိအချိန်တွင် NATO အဖွဲ့သည် အစားထိုးဒုံးကျည်များနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် အပိုအစိတ်အပိုင်းများ ရှာဖွေရလျက်ရှိသည်။ အခြားသောဥရောပနိုင်ငံများနှင့်အတူ ဂျာမနီနိုင်ငံကလည်း ယူကရိန်းနိုင်ငံတွင် Patriot စနစ်များအတွက် ကြားဖြတ်ဒုံးကျည်များ ထပ်မံရရှိနိုင်တော့မည်မဟုတ်ကြောင်း ပြောဆိုလျက်ရှိသည်။ ထိုအတောအတွင်း နော်ဝေနိုင်ငံက NASAMS များ ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း ကတိပြုထားသော်လည်း တည်ဆောက်သွားရဦးမည်ဖြစ်သည်။ ဥရောပနိုင်ငံများသည် ယူကရိန်းနိုင်ငံသို့ IRIS-T ဒုံးကျည်အမြောက်အမြား လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပြီး ၂၀၂၅ ခုနှစ်ထိ အသစ်များ ထပ်မံရရှိတော့မည်မဟုတ်ချေ။

လက်ရှိအချိန်တွင် အမေရိကန်က ၎င်းတို့အနေဖြင့် ယူကရိန်းသို့ယခင်လွှဲပြောင်းပေးထားသည့် HAWK လေကြောင်းရန် ကာကွယ်ရေးစနစ်များ ထိန်းသိမ်းပြုပြင်ရန် အရေးပေါ်ရောင်းချငွေမှ အမေရိကန်ဒေါ်လာ ၁၃၈ သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အရေးပေါ်ရောင်းချငွေဆိုသည်မှာ ယူကရိန်းနိုင်ငံအနေဖြင့် လက်နက်အရောင်းအဝယ်ကိစ္စအတွက် ပြန်လည်ပေးဆပ်ရန် အလားအလာနည်းပါးသည့် ချေးငွေတစ်မျိုးပင်ဖြစ်သည်။ နောက်ဆုံးတွင် ယူကရိန်းနိုင်ငံသို့ပံ့ပိုးမည့် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံမှ ခုနိမ်သွားမည်ဖြစ်ပြီး ၎င်းပံ့ပိုးငွေသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို စောင့်ဆိုင်းနေရဆဲပင်ဖြစ်သည်။

ယူကရိန်းနိုင်ငံသည် Improved HAWK Phase III ဒုံးကျည် ပိုင်ဆိုင်ထားရှိသဖြင့် အမေရိကန်သည် I-HAWK ဒုံးကျည်စနစ်အတွက် တရုတ်(တိုင်ပေ)နှင့် အစ္စရေးနိုင်ငံတို့ကို ချဉ်းကပ်ခဲ့သည်။ တရုတ်(တိုင်ပေ)သည် ၎င်း၏ HAWKS များကို တစ်စစီဖြုတ်ရောင်းရန် ဆုံးဖြတ်ခဲ့သည်။ အစ္စရေးနိုင်ငံက ၎င်း၏ HAWKS သည် ပြုပြင်ထားခြင်းဖြစ်ပြီး အသုံးပြုနိုင်သည့်အခြေအနေ မရှိတော့ကြောင်း ပြောကြားခဲ့သည်။ စပိန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ ၎င်း၏ HAWK Phase III စနစ်ကို ပထမဆုံးပံ့ပိုးခဲ့ပြီးနောက်ပိုင်းတွင် စနစ်ခြောက်ခု ထပ်မံပံ့ပိုးပေးသွားရန် ကတိပြုခဲ့သည်။

ယူကရိန်းနိုင်ငံသို့ပေးပို့ခဲ့သည့် စပိန် HAWKS များသည် တိုက်ခိုက်ဖျက်ဆီးခံရပြီး အများစုမှာလည်း လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိတော့ပေ။ ထို့ကြောင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယူကရိန်းနိုင်ငံသို့ ပြုပြင်စရိတ်အရေးပေါ်ရန်ပုံငွေ၊ ဒုံးကျည်အစိတ်အပိုင်းများနှင့် ဒုံးကျည်များပေးပို့သွားရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

HAWK သည် တစ်စိတ်တစ်ပိုင်း ရွှေ့ပြောင်းနိုင်သည့် လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြစ်ပြီး ၁၉၅၀ ပြည့်လွန်နှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ မူလထုတ်လုပ်သော HAWK သည် လေဟာနယ်ဖြစ်နေသောပြွန်များနှင့် ကိန်းဂဏန်းများကို ရုပ်ဝတ္ထုအတိုင်းအတာဖြင့်ဖော်ပြသော ကွန်ပျူတာတို့ကို အသုံးပြုခဲ့သည်။ ခေတ်မီ HAWKS သည် ဒစ်ဂျစ်တယ် ကွန်ပျူတာနှင့် ဒစ်ဂျစ်တယ်အထောက်အကူပြု ရေဒါများကို အသုံးပြုလျက်ရှိသည်။

HAWK သည် ရေဒါသုံးမျိုးလိုအပ်သည်။ ၎င်းတို့မှာ ဝင်ရောက်လာသည့်ခြိမ်းခြောက်မှုကို ရှာဖွေသည့် ထောက်လှမ်းသော ရေဒါ၊ သီးသန့်ခြိမ်းခြောက်မှုတစ်ခုကို ထိန်းချုပ်သတ်မှတ်ထားသည့် ရှင်းလင်းပြသသော ရေဒါနှင့် ပစ်မှတ်ကိုလမ်းညွှန်ရန် ဒုံးကျည်အသီးသီးတွင် တပ်ဆင်ထားသည့် တစ်ဝက်တစ်ပျက်လုပ်ဆောင်သော ရေဒါတို့ဖြစ်သည်။ ၎င်းစနစ်၏ ကြားဖြတ်ကိရိယာအသီးသီးတွင် ပေါက်ကွဲမှုကြီးမားသော ကျည်ထိပ်ဖူးများ ပါဝင်သည်။

ယူကရိန်းနိုင်ငံရှိ HAWK စနစ်များသည် ပြုပြင်မွမ်းမံသွားရန် လိုအပ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောဆိုခဲ့သည်။ ထို့ပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အပိုအစိတ်အပိုင်းများနှင့် အစားထိုးမည့်ဒုံးကျည်များသည် အမေရိကန်နှင့်အခြားသောနိုင်ငံများရှိ စုပုံလက်နက်ခဲယမ်းအဟောင်းများထဲမှ ရရှိမည်ဖြစ်ကြောင်း၊ သို့တည်းမဟုတ် အစိတ်အပိုင်းအသစ်များကိုထုတ်လုပ်သွားရမည်ဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားသွားခဲ့သည်။




HAWK တွင်ပါရှိသော တစ်ပိုင်းလျှပ်ကူးအစိတ်အပိုင်းများစွာသည် ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက ထုတ်လုပ်ထားသည့်အတွက် အစိတ်အပိုင်းအများစုသည် အလယ်အလတ်အဆင့် တစ်ပိုင်းလျှပ်စီးပတ်လမ်းများဖြစ်ပြီး လက်ရှိအချိန်တွင် ထပ်မံထုတ်လုပ်မှုမရှိတော့ပေ။ အဆိုပါအစိတ်အပိုင်းများ ထပ်မံထုတ်လုပ်ရန် အခွင့်အလမ်းနည်းပါးသောကြောင့် ကွန်ပျူတာများ၊ ပဲ့ထိန်းလမ်းညွှန်အစိတ်အပိုင်းများ၊ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်၊ ရေဒါများနှင့် အီလက်ထရွန်နစ်စနစ်တို့သည် လက်ဟောင်းစနစ်များ ပြန်လည်အသုံးပြုနိုင်ရေးလုပ်ဆောင်ရာတွင် ပြဿနာဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်မှုမရှိသည့်စနစ်များမှ အချို့သောအစိတ်အပိုင်းများကို ပြန်လည်ရှာဖွေရရှိကောင်းရရှိနိုင်ပေသည်။

အမေရိကန်သည် တိုက်ပွဲတွင် HAWK သို့မဟုတ် I-HAWK ကို မည်သည့်အခါမှလက်တွေ့ပစ်ခတ်ခဲ့ခြင်းမရှိပေ။ သို့သော် ၎င်း၏အဓိကမဟာမိတ်များနှင့်မိတ်ဆွေများသည် အဆိုပါဒုံးကျည်ကာကွယ်ရေးစနစ်များကို အသုံးပြုခဲ့ကြသည်။ ကိုယ်ပိုင်မူကွဲရှိသည့် အီရန်သည်ပင်လျှင် HAWK ကိုအသုံးပြုလျက်ရှိသည်။ ကူဝိတ်အနေဖြင့်လည်း အီရတ်တိုက်ခိုက်ရာတွင် HAWK ကိုအသုံးပြုခဲ့သော်လည်း ကူဝိတ်၏စနစ်များကို အီရတ်က ဖျက်ဆီးသိမ်းပိုက်ခဲ့သည်။ အစ္စရေးအနေဖြင့်လည်း တိုက်ပွဲတွင် HAWK ကို အသုံးပြုလျက်ရှိသည်။

HAWK အနေဖြင့် ခေတ်သစ်ခြိမ်းခြောက်မှုများကို မည်မျှဟန့်တားနိုင်သလဲဆိုသော အချက်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ ပင်တဂွန်က ဒရုန်းကဲ့သို့သော အနိမ့်ပျံ ခြိမ်းခြောက်မှုများကို ကာကွယ်ရေးအတွက် HAWK လိုအပ်သည်ဟု ပြောဆိုထားသည်။ အနိမ့်မှပျံသန်းလာသော ဒရုန်းများ၏ ရေဒါအချက်ပြမှုများကို ဖမ်းယူနိုင်ရန် HAWK ၏ရေဒါများကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသော်လည်း ၎င်းစနစ်အနေဖြင့် ပလပ်စတစ်ဒရုန်းများကို အတိအကျခြေရာခံနိုင်စွမ်း ရှိသလားဆိုသော အချက်ကိုမူ မည်သူမျှပြောဆိုနိုင်ခြင်း မရှိသေးပေ။

အချက်ပြစနစ်များ၏ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရေးပြဿနာအပြင် အုပ်စုဖွဲ့ပျံသန်းလာသော ဒရုန်းများ၊ ဒရုန်းများပါဝင်သော ရောထွေးနေသည့်ခြိမ်းခြောက်မှုများ၊ ခရုဇ်ဒုံးကျည်များ၊ ဗုံးများ၊ လွန်စွာမြန်ဆန်သော ဒုံးကျည်ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်မည့် HAWK ၏စွမ်းဆောင်ရည်ကို ရှင်းရှင်းလင်းလင်း မသိရှိရပေ။

လေယာဉ်ကိုတိုက်ခိုက်နိုင်သည့် HAWK ၏ စွမ်းဆောင်ရည်သည် ပစ်မှတ်တစ်ခုကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်မှသာလျှင် ၈၅ ရာခိုင်နှုန်းပိုမိုကောင်းမွန်သည်ဟု ယေဘုယျအားဖြင့် ယုံကြည်ယူဆရပေသည်။ မည်သို့ပင်ဆိုစေ HAWK အနေဖြင့် နည်းဗျူဟာမြောက် ဒုံးကျည်များ သို့တည်းမဟုတ် ဒရုန်းများကို တိုက်ခိုက်ချေမှုန်းသွားမလဲဆိုသော အချက်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရပေ။

ခေတ်မီအဆင့်မြှင့်တင်ထားသော HAWK ဒုံးကျည်များသည် အကွာအဝေး ၂၈ မိုင်မှ ၃၁ မိုင်ထိ ရောက်ရှိနိုင်သောကြောင့် တာလတ်ပစ်စနစ်အဖြစ် ရပ်တည်လျက်ရှိသည်။ ရုရှား၏ပဲ့ထိန်းဗုံး (UMPK) များသည် ၂၅ မိုင်ခန့် ရောက်ရှိနိုင်သောကြောင့် ရုရှားနိုင်ငံသည် HAWK တပ်ခွဲများကို တိုက်ခိုက်ရာတွင် အဆိုပါဗုံးများကို အသုံးပြုနိုင်ပြီး အောင်မြင်နိုင်မှု မျှော်မှန်းချက်လည်းရှိသည်။ ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် အသံလွန်ဒုံးကျည်ကိုသာ အသုံးပြုသွားမည်ဆိုလျှင် HAWK သည် သက်ရှင်ကြွင်းကျန်နိုင်မည်မဟုတ်ချေ။

ယူကရိန်းတို့သည် အဓိကကျသောမြို့ကြီးများ အထူးသဖြင့် ကိဗ်ယက်ကိုကာကွယ်ရေးနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ ရုရှားနိုင်ငံအနေဖြင့် အခြားမြို့ကြီးများအပေါ် ဝေဟင်မှတိုက်ခိုက်လာမည်ဆိုလျှင် အဆိုပါဒေသများတွင် ထိရောက်သော လေကြောင်းရန်ကာကွယ်ရေးစနစ်များ မရှိပေ။ ယူကရိန်းတို့သည် လွန်ခဲ့သောနွေဥတုတွင် တန်ပြန်ထိုးစစ်အတွက် Patriot ဒုံးကျည်များကို အသုံးပြုခဲ့သော်လည်း ၎င်းစနစ်တစ်ခုမှာ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြထားသည်။ မကြာသေးမီအချိန်အတွင်းကပင် ကိဗ်ယက်အနီးတွင် Patriot စနစ်တစ်ခု တိုက်ခိုက်ဖျက်ဆီးခံခဲ့ရသည်။

စင်စစ်အားဖြင့် ယူကရိန်းနိုင်ငံတွင် အခြေခံအဆောက်အအုံများ ကာကွယ်ရန်နှင့် စစ်မြေပြင်၌ လေကြောင်းတိုက်ခိုက်မှုများ ရပ်တန့်စေရန်အတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ လိုအပ်လျက်ရှိသည်။ လာမည့်လများအတွင်း ယူကရိန်းရှိ HAWK စနစ်ကို ပြန်လည်ပြုပြင်နိုင်ခဲ့သည့်တိုင်အောင် အရေးပါသောနေရာများနှင့် စစ်မြေပြင်ခံစစ်စခန်းများ ဘေးကင်းလုံခြုံမှုအတွက် လုံလောက်မှုရှိမည်မဟုတ်ချေ။

ပဓာနအကျဆုံးအချက်မှာ ယူကရိန်းအနေဖြင့် အရေးပါသော အခြေခံအဆောက်အအုံများ ကာကွယ်ရန် သို့မဟုတ် ရုရှားလေကြောင်းတိုက်ခိုက်မှုကို ရပ်တန့်နိုင်စေရန် ထိရောက်သောလေကြောင်းရန်ကာကွယ်ရေးစနစ်များ မရှိတော့ခြင်းပင်ဖြစ်သည်။ ယူကရိန်းနိုင်ငံအနေဖြင့် ခေတ်လွန် F-16s တိုက်လေယာဉ်များကို အသုံးပြုလာသော်လည်း တစ်စုံတစ်ရာ ပြောင်းလဲမှုဖော်ဆောင်သွားနိုင်မလား၊ ရုရှားလေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်သွားနိုင်မလားဆိုသောအချက်မှာမူ သံသယဖြစ်ဖွယ်ရာပင်ဖြစ်ပေသည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် ထိရောက်သော လေကြောင်းရန်ကာကွယ်ရေးစနစ်မရှိတော့သည့် ယူကရိန်း၏ဝေဟင်ပိုင်နက်ကို စိတ်ကြိုက်ထိန်းချုပ်သွားတော့မည်ဖြစ်ပေသည်။

အမှန်တော့ ရုရှားနိုင်ငံသည် လေကြောင်းမှစီးနင်းတိုက်ခိုက်မှုအတွက် ရည်မှန်းချက်သုံးရပ်ရှိနေသည်။ ပထမရည်မှန်းချက်သည် ယူကရိန်း၏လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ချေမှုန်းသွားမည်ဖြစ်သည်။ ထိုသို့ ချေမှုန်းနိုင်မည်ဆိုလျှင် ယူကရိန်းမြို့ကြီးများနှင့် အရေးကြီးသော စစ်ဘက်အဆောက်အအုံများကို အကာအကွယ် ပေးနိုင်တော့မည်မဟုတ်ချေ။ ဒုတိယ ရည်မှန်းချက်သည် အရပ်ဘက်နှင့်စစ်ဘက်ဆက်နွယ်သော စက်မှုအခြေခံအဆောက်အအုံများကို တိုက်ခိုက်သွားရန်ပင်ဖြစ်သည်။ ထိုသို့ တိုက်ခိုက်ရာတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ဓာတ်အားပို့လွှတ်မှုစနစ်များ၊ လက်နက်ထုတ်လုပ်ပြုပြင်သည့် စက်ရုံများ ပါဝင်မည်ဖြစ်သည်။ တတိယရည်မှန်းချက်သည် စစ်ပွဲဆန့်ကျင်သောပြည်သူများ၊ အထူးသဖြင့် အထက်တန်းလွှာတန်းစားများကို စည်းရုံးသွားရန်ပင်ဖြစ်သည်။ ယူကရိန်းတို့အနေဖြင့် ရုရှားတို့၏ လေကြောင်းစီးနင်းတိုက်ခိုက်သည့်သတင်းများကို အမှောင်ချရန် ကြိုးပမ်းလျက်ရှိသော်လည်း သတင်းများသည် အရှိန်အဟုန်ဖြင့် ပျံ့နှံ့လျက်ရှိသည်။

NATO အဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံကို လေကြောင်းရန်ကာကွယ်ရေးစနစ်များစွာ ပံ့ပိုးထားသော်လည်း စနစ်အမျိုးမျိုးသည် ပေါင်းစပ်နိုင်ခြင်း မရှိသဖြင့် နိုင်ငံတစ်ဝန်းတွင် ကာကွယ်ရေးအတွက် လစ်ဟာမှုများဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ဒုံးကျည်များ အသည်းအသန် လိုအပ်လျက်ရှိသောကြောင့် အမေရိကန်နှင့် NATO အဖွဲ့တို့ထံမှ အကူအညီ ချက်ချင်းရရှိနိုင်ရန် တောင်းဆိုလျက်ရှိသည်။ အမေရိကန်နှင့်မဟာမိတ်များသည် အနာဂတ်တွင် ခက်ခဲသည့်ရွေးချယ်မှုများ လုပ်ဆောင်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးစနစ် ကင်းမဲ့လာသော ယူကရိန်းနိုင်ငံနှင့် အရန်စစ်လက်နက်ပစ္စည်းနည်းပါးလာသော NATO အဖွဲ့တို့ကို တိုက်ခိုက်ချေမှုန်းရန် ပိုမိုလွယ်ကူလာတော့မည်ဖြစ်သည်။

**ကိုးကား**

- **Air Defenses gone, Russia dominates Ukraine airspace By Asia Times.**
- **Ukraine in dire need of new air defenses By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အချစ်က မီးလိုပဲ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီးတွင် ပြုလုပ်



**ရန်ကုန် မေ ၂၅**

ခွန်သာချိုရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အချစ်က မီးလိုပဲ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို မေ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် တေးရေး တေးဆို သရုပ်ဆောင် ခိုင်နိုးက ပြောပြ၍ သိရသည်။

အချစ်ကမီးလိုပဲ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထုတ်လုပ်သူ ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ ကိုသောင်းက ခွန်သာချိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းတွဲမှာ ပရိသတ်မထင်မှတ်ထားတဲ့ ဝန်ကာရိုက်တာနဲ့ သရုပ်ဆောင်ရမှာပါ။ မအေးမြတ်သူအပေါ်မှာ ကောက်ကျစ်တဲ့သူပေါ့။ ဒီဇာတ်လမ်းတွဲလေးမှာ ပရိသတ်တွေကို ရသစုံပါအောင် အချစ်ဒရာမာကိုမှ နောက်ပိုင်းလေးမှာ Horror ဇာတ်လေးနဲ့နှောပြီးဖန်တီးကြမှာပါ။ အခုနောက်ပိုင်းအချိန်မှာ ဗီလိန်လိုဇာတ်တွေက ပရိသတ်လက်ခံလာတာမို့ ကျွန်တော်သရုပ်ဆောင်ရတာ အားတက်ရပါတယ်" ဟု တေးရေး တေးဆို သရုပ်ဆောင် ခိုင်နိုးက ပြောပြသည်။

အချစ်ကမီးလိုပဲ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ ခိုင်နိုး၊ သံစဉ်မိုးထက်၊ အေးမြတ်သူ၊ ခင်မို့မို့အေး၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Sleepy Hollow ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည်

**နယူးယောက် မေ ၂၅**

Paramount ရုပ်ရှင်ကုမ္ပဏီသည် Sleepy Hollow ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည်ဖြစ်ကြောင်း မေ ၂၄ ရက် သတင်းများအရ သိသည်။

အဆိုပါဇာတ်ကား ပြန်လည်ဆန်းသစ် ရိုက်ကူးရေးအတွက် အမျိုးသမီးဒါရိုက်တာ လင်ဆန်းအန်ဒါဆင်ဘီယာနှင့် သဘောတူညီချက်ရယူထားပြီး ဒါရိုက်တာ လင်ဆေးအန်ဒါဆင်ဘီယာသည် ကမ္ဘာကျော် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည့် Pet Sematary ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

မူလ Sleepy Hollow ဇာတ်ကားကို ဒါရိုက်တာ တင်ဘာတန်က ရိုက်ကူးခဲ့ကာ မင်းသား ဂျွန်နီဒပ်ပါဝင်ခဲ့ပြီး အဆိုပါဇာတ်ကားကို အမေရိကန်စာရေးဆရာကြီး ဝါရှင်တန်အာဗင်း၏ Sleepy Hollow (1819) ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် Sleepy Hollow ဇာတ်ကားသစ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# ပုဇွန်တောင်မြို့နယ်ရှိ Izana Gallery တွင် Gallery Curated Exhibition ပန်းချီပြပွဲပြသမည်ဖြစ်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Izana Gallery တွင် Gallery Curated Exhibition ပန်းချီပြပွဲကို မေ ၂၆ ရက်မှ ၃၀ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ မြင့်နိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီ မြင့်နိုင်၊ ထွန်းအံ့၊ သစ္စာနီ၊ ကျူကျူ၊ ခိုင်မင်းစိုး၊ ရွှေသိန်း၊ မင်းသူရိန်၊ ကြည်အောင်ပီ၊ စိုးမိုးထွန်း၊ Athurain Soe၊ Blaise တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ လက်ရာစုံပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီပန်းချီပြပွဲကတော့ Izana Gallery က စိတ်ကြိုက်စုဆောင်းထားတဲ့ ပန်းချီကားတွေကို ပန်းချီချစ်သူတွေကို ပြသပေးမဲ့ပြပွဲဖြစ်ပါတယ်။ ပန်းချီပြပွဲမှာ ပန်းချီဆရာ ၁၁ ယောက်ရဲ့ပန်းချီကား ၅၀ ကျော်ပြသမှာပါ။ ပြသမဲ့ရက်ကတော့ မေ ၂၆ ရက်ကနေ မေ ၃၀ ရက်ထိဖြစ်ပါတယ်"ဟု ပန်းချီ မြင့်နိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၃၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# သူတို့ရွာ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရေးလုပ်ငန်းပြီးစီး

**ရန်ကုန် မေ ၂၅**

HTL ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် သူတို့ရွာ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရေးလုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် ဇွန်လတွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဟန်ဇာမိုးဝင်းက ပြောပြ၍ သိရသည်။



သူတို့ရွာ ဇာတ်လမ်းတွဲ၏ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သင်းနံ့သာ ရေးသားထားပြီး ဒါရိုက်တာ ဟန်ဇာမိုးဝင်းက HTL ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ဒါရိုက်တာတစ်ယောက်အနေနဲ့ ရိုက်ဖြစ်တဲ့ ပွဲဦးထွက်ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ ပြင်ဦးလွင်က စီးသာကျေးရွာဘက်မှာ ဇာတ်အိမ်တည်ရိုက်ကူးပုံဖော်ထားတဲ့ ကျေးလက် ဟာသဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ ရိုက်ကူးပြီးစီးသွားပြီဖြစ်တဲ့အတွက် ထုတ်လွှင့်ပြသဖို့အသင့်ဖြစ်နေပါပြီ။ fortune tv ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ မေလမှာ ထုတ်လွှင့်ပြသရက်မရတဲ့အတွက် ဇွန်လမှာ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဟန်ဇာမိုးဝင်းက ပြောပြသည်။

သူတို့ရွာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟန်ဇာမိုးဝင်း၊ သိန်းလင်းစိုး၊ ရှိုင်းထက်၊ စွမ်းရည်စိုးမင်း၊ ချမ်းချမ်းမိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# A24 ၏ Civil War ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၅၁ သန်းရှိလာ

**နယူးယောက် မေ ၂၅**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Civil War ဇာတ်ကားသည် ရုံတင်ပြီး ၁၀ ရက်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁ သန်းထိရှိလာကြောင်း မေ ၂၄ ရက် သတင်းများအရ သိရသည်။

Civil War ဇာတ်ကား၏ လက်ရှိဝင်ငွေသည် ရိုက်ကူးထုတ်လုပ်မှုစရိတ်ကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

A24 ရုပ်ရှင်ကုမ္ပဏီသည် Civil War ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၅၀ ထိ သုံးစွဲခဲ့ရသည်။

အမေရိကန်ပြည်တွင်းစစ်တစ်ခုအတွင်း သတင်းစာဆရာတစ်စု ရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များကို ပုံဖော်ထားသော Civil War ဇာတ်ကားကို ဒါရိုက်တာ အဲလက်ဂါးလန်းက ရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ကားစတန်ဒန့်၊ ကိုင်လီစပေနီ၊ မင်းသား ဝဂ္ဂနာမော်ရာနှင့် နစ်အောဖာမင်းတို့ ပါဝင်ထားသည်။

A24 ရုပ်ရှင်ကုမ္ပဏီသည် Civil War ဇာတ်ကားကို ယခုနှစ် မေ ၁၂ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Kalewa Township farmers reap 17,027 acres of winter oil crops in 2023-2024 Fiscal Year


Farmers working on harvesting their crops.

**Kalewa April 25**

A total of 17,027 acres of oil crops planted in the winter crop season in Kalewa Township, Sagaing Region have been harvested, according to statistics from the Department of Agriculture for Kalewa Township.

The oilseed plantations planted during the 2023-2024 winter crop season have been harvested since February this year. Till now, 17,027 acres of oilseed crops have been harvested in Kalewa Township.

"We were able to plant more than the target area for oil crops. We worked to ensure self-sufficiency in edible oil and the improvement of oil crops," said U Myo Naing, head of the Department of Agriculture for Kalewa Township.

During the 2023-2024 winter crop planting season, 14,601 acres of oilseed crops were earmarked for planting in Kalewa Township. From October to December, 2023, 17,027 acres were planted.

During the 2022-2023 winter crop planting season, 14,601 acres of oilseeds were planted in Kalewa Township from October to December, 2022.

206

# Pwintphyu Township farmers cultivate 2,271 acres of pre-rain green beans

**Pwintphyu April 25**

A total of 2,271 acres of pre-rainy green beans have been planted in Pwintphyu Township, Magway Region during this year's summer crop planting season, said Daw Moe Moe Wai, head of the Department of Agriculture for the township.

It is known that the local farmers in Pwintphyu Township cultivate the green beans which are distributed by Mezali dam during the rain crop and summer crop growing season. In this summer crop growing season, it was planted as a pre-rain crop starting at the end of February. To date, 2,271 acres of pre-rain green beans has been planted.


A green bean plantation.

"In addition to sufficient water supply, the agricultural land has a good agricultural development. We ask the local farmers to use good varieties and natural fertilizers for green bean cultivation and provide support to those who educate them to make and use pesticides," she said.

It is reported that they are providing comprehensive assistance in agricultural education activities to have correct planting methods, to control pest and to use the proper proportion of agricultural inputs.

YWN (NyaungU)

# Mandalay Region supports entrepreneurship with safety testing for 650 products in Fiscal Year 2024-2025

**Mandalay April 25**

In the fiscal year 2024-2025, the Small Industries Department of Mandalay Region plans to test 650 types of food and consumer goods that will be produced and sold in the region, aiming to support independent entrepreneurs. U Win Bo, the department's director, outlined the process:

"At our department's laboratory, food products undergo safety testing. Entrepreneurs can register their products with us and submit samples for evaluation. Our experts conduct chemical and microbiological analyses to ensure product safety. If the products meet safety standards, entrepreneurs receive our findings to proceed with business registration."

The department also offers training and technology support to foster these entrepreneurs, promoting their products once they pass laboratory testing. 185

# World Insights: Pro-Palestinian protests spread in U.S. universities, urging cessation of military aid to Israel

**Beijing April 25**

Pro-Palestinian demonstrations have recently erupted on campuses across the United States, calling for a permanent ceasefire in the Gaza Strip and cessation of U.S. military aid to Israel.

Despite certain U.S. politicians branding the demonstrators as "anti-Semitic" and the subsequent arrest of hundreds of students, the anti-war protests continue to gain momentum.

The University of Southern California (USC), a renowned private research university located in Los Angeles, has closed its gates amid rising tensions after pro-Palestinian protesters clashed with police on Wednesday.

A growing number of protesters, including students and non-students, started a "Gaza Solidarity Occupation" at the university's Alumni Park on Wednesday morning.

Organizers of the protest, the USC Divest from Death Coalition, said in a statement that they "have set up this occupation in solidarity with the people of Gaza, empowered by the actions of our peers at different campuses across the country."

Xinhua

# Russia vetoes UN Security Council draft resolution on weapons of mass destruction in outer space

**New York April 25**

Russia on Wednesday vetoed a UN Security Council draft resolution on the deployment of weapons of mass destruction in outer space.


The draft resolution, tabled by the United States and Japan, won the support of 13 of the 15 members of the Security Council. Russia, which has veto power, voted against it. China abstained.

Before the vote, the Security Council rejected an amendment to the draft resolution proposed by Russia and China to include a ban on the deployment of all kinds of weapons in outer space.

Russia's permanent representative to the United Nations, Vassily Nebenzia, accused the United States and Japan of staging "a dirty spectacle" at the Security Council by tabling the draft resolution.

"At first glance, it looks harmless, it looks positive, because officially it is devoted to a topic that is of great importance to the international community -- that's the non-placement of WMDs in outer space.

Xinhua


Representatives vote on a draft resolution on the deployment of weapons of mass destruction in outer space during a Security Council meeting at the UN headquarters in New York, on April 24, 2024.

# Kyaiktiyo Pagoda draws over 247,000 pilgrims for Thingyan homage



The magnificent Kyaiktiyo Pagoda in Mon State.

**Kyaikto April 25**

More than 247,000 pilgrims from all over the country came to pay their respects to the Kyaiktiyo Pagoda in Kyaikto Township, Mon State during the Thingyan period, according to U Soe Hla, Chairman of the Board of Trustees of the Treasures of Kyaiktiyo Pagoda.

Starting from November, pilgrims from all over the country have been coming to visit Kyaiktiyo Pagoda, and at the present time, about 250 trucks carrying pilgrims are being driven to Kyaiktiyo Pagoda every day. It is also reported that hotels, guesthouses, free lodgings and restaurants are open for pilgrims.

"The festival of Kyaiktiyo Pagoda begins on the full moon day of Thadingyut. During the festival, the number of pilgrims is increasing every day. More than 2,000 pilgrims came to visit the pagoda on a daily basis and more than 4,000 people visited during the weekend. We have 250 trucks and 40 cable cars running every day," U Soe Hla said.

It is also known that the Buddha Pujaniya Festival of the Kyaiktiyo Pagoda is held every year from the full moon day of Thadingyut to the full moon day of Kason.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Unregistered private schools to face banning from 12 May

**Nay Pyi Taw April 25**

The Ministry of Education recently stated that a plan is underway to ban the unregistered private schools starting from 12 May 2024.

The Ministry of Education has annouced that all private schools have to take registration by 8 March 2024. But, some private schools have not registered themselves till today yet.

Moreover, the ministry has issued an announcement that action will be taken against those from the private schools which admit students and teach them before the start of coming academic year.

The Department of Basic Education under the Ministry of Education will inform the basic education private schools which teach students under the national cirriculum via relevant township education offices and take action against those who do not comply with the directive of the department, under the law.

Moreover, disciplines have been adopted that all private schools and international schools have to teach Myanmar language, Myanmar geography and Myanmar history to the students as compulsory subjects under the private education law and must arrange students to salute the State flag and sing the national anthem on a daily basis.



Students selecting library books at a private school.

Currently, the rectors and education officers from departments of Higher Education and Basic Education and officials from teacher training sector under the Ministry of Education form the regional supervisory committees with officials from the relevant regional and state governments to strive for development of the private education sector.

Moreover, district education officers have to supervise teaching and learning of teachers and students in their districts.

336

# Farmers harvest more than 12,000 acres of wheat in Monywa District

**Monywa April 25**

After harvesting, wheat plantations yielded 20.74 baskets per acre.

Daw San San Myint, Head of Monywa District Agriculture Department, said that local farmers have harvested all acres of wheat in the district. Of them, ChaungU Township planted the largest sown acreage of wheat.

In the district, Monywa Township grew 197 acres of wheat, Budalin Township 440 acres, Ayadaw Township 22 acres and ChaungU Township 11,983 acres.

Local farmers planted 12,642 acres of wheat from October to December 2023 against the target of12,950 acres in the district in 2023-24 financial year.

Relevant Agriculture Departments provide agricultural techniques on systematic use of urea fertilizers, pesticides and use of GAP system for cultivation of wheat plantations. Local farmers cost around K300,000 per acre of growing wheat.

Wheat is grown in Mawlaik, Tamu, Kalay, Khamti, Monywa, Yinmabin, Shwebo, Kanbalu, Sagaing and Katha districts as wellas Naga Self-Administered Zone. Of them, largest sown acreage is placed under wheat in Sagaing and Monywa districts.

206



Newly harvested wheat.

# Bus ridership on the rise in Mandalay city

**Mandalay April 25**

According to U Mya Ngwe, the chairman of the No. 1, 2, and 3 bus lines, the daily number of passengers has exceeded 3,000 on routes to Mandalay's Kuthodaw Pagoda, Golden Monastery, Zaygyo Market, and Mandalay Hill.

To accommodate visitors, these bus lines, which have been running historically, are now operating normally.

The majority of passengers are private business travelers, with an increasing number of pilgrims from Mandalay's inner city.

Previously, the daily ridership on bus lines 1, 2, and 3 to Mandalay's significant sites was just over 2,600 in the second week of April.

However, since the third week of April, the number of tourists has surpassed 3,000 per day. The most popular route in Mandalay is currently the bus line heading towards the Zaygyo Market, Kuthodaw Pagoda, and Golden Palace, with a significant number of passengers, including handicraft sellers and visitors from remote areas.

184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားတပ်ဖွဲ့များက ဒေါ်လာ ၅၀၀ တန်ဒရုန်းများဖြင့် အမေရိကန်ထုတ်ဒေါ်လာ ၁၀ သန်းတန်တင့်ကားများကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့



ယူကရိန်းနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည့် အမေရိကန်ထုတ် ဒေါ်လာ ၁၀ သန်းတန် M1 Abrams တင့်ကားများကို ရုရှားနိုင်ငံထုတ် ဒေါ်လာ ၅၀၀ တန် ဒရုန်းများဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း New York Times သတင်းစာက ဧပြီ ၂၀ ရက်တွင် ဖော်ပြခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ထပ်ဆင့်ကိုးကား ရေးသားထားသည်။

အမေရိကန်စစ်ဘက်၏ အင်အားအရှိဆုံး တင့်ကားများသည်ပင်လျှင် ဒရုန်းများဖြင့် တိုက်ခိုက်မှုများကို ခံနိုင်ရည်မရှိဟု သတင်းစာက ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံမှ ပံ့ပိုးပေးထားသည့် တင့်ကား ၃၁ စီးအနက် အနည်းဆုံး ငါးစီးကို ရုရှားတို့ဘက်က တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပြီး နောက်ထပ်သုံးစီးလည်း အတော်အတန် ပျက်စီးသွားခဲ့သည်ဟု အတိအကျ ပြောကြားခဲ့သည်။ ဖြစ်ရပ်အများစုတွင် အဆိုပါ ပင်မတိုက်ပွဲဝင်တင့်ကားများသည် Loitering Munitions ဟု လူသိများသော First-Person-View (FPV) ဒရုန်းများဖြင့် ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။ First-Person-View (FPV) ဒရုန်းများသည် ၎င်းတို့၏ ပစ်မှတ်များကို မထိမီ ထိန်းကျောင်းနိုင်စွမ်းရှိကြသည်။

နောက်ထပ် သာဓကတစ်ခုအနေဖြင့် ရုရှား T-72B3 ပင်မတိုက်ပွဲဝင်တင့်ကားနှင့် တင့်-တင့်ချင်း စီးချင်းထိုးတိုက်ခိုက်ရာတွင် Abrams တင့်ကား တစ်စီးချေမှုန်းဖျက်ဆီးခြင်းခံရသည်။ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါတင့်ကားအများစု အပါအဝင် ဒရုန်းများဖြင့် အမေရိကန်က ပံ့ပိုးပေးထားသော စစ်လက်နက်၊ စက်ပစ္စည်းများ ဖျက်ဆီးနိုင်ခဲ့ခြင်းကို ဗီဒီယိုဖိုင်များဖြင့် ထုတ်လွှင့်ပြသခဲ့ကြောင်းသိရသည်။

New York Times သတင်းစာ၏ အဆိုအရ အချို့သောတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက ကနဦး ယူဆထားသည်ထက် ဒရုန်းများတွင် တပ်ဆင်ထားသော ပေါက်ကွဲခဲယမ်းများဖြင့် တင့်ကားများ ဖယ်ရှားဖျက်ဆီးခြင်းခံရနိုင်ကြောင်း သိရသည်။ ထိုအခြေအနေကို မယုံနိုင်စရာဟု ဩစတြီးယား သမိုင်းပညာရှင်နှင့် စစ်ဘက်ဆိုင်ရာကျွမ်းကျင်သူ ဗိုလ်မှူးကြီး Markus Reisner က မှတ်ချက်ပြုခဲ့သည်။ သတင်းစာတွင် ရုရှားနိုင်ငံထုတ် ဈေးပေါသော ဒရုန်းများကိုအလွန်တိကျပြီးကုန်ကျစရိတ်သက်သာသော တင့်ကားအဖျက်သမားများဟု တင်စားဖော်ပြခဲ့သည်။

ဒရုန်းများ၏ တိကျမှုမှာ ၉၀ ရာခိုင်နှုန်းထက် ကျော်လွန်သွားကြောင်းနှင့် တင့်ကားများ၏ သံချပ်ကာအကာအကွယ် အားနည်းသောနေရာများကို တိုက်ရိုက်တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း New York Times သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ဆက်လက်၍ ဈေးနှုန်းအားဖြင့် နှိုင်းယှဉ်မည်ဆိုလျှင်လည်း ဒရုန်းများသည် အမေရိကန်ဒေါ်လာ ၅၀၀ သာရှိပြီး အမေရိကန်ဒေါ်လာ ၁၀ သန်းတန် Abrams တင့်ကားတစ်စီးကို အလွယ်တကူပျက်စီးသွားစေနိုင်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ဒရုန်းတိုက်ခိုက်ခံရမှုမှ တင့်ကားတစ်စီးကို ခုခံကာကွယ်ရန် မလွယ်သလို နည်းလမ်းတစ်ခုတည်းလည်း အသုံးပြု၍ မဖြစ်နိုင်ကြောင်း ထည့်သွင်းဖော်ပြထားသေးသည်။

အမေရိကန်ထုတ် Abrams တင့်ကားများသည် ဒွန်ဘတ်စ်ဒေသရှိ Avdeevka မြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ယူကရိန်းတပ်များက ရုရှားတပ်ဖွဲ့များ အောင်မြေဆက်လက်ချဲ့ထွင်မှုကိုရပ်တန့်ရန် ကြိုးပမ်းနေစဉ် ဖေဖော်ဝါရီလနှောင်းပိုင်း၌ ရှေ့တန်းတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်မှုကို မြင်တွေ့ခဲ့ရသည်။ အမေရိကန်အနေဖြင့် ယူကရိန်းကိုပေးအပ်ရန် ကတိပြုခဲ့ပြီးနောက် အချိန်ကာလကြာမြင့်မှ ရှေ့တန်းတွင် အသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အဆုံးသတ်ရလဒ်ပိုင်း ဆိုးရွားလှသော ယူကရိန်းတန်ပြန်ထိုးစစ်မတိုင်မီ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ကီယက်ဗ်သို့ တင့်ကား ၃၁ စီး ပံ့ပိုးပေးရန် ကတိပြုခဲ့သည်။ ကံမကောင်းအကြောင်းမလှစွာပင် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်လန်ကျခဲ့သော အောက်တိုဘာလလယ်ခန့်တွင်မှ လွှဲပြောင်းပေးအပ်မှုကိုအပြည့်အဝ ပြုလုပ်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**$500 Russian drones destroying $10000000 American tanks – NYT ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က ပိုလန်နိုင်ငံ Defender 24 စစ်ရေးလေ့ကျင့်မှုတွင် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ကိုထုတ်ဖော်ပြသ

ပိုလန်နိုင်ငံ Bemowo Piskie လေ့ကျင့်ရေးဧရိယာအတွင်း မဟာမိတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်ကြည်းတပ် အမှတ်(၄) လေကြောင်းရန် အမြောက်တပ်ရင်းကြီး၊ အမှတ် (၅) တပ်ရင်း၊ ချာလီတပ်ခွဲမှလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Defender 24 သည် NATO မဟာမိတ်နိုင်ငံများကြား အပြန်အလှန်လည်ပတ်နိုင်မှုနှင့် နည်းဗျူဟာမြောက်ဆိုင်ရာ ကျွမ်းကျင်မှုကို အားကောင်းစေရန်အတွက် ပြီးပြည့်စုံသော စစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သည်။ Saber Strike စစ်ရေးလေ့ကျင့်မှုနှင့်အတူ တိုက်ရိုက်ပစ်ခတ်စဉ်များ၊ ရေဒီယိုဆက်သွယ်မှုစွမ်းရည်များဖြင့် အထူးအာရုံစိုက် လုပ်ဆောင်ထားသည်။ ဤမဟာဗျူဟာမြောက် စစ်ရေးလေ့ကျင့်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် စုပေါင်းကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် NATO မဟာမိတ်အဖွဲ့၏ ကတိကဝတ်ကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အမှတ်(၁၀) အမေရိကန်ကြည်းတပ် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်၏ ခေတ်မီလက်နက်ပစ္စည်းကိရိယာများဖြင့် ဆန်းသစ်သောလေကြောင်းရန်ကာကွယ်ရေးနည်းပညာများကို ထုတ်ဖော်ပြသထားသည်။ အဆိုပါ ခေတ်မီစနစ်များသည် လေကြောင်းစိုးမိုးမှု၊ ဒုံးကျည်ခြိမ်းခြောက်မှုများကို အကာအကွယ်ပေးရန်အတွက် အရေးပါပြီး မဟာမိတ်တပ်ဖွဲ့များ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို သက်သေပြနေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အဆင့်မြင့်နောက်ဆုံးပေါ် M-SHORAD လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကြီးတစ်ခုအတွင်း လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမျိုးသည် အမေရိကန်စစ်ဘက်သမိုင်းတွင် ပထမဦးဆုံးအကြိမ်လည်းဖြစ်သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလကတည်းက NATO မဟာမိတ်များနှင့် အမေရိကန်ကြည်းတပ် (ဥရောပ၊ အာဖရိက)လက်အောက်ခံ အမှတ် (၂) တပ်ရင်းကြီးတို့ လေ့ကျင့်မှုအတွက် အစီအစဉ်ရေးဆွဲခဲ့ကြပြီးဖြစ်သည်ဟု အမှတ်(၄)လေကြောင်းရန် အမြောက်တပ်ရင်းကြီး၊ အမှတ်(၅)တပ်ရင်း၊ ချာလီတပ်ခွဲမှူးဗိုလ်ကြီး Paul Zavislak က ပြောကြားခဲ့သည်။

M-SHORAD သည် မတူကွဲပြားသော တိုက်ခိုက်ရေးပတ်ဝန်းကျင်များတွင် အကောင်းဆုံးကာကွယ်မှုပေးစွမ်းရန် အမေရိကန်နိုင်ငံက ဒီဇိုင်းထုတ်ထားသည့်တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးတိုက်ယာဉ်ဖြစ်သည်။ ဤသံချပ်ကာတိုက်ယာဉ်တွင် ၅၀ ကီလိုဝပ်စွမ်းအားရှိ လေဆာလက်နက်တပ်ဆင်ထားပြီး တိုက်ရိုက်စွမ်းအင်သုံး လက်နက်စနစ်နည်းပညာများတွင် နောက်ဆုံးပေါ် တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်သည်။ တိုက်ယာဉ်သည် ၁၄ ဒသမ ၅ မမ ခဲယမ်းများ၊ မိုင်းများနှင့် ဖောက်ခွဲဖျက်ဆီးရေး ခဲယမ်းများဒဏ်မှ ခံနိုင်ရည်ရှိသောကြောင့် တပ်ဖွဲ့ဝင်များ၏ ရပ်တည်ရှင်သန်နိုင်စွမ်းအတွက် လုံခြုံရေးအာမခံချက် မြင့်မားကောင်းမွန်သည်။

M-SHORAD သည် ခန့်မှန်းခြေအားဖြင့် အလေးချိန် ၂၇၂၁၅ ကီလိုဂရမ်ရှိပြီး အမြင့်ဆုံးအမြန်နှုန်း ၉၂ ကီလိုမီတာဖြင့် မောင်းနှင်နိုင်သည်။ ချီတက်နိုင်သော ခရီးအကွာအဝေးမှာ ကီလိုမီတာ ၅၅၀ ဖြစ်ပြီး အကြိမ်ကြိမ် ဆီပြန်လည်ဖြည့်တင်းခြင်းမပြုဘဲ ခရီးဝေးသို့စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် စေလွှတ်နိုင်မည်ဖြစ်သည်။ တိုက်ယာဉ်၏အတိုင်းအတာမှာ အလျား ၆ ဒသမ ၉၅ မီတာ၊ အနံ ၂ ဒသမ ၇၂မီတာနှင့် အမြင့် ၂ ဒသမ ၆၄ မီတာရှိသည်။

M-SHORAD ၏ ရေဒါစနစ်တွင် အလင်းတန်းညွှန်ပြမှုစနစ်၊ အီလက်ထရွန်နစ်၊ အနီအောက်ရောင်ခြည်ပစ်မှတ်ဖမ်းယူမှုစနစ်၊ ခြေရာခံထိန်းကျောင်းရေးစနစ်နှင့် Ku720 ဘက်စုံသုံးရေဒါတို့ ပါဝင်ဖွဲ့စည်းထားသည်။ ဤအဆင့်မြင့်နည်းပညာများ



သည် ဝေဟင်ပစ်မှတ်များကိုထိရောက်စွာ ထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့ကို လုပ်ဆောင်နိုင်စေပြီး အမျိုးမျိုးသောဝေဟင်ပစ်မှတ်များကို လျင်မြန်တိကျစွာ တုံ့ပြန်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ တိုက်ယာဉ်တွင် တပ်ဖွဲ့ဝင် သုံးဦးဖြင့် တိုက်ပွဲဝင်နိုင်သည်။

အမေရိကန်နိုင်ငံ လေကြောင်းကာကွယ်ရေးတပ်ရင်း၊ တပ်ဖွဲ့များ၏ပါဝင်လေ့ကျင့်ဆောင်ရွက်မှုသည် NATO အဖွဲ့ဝင်နိုင်ငံများကြား စစ်ရေးဆက်ဆံမှုကို အားကောင်းစေရုံသာမက NATO အဖွဲ့၏ လေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာ၏ နည်းဗျူဟာမြောက် ထိရောက်စွာတိုက်ပွဲဝင်နိုင်စွမ်းကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဤသို့ နိုင်ငံစုံလေ့ကျင့်မှုများမှသည် ဥရောပတစ်ဝန်းရှိ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကြိုတင်ပြင်ဆင်မှုကို ကောင်းလာစေရန် NATO မဟာမိတ်အဖွဲ့က ကြိုးပမ်းနေမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ပထဝီနိုင်ငံရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် အလားအလာရှိသော အခြေအနေများစွာအတွက် မဟာမိတ်တပ်ဖွဲ့များကို ပြင်ဆင်ရန်အတွက် ထိုသို့သောလေ့ကျင့်မှုများသည် မရှိမဖြစ်လိုအပ်သည်။

**US highlights modernized Air Defense Unit in Defender 24 Exercises in Poland ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံ ၁၂၆၄၂ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံ ၁၂၆၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဂျုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၆၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၇၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဂျုံ ၁၂၆၄၂ ဧကထိ စိုက်ပျိုးထားပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ မုံရွာခရိုင်မှာ ဂျုံစိုက်ပျိုးမှုကတော့ ချောင်းဦးမြို့နယ်က အများဆုံး စိုက်ကြတာပါ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်အတွင်း မြို့နယ်အလိုက် ဂျုံရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၉၇ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၄၄၀၊ အရာတော်မြို့နယ်တွင် ၂၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၁၉၈၃ ဧက စုစုပေါင်း ၁၂၆၄၂ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဂျုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန်၊ ယူရီးယားမြေဩဇာကို အကျိုးရှိရှိသုံးစွဲတတ်ရန်၊ ဂျုံစိုက်ပျိုးရာမှာလည်း ကုန်ကျစရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဂျုံတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မြောက်ချောင်းဖြူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ချောင်းဖြူကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှု ရှိ၊ မရှိ၊ မှာကြား



ချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြောက်ချောင်းဖြူကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၂၀ အတွက် ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ ပိုမိုတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သောအကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းနိုး**

# ဒေးဒရဲမြို့နယ် တမွတ်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ တမွတ်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တမွတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ဓကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂/၂၀၂၄ )**
၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၄ ခုနှစ် ဧပြီလ ၂၅ ရက်)

## ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၉၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**ကို ၂၀၂၄ ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ၄၉ ဖြစ်ပါသည်။

**(ပုံ) ကိုကို**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့် တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် အခမဲ့ ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ကြို့တင်ကာကွယ် အပူဒဏ် အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**



- အရိပ်ရ၍ အေးမြသောနေရာများတွင်သာနေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။



**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။



- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။



- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြစ်ကြီးနားမြို့နှင့် ခန္တီးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် သာသနာ့ဗွယ်ဝင်သီလရှင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့ဗွယ်ဝင် သီလရှင်များကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယရာမပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇ ပါးနှင့် သာသနာ့ဗွယ်ဝင် သီလရှင် သုံးပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဘယရာမပရိယတ္တိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၅ ဦးတို့ကိုလည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က နယ်မြေခံတပ်နယ်ခန်းမ၌ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၃၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်ဆုပေးပွဲ ပြုလုပ်



**နေပြည်တော် ဧပြီ ၂၅**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် (၃၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဆုရရှိကြသူများကို ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းသင်္ဂဟတံဆိပ်ရရှိသူများ၊ စစ်မှုထမ်းကောင်းတံဆိပ်ရရှိသူများ၊ သင်တန်းထူးချွန်ဆုရရှိသူများ ၂၀၂၂-၂၀၂၃ ပညာသင်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ပြိုင်ပွဲများအလိုက် ဆုရရှိကြသူများနှင့် အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၃၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုပေးပွဲ ပြုလုပ်စဉ်။

# အောင်လံမြို့စစ်ဆေးရေးဂိတ်တွင် လမ်းသွားလမ်းလာကားများကို တားဆီးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသားဦးရေ ၃၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အရှေ့ဘက် စစ်ဆေးရေးဂိတ်တွင် ယနေ့နံနက် ၇ နာရီခန့်က လမ်းသွားလမ်းလာကားများအား တားဆီးစစ်ဆေးပြီး လူငယ်များကို ဖမ်းဆီးလျက်ရှိရာ အမျိုးသားဦးရေ ၃၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားပြီး ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါ ကောလာဟလသတင်းသည် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများနှင့် အကြမ်းဖက်အားပေးမီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းဖြစ်ပြီး ၎င်းမြို့ အဝင်အထွက်စစ်ဆေးရေးဂိတ်များတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေခြင်းသာရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများ၌ ရေးသားဖော်ပြနေသည့် လူငယ်များကိုဖမ်းဆီးထားသည်ဆိုသည့်သတင်းများမှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် သတင်းအဆိပ်ခတ် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




☆ **ကျောဖုံးမှအဆက်**

အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့်အားကစားသင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန် အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိလာပြီး ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် နိုင်ငံတော်ကအားထားရသည့် ထူးချွန်သည့် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းနှင့် ဇမ္ဗူသီရိမြို့နယ် အနာဂတ်ကြယ်ပွင့်ပရဟိတကျောင်းမှ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် ပုဗ္ဗသီရိမြို့နယ် Sports Time Club နှင့် YGW မှ မြန်မာ့သိုင်းအားကစားအဖွဲ့တို့က သရုပ်ပြသကြပြီး ပြည်ထောင်စုဝန်ကြီးက အားကစားအဖွဲ့များကို အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်၍ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများ တွေ့ဆုံပွဲ အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Gold Medal Hall ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများအနေဖြင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ကြိုးစားအားထုတ်လေ့ကျင့်သွားရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းသည်။ **(သတင်းစဉ်)**

☐ **ပို့ကုန်လုပ်ငန်းများမှအဆက်**

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ စတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ Border Trade ပို့ကုန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့(OSS)များက ဧပြီ ၂၄ ရက်မှစ၍ တာဝန်ချထားစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းရှင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကိုလေ့လာခြင်း



ဓာတ်ပုံ- အင်တာနက်

**နိဒါန်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၈) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၃ ရက်ကြာ ကျင်းပသည်။ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ သမ္မတလောင်း ၄ ဦးရှိပြီး လက်ရှိသမ္မတ Mr. Putin၊ Mr. Davankov (Liberal New People's Party)၊ Mr. Slutsky (the Liberal Democratic Party of Russia (LDPR)) နှင့် Mr. Kharitonov (the Communist Party)တို့ဖြစ်ကြသည်။ ရွေးကောက်ပွဲတွင် စုစုပေါင်းမဲပေးခွင့်ရှိသူ ၁၁၃ သန်းကျော်အတွက် မဲရုံပေါင်း ၃၈၈၇၉၁ ရုံဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၇၇ ဒသမ ၄၄ ရာခိုင်နှုန်း မဲပေးခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ မဲဆန္ဒရှင် ၈ သန်းကျော်သည် မဲပေးစက်ဖြင့်လည်းကောင်း၊ ၅ ဒသမ ၁ သန်းကျော်သည် အွန်လိုင်းမဲပေးစနစ်ဖြင့်လည်းကောင်း မဲပေးခဲ့ကြပြီး ကြိုတင်မဲပေးသူ ၂ ဒသမ ၆ သန်းရှိသည်။ လက်ရှိသမ္မတပူတင်သည် ထောက်ခံမဲ ၇၆ သန်းကျော်ဖြင့် အနိုင်ရရှိခဲ့ပြီး မဲပေးသူစုစုပေါင်း၏ ၈၇ ဒသမ ၂၉ ရာခိုင်နှုန်းရရှိခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မြို့တော်မှာ မော်စကိုမြို့ဖြစ်ပြီး ကမ္ဘာ့သတ္တမမြောက်အကြီးဆုံးမြို့ဖြစ်သည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာ၊ ဘာသာရေး၊ ဘဏ္ဍာရေး၊ ပညာရေးနှင့်သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဗဟိုချက်မဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို Oblast (၄၆) ခု၊ Republic (၂၂) ခု၊ အုပ်ချုပ်ရေးဒေသ (၉) ခု၊ Okrugs (၄) ခု၊ Autonomous Oblast (၁) ခု၊ Federal Cities (၃) ခု စုစုပေါင်းပိုင်းခြားသတ်မှတ်ထားသည့် ဖက်ဒရယ်ဒေသ (Federal Subjects) (၈၅) ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံမှရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲစနစ်များ**

ရုရှားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ ဖက်ဒရယ်လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲဟူ၍ရှိသည်။ ဖက်ဒရယ်လွှတ်တော်တွင် အထက်လွှတ်တော်(Federal Council)နှင့် အောက်လွှတ်တော် (State Duma)ဟူ၍ လွှတ်တော်နှစ်ရပ်ရှိကြောင်း တွေ့ရှိရသည်။ သမ္မတရွေးကောက်ပွဲများကို ၆ နှစ်လျှင်တစ်ကြိမ် နှစ်ကျော့ပြန်စနစ် ( Two Round System ) ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်လွှတ်တော်ကို ၄ နှစ်လျှင်တစ်ကြိမ် ပြုလုပ်ကျင်းပသည်။ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဖက်ဒရယ်ပြည်နယ် ၈၅ ခုတို့မှ ခန့်အပ်တာဝန်ပေးရွေးချယ်သည့် အစိုးရအဖွဲ့ဝင် ၁ ဦးနှင့်ဥပဒေပြုအဖွဲ့ဝင် ၁ ဦးစီ ပါဝင်သည့် ကိုယ်စားလှယ် ၁၇၀ နေရာရှိပြီး သမ္မတက အထက်လွှတ်တော်ကိုယ်စားလှယ်၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ၁၇ ဦးကို ခန့်အပ်ပိုင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၄၅၀ ရှိပြီး ရွေးကောက်ပွဲများကို ၅ နှစ်လျှင်တစ်ကြိမ် ကျင်းပသည်။

ကိုယ်စားလှယ်နေရာ ၂၂၅ နေရာအား (Closed List Proportional System) ဖြင့်ရွေးချယ်ပြီး အနိမ့်ဆုံးရရှိရမည့် မဲအရေအတွက်သတ်မှတ်ချက်မှာ ၅ ရာခိုင်နှုန်းဖြစ်သည်။ ကျန်ထက်ဝက်ဖြစ်သည့် ၂၂၅ နေရာအား မဲအများဆုံးရသူအနိုင်ယူ (FPTP)စနစ်ဖြင့် ရွေးချယ်ကြောင်း သိရှိရသည်။ ဒေသန္တရရွေးကောက်ပွဲများကို နှစ်စဉ်ကျင်းပပြီး သမ္မတကရွေးကောက်ပွဲများ ကျင်းပရန် ဆုံးဖြတ်သတ်မှတ်ခြင်းဖြစ်သည်။ မြို့တော်ဝန်ရွေးကောက်တင်မြှောက်ခြင်းနှင့် မြို့တော်ကောင်စီ (သို့) မြို့တော်အုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်ခြင်းတို့ ပါဝင်သည်။ ပုံမှန်အားဖြင့် ဒေသန္တရရွေးကောက်ပွဲများကို နှစ်စဉ်စက်တင်ဘာလ၏ဒုတိယတနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိကြောင်းနှင့် မဲဆွယ်စည်းရုံးရေးကာလမှာ ၂၈ ရက်ဖြစ်ကြောင်း တွေ့ရှိရသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လိုက်နာရန်အခြေခံစည်းမျဉ်းများ**

- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ပြည်သူများမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် တိုက်ရိုက်ရွေးချယ်မဲပေး၍ ရွေးကောက်တင်မြှောက်ကြသည်။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသားတစ်ဦးအနေဖြင့် ပါဝင်ခြင်းသည် လွတ်လပ်၍ မိမိဆန္ဒအလျောက်သာ ဖြစ်သည်။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် သို့မဟုတ် မဲပေးခြင်း၌ ပါဝင်ခြင်းမပြုရန် ရည်ရွယ်ချက်ဖြင့် လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ၎င်း၏ဆန္ဒအရ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်အား နှောင့်ယှက်ခြင်းမပြုရ။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံသားများအတွက် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ**

- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသော ရုရှားနိုင်ငံသားတိုင်းသည် မဲပေးခွင့်ရှိခြင်း။
- လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း။
- ရွေးကောက်ပွဲအကြိုကာလများတွင် မဲဆွယ်စည်းရုံးခွင့်ရှိခြင်း။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လေ့လာခွင့်ရှိခြင်း။
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်မှုများအား လေ့လာခွင့်ရှိခြင်း။
- မဲရလဒ်များတွက်ချက် ကြေညာခြင်းဆိုင်ရာကိစ္စရပ်များအား လေ့လာကြည့်ရှုခွင့်ရှိခြင်း။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသူများ**

- အသက် ၃၅ နှစ် ပြည့်မီပြီးသူ ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အနည်းဆုံး ၂၅ နှစ်ကြာ အခြေချနေထိုင်သူ ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခု၏ နိုင်ငံသားဖြစ်သူ သို့မဟုတ် နိုင်ငံသားအဖြစ်ခံယူထားခြင်းမရှိသူ ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် နေထိုင်ခွင့်ဗီဇာ (သို့) နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ယာယီနေထိုင်ခွင့်ဆိုင်ရာ အခြားအထောက်အထား၊ စာရွက်စာတမ်းများမရှိသူ၊
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်ဆောင်ရွက်နေစဉ် ကာလအတွင်း နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည်လည်း သမ္မတရွေးကောက်ပွဲတွင် ပြည်တွင်းရှိနိုင်ငံသားများနှင့် တန်းတူညီမျှသော အခွင့်အရေးများခံစားပိုင်ခွင့်ရှိသည်။

ရုရှားနိုင်ငံ၏ (၈) ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ သမ္မတသက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး နှစ်ကျော့ပြန်စနစ်ကို ကျင့်သုံးသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းနှင့်အထက်ရရှိသည့် ကိုယ်စားလှယ်လောင်း မရှိပါက ဒုတိယအကြိမ်ယှဉ်ပြိုင်မှု (second round) ကို ရွေးကောက်ပွဲကျင်းပပြီး ၃ ပတ်အကြာ (ဧပြီလ ၇ ရက်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ အနိုင်ရရှိသူကို ၂၀၂၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ရာထူးအာဏာ အပ်နှင်းမည်ဖြစ်သည်။ ဒီဇင်ဘာလနှောင်းပိုင်းအထိ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၃၃ ဦး (တစ်သီးပုဂ္ဂလ ၂၄ ဦး၊ ပါတီကိုယ်စားပြု ၉ ဦး) ရှိသည့်အနက် တစ်သီးပုဂ္ဂလ ၆ ဦးနှင့် ပါတီကိုယ်စားလှယ် ၉ ဦးတို့မှာ အချက်အလက်များ တင်သွင်းပြီးဖြစ်ကြောင်း CEC မှ ကြေညာသည်။ အချက်အလက်များ တင်သွင်းပြီးသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား၍ လူထုထောက်ခံမှုရရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံသူ ၃၀၀၀၀၀ မှ ၃၁၅၀၀၀ အထိ ထောက်ခံမှုရရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ပါတီကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံသူ ၁၀၀၀၀၀ မှ ၁၀၅၀၀၀ ရရှိရမည်ဖြစ်သည်။ လက်ရှိသမ္မတပူတင်သည် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လူထုထောက်ခံမှု ၅၀၀၀၀၀ ကျော် ရရှိပြီးဖြစ်သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ ကိုယ်စားလှယ်လောင်းများရရှိသည့် လူထုထောက်ခံမှုအပေါ် မူတည်၍ ကိုယ်စားလှယ်လောင်းအဖြစ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းကို ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ပြီးနောက် ပါတီညီလာခံကိုကျင်းပခဲ့ပြီး ပါတီများအနေဖြင့် မိမိပါတီကိုယ်စားလှယ်လောင်းကို ထောက်ခံပေးရုံမျှမက အခြားပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလများကိုလည်း ထောက်ခံမှုပြုနိုင်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၁၊ အပိုဒ် ၃ အရ လူတစ်ဦးသည် ဆက်တိုက်ဖြစ်သော သမ္မတသက်တမ်း ၂ ကြိမ်ထက်ပို၍ ရွေးကောက်ခံပိုင်ခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။

ရုရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက် ဆန္ဒမဲပေးမှုကို ရုရှားနိုင်ငံတစ်ဝန်းတွင် ၁-၇-၂၀၂၀ ရက်နေ့ကကျင်းပခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ထောက်ခံသူအရေအတွက် ၇၇ ဒသမ ၉၂ ရာခိုင်နှုန်း၊ ကန့်ကွက်သူအရေအတွက် ၂၁ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်းသိရပြီး မဲပေးခွင့်ရှိသူအရေအတွက်၏ ၆၇ ဒသမ ၉၇ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် အောက်ပါအချက်များ အဓိကပါဝင်ပါသည်-

(က) ရုရှားဖွဲ့စည်းပုံအခြေခံဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေထက် အရေးပါခြင်း၊

(ခ) အောက်လွှတ်တော်အနေဖြင့် ဝန်ကြီးချုပ်အမည်စာရင်းတင်သွင်းမှုကို အတည်ပြုခြင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများခန့်အပ်ခြင်းကို အတည်ပြုခြင်း၊ သမ္မတအနေဖြင့် အဆိုပါပုဂ္ဂိုလ်များခန့်အပ်မှုကို ငြင်းပိုင်ခွင့်မရှိသော်လည်း လိုအပ်ပါက ရာထူးမှဖယ်ရှားနိုင်ခြင်း၊

(ဂ) သမ္မတလောင်းတစ်ဦးသည် ရုရှားနိုင်ငံတွင် အနည်းဆုံး (၂၅) နှစ် တစ်ဆက်တည်း နေထိုင်ရန်လိုအပ်ခြင်း၊

(ဃ) သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရားသူကြီးများ၊ ဒေသဆိုင်ရာအကြီးအကဲများအနေဖြင့် နိုင်ငံခြားသား သို့မဟုတ် အခြားနိုင်ငံတွင် နေထိုင်ခွင့်ရရှိထားသူ မဖြစ်ရခြင်း၊

(င) အထက်လွှတ်တော်က ပြည်ထောင်စုတရားသူကြီးများအား တာဝန်မှရုပ်သိမ်းပေးရန် သမ္မတထံ အဆိုပြုနိုင်ခြင်း၊ သမ္မတ၏အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးနှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများကို တာဝန်မှရုပ်သိမ်းနိုင်ခြင်း၊

(စ) နိုင်ငံတော်သမ္မတအနေဖြင့် တရားဥပဒေစိုးမိုးရေး အေဂျင်စီအကြီးအကဲများခန့်အပ်ခြင်းကို အထက်လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊

(ဆ) နိုင်ငံတော်ကောင်စီ၏ အခန်းကဏ္ဍနှင့် အနေအထားဖွင့်ဆိုခြင်း၊ (လက်ရှိဖွဲ့စည်းပုံအရ အဆိုပါကောင်စီမှာ အကြံပေးသဘောအဖွဲ့သာရှိပြီး လက်ရှိဖွဲ့စည်းပုံအရ တာဝန်တိတိကျကျ သတ်မှတ်မထားပါ။)

(ဇ) နိုင်ငံတော်သမ္မတက မေတ္တာရပ်ခံလာပါက ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြန်လည်စိစစ်ရန် ခွင့်ပြုခြင်း၊

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

(ဈ) သမ္မတ၏အများဆုံးတာဝန်ထမ်းဆောင်နိုင်မှု သက်တမ်းအကြိမ်အရေအတွက် သတ်မှတ်ချက်ကို ပယ်ဖျက်ခြင်း။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းထားရှိမှု**

ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၁ အရ သမ္မတရွေးကောက်ပွဲကျင်းပခြင်း၊ ဖက်ဒရယ်ရွေးကောက်ပွဲများကျင်းပခြင်းနှင့်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း စသည်တို့ကိုလုပ်ဆောင်နိုင်သည့် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး သမ္မတမှ ရွေးချယ်ခန့်အပ်ထားသူ ၅ ဦး၊ အထက်လွှတ်တော် ( Federal Council )မှ ရွေးချယ်ခန့်အပ်ထားသူ ၅ ဦးနှင့် အောက်လွှတ်တော် (State Duma) မှ ရွေးချယ်ခန့်အပ်ထားသူ ၅ ဦး စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦး ပါရှိသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး၌ လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲပေးရွေးချယ်ကြောင်း သိရှိရသည်။

လက်ရှိဗဟိုရွေးကောက်ပွဲကော်မရှင်သည် နှစ်ပေါင်း ၂၀ အတွင်း သတ္တမအကြိမ်မြောက် ဖွဲ့စည်းသည့် ကော်မရှင်ဖြစ်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌမှာ မစ္စအီလာပန်ဖီလိုဗာ (Ms. Ella Pamfilova) ဖြစ်ပြီး ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ၁၅ ဦးအနက် ၆ ဦးမှာ ယခင်ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ အဖွဲ့ဝင်များမှာ ချမ်းသာကြွယ်ဝ၍ အတွေ့အကြုံရှိသူများဖြစ်သည့်အပြင် ရွေးကောက်ပွဲလုပ်ငန်းများတွင် ကြိမ်ဖန်များစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများလည်းဖြစ်ကြောင်း သိရှိရသည်။

လက်ရှိရွေးကောက်ပွဲကော်မရှင်၏ဖွဲ့စည်းပုံတွင် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများသာမက လွှတ်တော်ပြင်ပရှိ နိုင်ငံရေးပါတီများ၏ပါတီဝင်များပါ ထည့်သွင်းဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရသည့်အတွက် နိုင်ငံရေးအရ ဘက်ပေါင်းစုံမှပါဝင်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ရွေးကောက်ပွဲတွင်မဲပေးခြင်း**

ရုရှားနိုင်ငံ၏သမ္မတရွေးကောက်ပွဲတွင် မဲရုံများ၌ မဲပေးကြရာတွင် မဲပုံးအတွင်း မဲလက်မှတ်အသုံးပြု တိုက်ရိုက်ဆန္ဒမဲပေးခြင်း၊ အီလက်ထရွန်နစ်မဲပေးစက် အသုံးပြုဆန္ဒမဲပေးခြင်းနှင့် Online စနစ် အသုံးပြုဆန္ဒမဲပေးခြင်းစသည့် နည်းလမ်း ၃ ခုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ မဲလက်မှတ်သုံးတိုက်ရိုက်မဲပေးမှုစနစ်ဖြင့် မဲပေးသူများမှာ


ဓာတ်ပုံ- အင်တာနက်

အသက်အရွယ်ကြီးရင့်သူများဖြစ်ကြပြီး အသက်ငယ်ရွယ်သူများမှာ အီလက်ထရွန်နစ်မဲပေးစက်ကို အသုံးပြု၍ မဲပေးကြသည်။ Online စနစ်ဖြင့် အသုံးပြုမဲပေးသူဦးရေမှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ရွေးကောက်ပွဲကျင်းပသည့်အချိန်ကာလကို ၃ ရက်သတ်မှတ်ထားသဖြင့် မဲရုံများတွင် လာရောက်မဲပေးသူများအနေဖြင့် တန်းစီစောင့်ဆိုင်းစရာမလိုဘဲ မဲပေးနိုင်ကြကြောင်းလည်း တွေ့ရှိရသည်။

မဲစာရင်းတွင် မဲဆန္ဒရှင်အမည်ရှာဖွေခြင်းမှစတင်၍ မဲပေးသည်အထိလုပ်ငန်းစဉ်များ၊ မဲပေးစက်/မဲစာရွက်ဖြင့် မဲပေးနေမှုများမှာ သက်သောင့်သက်သာဖြင့် စည်းကမ်းတကျရှိသည်။ မဲရုံများတွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့်စောင့်ကြည့်လေ့လာသူများဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကိုတွေ့ရှိရသည်။ မဲရုံလုံခြုံရေးဝန်ထမ်း၊ ရဲလုံခြုံရေးဝန်ထမ်းများ လုံလောက်စွာထားရှိပြီး မဲရုံများကိုလုံခြုံရေးကင်မရာ (CCTV) Network အသင့်တပ်ဆင်ထားသည့် အစိုးရ စာသင်ကျောင်းများ၊ ဒေသန္တရရုံးများတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း တွေ့ရှိရသည်။ မဲရုံသို့လာရောက်မဲပေးသည့်အခါ နိုင်ငံသားလက်မှတ် (Passport) ပြသရပြီး ယင်းလက်မှတ်ကို နည်းပညာအသုံးပြု၍ မဲစာရင်းပါ/မပါ၊ မဲပေးပြီး/မပြီးစစ်ဆေးနိုင်သည်။ ထို့နောက် မဲပေးစက် သို့မဟုတ် မဲလက်မှတ်ဖြင့် မဲပေးနိုင်ကြောင်းရှင်းပြပြီး မဲဆန္ဒရှင်က ရွေးချယ်သည့်အတိုင်း မဲပေးနိုင်ရန်စီစဉ်ထားသည်။ မဲရုံများ၌ မဲပေးရာတွင် မဲဆန္ဒရှင်များသည် ၎င်းတို့၏ ကလေးငယ်များကိုပါ ခေါ်ဆောင်လာပြီး လျှို့ဝှက်ဆန္ဒပြုပြီးနောက် အဆိုပါ ကလေးငယ်များကို မဲစာရွက်များအား မဲပုံးထဲသို့ ထည့်သွင်းစေခြင်းဖြင့် လူငယ်များရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အတွေ့အကြုံရရှိစေရန်နှင့် ယဉ်ပါးစေရန်ဆောင်ရွက်ကြကြောင်းတွေ့ရှိခဲ့ရသည်။ ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးရာတွင် လွယ်ကူခြင်း (Easy)၊ လွတ်လပ်ခြင်း (Freedom)နှင့် သက်သောင့်သက်သာရှိခြင်း (Comfort) တို့ကို အလေးထားစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

မော်စကိုမြို့ပေါ်ရှိ မဲရုံများကို CCTV Camera များနှင့် တိုက်ရိုက်ချိတ်ဆက်၍ မဲရုံများ၏လှုပ်ရှားမှုမြင်ကွင်းများကို အဖွဲ့စနစ်ဖြင့် တိုက်ရိုက်စောင့်ကြပ်ကြည့်ရှုထိန်းကျောင်းဆောင်ရွက်သည်။ မဲရုံများအတွင်းဖြစ်ပေါ်လျက်ရှိသည့် မသင်္ကာဖွယ်လှုပ်ရှားမှုများနှင့်ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်သိရှိမှတ်တမ်းတင် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်းလည်း တွေ့ရှိရသည်။ ထူးခြားဖြစ်စဉ်အနေဖြင့် မတ်လ ၁၅ ရက်နေ့တွင် ဒေသန္တရမဲရုံတစ်ခုတွင် အမျိုးသမီးတစ်ဦးမှ မဲပုံးအတွင်းအရောင်ပါသော အရည်များလောင်းထည့်မှုကို တွေ့ရှိ၍ ချက်ချင်းအရေးယူဆောင်ရွက်နိုင်သည်။ မဲရုံများတွင် ဖြစ်ပေါ်လျက်ရှိသောအခက်အခဲများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဖြေရှင်းပေးလျက်ရှိသည်။ လေ့လာစောင့်ကြည့်ရေးအဖွဲ့များမှာ စေတနာ့ဝန်ထမ်း ကျောင်းသားလူငယ်အများစုကို သင်တန်းပို့ချ၍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ကျောင်းသားလူငယ်ထု၏ စိတ်ပါဝင်စားမှုပိုမိုရရှိကာ လူငယ်များအတွင်း ရွေးကောက်ပွဲယဉ်ကျေးမှု မြင့်မားတိုးတက်လာစေသည်။

ရုရှားနိုင်ငံဗဟိုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အိုင်တီနည်းပညာပိုင်းအား ပိုမိုအားကောင်းစွာ အသုံးပြုထားသည်။ ရွေးကောက်ပွဲမတိုင်မီ လေးလအလို၌ အွန်လိုင်းမှတစ်ဆင့် မဲပေးမည့်သူများ၏စာရင်းများကို ကြိုတင်ကောက်ခံစာရင်းသွင်းစေခဲ့ပြီး ရွေးကောက်ပွဲကျင်းပမည့်နေ့များတွင် အွန်လိုင်းမှမဲပေးဆောင်ရွက်စေခြင်းဖြင့် မဲရုံများတွင်မဲပေးမည့်သူများ တန်းစီစောင့်ဆိုင်းခြင်းကို လျော့ပါးစေခဲ့သည်။ ထို့ပြင် အွန်လိုင်းမဲပေးသူများအတွက် မဲလက်မှတ်များ ရိုက်နှိပ်မှုလျှော့ချနိုင်ခဲ့သည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များမှာ ယခင်အတွေ့အကြုံရှိသူများကို ပြန်လည်တာဝန်ပေးအပ်ထားခြင်းဖြစ်ပြီး ထိုသူများမှာ နိုင်ငံ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများကို သင်တန်းများပို့ချ၍ တာဝန်ပေးအပ်ထားပြီး မဲရုံများတွင် တာဝန်ထမ်းဆောင်သည့် အချိန်ကို ONDUTY အဖြစ်သတ်မှတ်ပေးထားသည်။

**နိဂုံး**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏အတွေ့အကြုံရင့်ကျက်စွာ ဆောင်ရွက်နိုင်စွမ်းတို့အပေါ် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ကဏ္ဍအလိုက်ဝိုင်းဝန်းကူညီပံ့ပိုးနိုင်မှုနှင့် နယ်မြေအလိုက် အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပညာရည်အဆင့်အတန်းမြင့်မားခြင်းတို့ကြောင့် ရွေးကောက်ပွဲသည် စနစ်တကျ သပ်သပ်ရပ်ရပ်ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်ရရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ကောင်းမွန်ပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများဖြင့် ကျင်းပပြုလုပ်ခဲ့သော ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲသည် နိုင်ငံပေါင်း ၁၂၉ နိုင်ငံမှ နိုင်ငံတကာလေ့လာသူများနှင့် ရွေးကောက်ပွဲဆိုင်ရာကျွမ်းကျင်သူ ၁၁၁၅ ဦးတို့ လာရောက်လေ့လာခဲ့ကြပြီး နိုင်ငံအသီးသီး၏ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်များနှင့်ကျွမ်းကျင်သူများက ကောင်းမွန်သည့် သဘောထားမှတ်ချက်များပေးခဲ့သည့်အတွက် ရွေးကောက်ပွဲပုံရိပ်မြင့်မားပြီး ခိုင်မာမှုကိုရရှိခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ရုရှားပြည်သူများအနေဖြင့် **"တို့ပြည်သူလူထုအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတော်အတွက် မဲပေးကြပါစို့"** ဆောင်ပုဒ်နှင့်အညီ လူပုဂ္ဂိုလ်အကျိုး၊ ပါတီအကျိုးထက် နိုင်ငံတော်အကျိုးအတွက် အရည်အချင်းရှိသည့် ခေါင်းဆောင်အား တညီတညွတ်တည်း မဲပေးရွေးချယ်ခဲ့ကြကြောင်း တင်ပြလိုက်ရပါသည်။ ။

**မောင်ရွှေရိုး**

# ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများဖြင့် မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဧပြီ ၂၄ ရက်တွင်ဖြစ်ပွားခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် ရွှေဘို-ဆိပ်ခွန်-မူးကမ်းကြီးလမ်းပိုင်းတွင် ကုန်စည်စီးဆင်းမှုပြုလုပ်နေသည့် ကုန်ကားများနှင့်ခရီးသွားပြည်သူများကို ငွေကြေးကောက်ခံခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ၎င်းကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ချီပါကျေးရွာအတွင်းသို့ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ထိုသို့ပြည်သူများကို ဖမ်းဆီးနှိပ်စက်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချရန် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# ကျူးဘားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ၉၀ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ပြီဖြစ်



**ဟာဗားနား မေ ၂၅**

ကျူးဘားနိုင်ငံ ဗီနယ်မြို့အနီးတွင် ဧပြီ ၂၄ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားသုံးစွဲထားရာ ယနေ့တွင် တောမီးလောင်ကျွမ်းမှုကို ၉၀ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ကျူးဘားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီနယ်မြို့သည် UNESCO အဖွဲ့အစည်း၏ ရှေးဟောင်းသမိုင်းဝင်မြို့အဖြစ် အသိအမှတ်ပြုခံထားရသောမြို့ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၅၁ စတုရန်းမိုင်ထိ မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ် သန်းနှင့်ချီလာရောက်လည်ပတ်သည့်မြို့ဖြစ်သကဲ့သို့ ကျူးဘားနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြားရှာဖွေပေးနေသည့် နေရာဖြစ်သဖြင့် ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လူအင်အားသုံးစွဲခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ဗီယန်မြို့အနီးမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျူးဘားနိုင်ငံရဲ့အထင်ကရနေရာမှာ တောမီးလောင်ကျွမ်းခဲ့တာဖြစ်တဲ့အတွက် တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ အင်အားသုံးခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကို ၉၀ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။ လာမဲ့ ၂၄ နာရီအတွင်းမှာ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်တော့မှာဖြစ်ပါတယ်။ ဒေသခံတချို့ကတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်"ဟု ကျူးဘားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဗြိတိန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စီးပွားရေးကဏ္ဍကို ထိခိုက်လာ

**လန်ဒန် မေ ၂၅**

ဗြိတိန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ကာ စီးပွားရေးကဏ္ဍကို ထိခိုက်လာကြောင်း Green Finance Institute (GFI) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သဘာဝဘေးဒဏ်များအပြင် ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့ရကြောင်း၊ ထို့ပြင် သဘာဝဘေးဒဏ်များကြောင့် ဇီဝမျိုးကွဲမျိုးစုံများတချို့လည်း မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း၊ သဘာဝဘေးဒဏ်များအပြင် ကပ်ရောဂါများကြောင့် စီးပွားရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၇၃ ဒသမ ၈၃ ဘီလီယံထိ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြောင်း GFI မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် စီးပွားရေးလုပ်ငန်းတွေ သိသိသာသာ ကျဆင်းခဲ့ရတယ်။ စစ်တမ်းတွေအရ ဗြိတိန်ရဲ့စီးပွားရေးကဏ္ဍကို ကြီးမားတဲ့ထိခိုက်မှုတွေ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင်သွားသင့်တယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားသင့်တယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပမာဏတစ်ခုလောက်ထိ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားသင့်တယ်။ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာရင်လဲ ပျက်စီးဆုံးရှုံးမှုတွေ အနည်းဆုံးဖြစ်ဖို့အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာတွေကိုလဲ သေချာပြင်ဆင်ထားသင့်တယ်"ဟု GFI မှ ပြောရေးဆိုခွင့်ရှိသူ မာရီသောမတ်စ်က ပြောကြားခဲ့သည်။

အနာဂတ်ဗြိတိန်စီးပွားရေးကဏ္ဍကို ကြီးမားသည့်ထိခိုက်နစ်နာမှုမျိုးမဖြစ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို၍အလေးထားဆောင်ရွက်သွားသင့်ကြောင်းလည်း GFI မှ သုတေသီများက သတိပေးခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# မက္ကဆီကိုနိုင်ငံ တောင်တန်းများ၌ တရားမဝင်ရေစုပ်စက်တပ်ဆင်ထားမှုနှင့် လိုင်စင်မဲ့တူးဖော်ထားသော ဆည်မြောင်း၊ ရေကန်များနှင့်ပတ်သက်၍ တောင်သူများဆန္ဒထုတ်ဖော်

**မက္ကဆီကိုစီးတီး မေ ၂၅**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ အနောက်ဘက်တောင်တန်းများပေါ်၌ စိုက်ပျိုးထားသည့် ထောပတ်သီးခြံများနှင့် ဘယ်ရီသီးစိုက်ခင်းများအတွက် တောင်ပေါ်ရှိ ရေအရင်းအမြစ်များမှ တရားမဝင်ရေစုပ်စက်တပ်ဆင်ကာ ရေသွင်းစိုက်ကြပြီး လိုင်စင်မဲ့ဆည်မြောင်းရေကန်များ တူးဖော်ကာ ရေသိုလှောင်ကြသည့်အတွက် အစိုးရကို ဖြေရှင်းပေးရန် ဧပြီလဒုတိယပတ်ကတည်းက တောင်သူများ ဆန္ဒထုတ်ဖော်မှုဆက်တိုက်ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေပေါပေါလျှံလျှံနှင့် စိုက်ပျိုးရသည့် ထောပတ်သီးခြံများနှင့် ဘယ်ရီသီးစိုက်ခင်းများသည် ရေရှားပါးခြင်းကို ပိုမိုဖြစ်စေပြီး တောင်ပေါ်ရှိ ရေအရင်းအမြစ်အားလုံးကို အဆိုပါခြံများနှင့် စိုက်ခင်းများက အသုံးပြုလိုက်သည့်အတွက် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းစိုက်ပျိုးရေးလုပ်ငန်းများ၌ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"တောင်ပေါ်မှာ အရင်ကရှိခဲ့တဲ့ စမ်းချောင်းတွေ၊ မြစ်ချောင်းတွေဟာ ၁၀ နှစ်ဆိုတဲ့အချိန်ကာလအတွင်းမှာ ခန်းခြောက်လာပြီး ရေရှားပါးမှုတွေ ဖြစ်လာပါတယ်။ အခုလို သဘာဝရေအရင်းအမြစ်အားလုံးကို အဓိကအားဖြင့် ထောပတ်သီးနဲ့ ဘယ်ရီသီးတွေအတွက် သုံးလိုက်တာဖြစ်လို့ တောင်ပေါ်ကကျဆင်းလာမဲ့ ရေကိုအားကိုးပြီး စိုက်ပျိုးရေးလုပ်တဲ့ ကျွန်တော်တို့လို တောင်သူတွေ ဒုက္ခရောက်နေကြပါတယ်။ အခုဆိုရင် ရေလုံလုံလောက်လောက်ဝမရတော့တဲ့ရွာတွေ ပါရှိတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

တောင်တန်းများပေါ်တွင် တရားမဝင် ရေစုပ်စက်တပ်ဆင်ကာ ရေအသုံးပြုမှုများနှင့် လိုင်စင်မဲ့တူးဖော်ထားသောဆည်မြောင်းရေကန်များ၌ ရေသိုလှောင်မှုကြောင့် တောင်အောက်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူများက တရားမဝင် ရေစုပ်စက် တပ်ဆင်ထားမှုများနှင့် လိုင်စင်မဲ့တူးဖော်ထားသော ဆည်မြောင်းရေကန်များကို ဖယ်ရှားပေးရန် အစိုးရကို ဆန္ဒထုတ်ဖော်တောင်းဆိုကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KZ**



# အိန္ဒိယနိုင်ငံ တြိပူရပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများကို ဧပြီ ၂၇ ရက်ထိ ပိတ်ထားရန် ထုတ်ပြန်

**နယူးဒေလီ မေ ၂၅**

အိန္ဒိယနိုင်ငံ တြိပူရပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများ အားလုံးကို ဧပြီ ၂၇ ရက်ထိ ပိတ်ထားရန် သက်ဆိုင်ရာအာဏာပိုင်များက ဧပြီ ၂၃ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တြိပူရပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်များ ဆက်တိုက်မြင့်တက်လျက်ရှိပြီး ဧပြီ ၂၄ ရက်မှစတင်၍ ဧပြီ ၂၇ ရက်ထိ ကျောင်းများအားလုံးကို ပိတ်ထားရန် ပြည်နယ်အစိုးရက ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း၊ အပူလှိုင်းကြောင့် ကျောင်းများ ပိတ်ထားရန် အကြောင်းကြားစာကို ပြည်နယ်ပညာရေးမှူးရုံးမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ ဖြန့်ဝေထားကြောင်း သိရသည်။

အိန္ဒိယမိုးလေဝသဌာန၏သတင်းထုတ်ပြန်ချက်များအရ တြိပူရပြည်နယ်တွင် ပြီးခဲ့သည့်သီတင်းပတ်မှစတင်၍ အပူချိန်ပြင်းထန်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကာ နောက်ထပ်ရက်အနည်းငယ်ထိ အပူချိန်မြင့်တက်မှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားကြောင်း သိရသည်။

သက်ဆိုင်ရာအာဏာပိုင်များက ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်များကို ရာသီဥတုအခြေအနေကို ပြည်သူများသိရှိစေရေး မီဒီယာများမှတစ်ဆင့် ပညာပေးဆောင်ရွက်ရန်၊ ရာသီဥတုအခြေအနေနှင့် ပတ်သက်သော နောက်ဆုံး အခြေအနေများကို ပြည်သူများသိရှိစေရန်၊ လူအများသွားလာသည့်နေရာများ၊ လူထူထပ်သောနေရာများတွင် ခိုနားရန်နေရာနှင့် အရိပ်အာဝါသများပြုလုပ်ပေးရန်၊ ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန်၊ ဆေးဝါးပံ့ပိုးမှုနှင့် အခြားလိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး အသင့်ပြင်ဆင်ထားရန်၊ အရေးပေါ်ကုသရေးဌာနများ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့အစည်းများနှင့် အရင်းအမြစ်များဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးဝေရေး လုပ်ငန်းများတွင်လည်း သက်ဆိုင်ရာ အေဂျင်စီများဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် အကြံပြုထားကြောင်း သိရသည်။

**Ref: Sputnik News**
**Trs: AZH**

# အမေရိကန်နိုင်ငံ၌ ၂၅ နှစ်တာကာလအတွင်း အဆိုးရွားဆုံးလေထုညစ်ညမ်းမှုဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် မေ ၂၅**

အမေရိကန်နိုင်ငံ၌ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့်မီးခိုးငွေ့များကြောင့် နှစ်ပေါင်း ၂၅ နှစ်အတွင်း အဆိုးရွားဆုံးသော လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း American Lung Association မှ သုတေသီများက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

American Lung Association သည် နှစ်စဉ် အမေရိကန်နိုင်ငံ၏ လေထုညစ်ညမ်းမှုဆိုင်ရာ နှစ်ချုပ်မှတ်တမ်းများကို ထုတ်ပြန်လျက်ရှိကြောင်း၊ ဧပြီ ၂၄ ရက်က ထုတ်ပြန်ခဲ့သော မှတ်တမ်းများအရ မိန်းပြည်နယ် ဘန်ဂေါမြို့၊ ဟိုနိုလူလူမြို့၊ ဟာဝိုင်ရီပြည်နယ်၊ မြောက်ကာရိုလိုင်းနားပြည်နယ် ဝီလ်မင်တန်မြို့တွင် လေထုညစ်ညမ်းမှုပမာဏ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

"နိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လေထုညစ်ညမ်းမှုဟာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ပြီးတော့ နှစ်ပေါင်း ၂၅ နှစ်အတွင်း အဆိုးရွားဆုံးသော လေထုညစ်ညမ်းမှုပမာဏကို ရောက်ရှိနေပါတယ်။ အန္တရာယ်ရှိတဲ့အဆင့်ဖြစ်တဲ့အတွက် အထူးသတိပြုနေထိုင်သင့်တဲ့ကာလဖြစ်ပါတယ်။ လက်ရှိမှာတော့ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်တဲ့အရာတွေအားလုံးကို ကန့်သတ်ထားပြီးလဲဖြစ်ပါတယ်။ ၁၉၇၀ လေထုသန့်စင်မှုအက်ဥပဒေအရ မော်တော်ယာဉ်တွေက လေထုညစ်ညမ်းမှုဖြစ်ပေါ်နေတဲ့ကဏ္ဍကို ထိန်းချုပ်ထားပြီးဖြစ်တယ်။ လောင်စာနဲ့ပတ်သက်ပြီး လေထုညစ်ညမ်းမှုဖြစ်ပေါ်စေတဲ့ လောင်စာတွေကို ကန့်သတ်ထားပြီးဖြစ်တယ်။ ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကိုလဲပိတ်ထားပြီးဖြစ်တယ်။ ဒါပေမဲ့လဲ လေထုညစ်ညမ်းမှုပမာဏတွေမြင့်တက်နေဆဲပါပဲ"ဟု American Lung Association မှ လက်ထောက်ညွှန်ကြားရေးမှူး ကက်သရင်းက ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန် ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန် ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ငါးတန် ပိဿာချိန် ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်းက ငါးတန်ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဖျာပုံနယ်ဘက်မှာ ပြီးခဲ့တဲ့လကကော၊ အခုလက်ရှိမှာကော ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ တင်ပို့မှုများလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အဆင်ပြေလာပါတယ်" ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၉၂၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရသောကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေး ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# သံတောင်ကြီးမြို့နယ် ငှက်ပျောတော(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဧပြီ ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာကြီးကျေးရွာအုပ်စု ငှက်ပျောတော (အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငှက်ပျောတော(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငှက်ပျောတော (အထက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ပြောပြ၍ သိရသည်။

**အထွေး**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၁၀ | ၂၈၉၅ | ၂၈၅၅ | ၂၉၁၀ | ၂၉၃၀ | ၂၉၃၅ | ၂၈၉၅ | ၃၀၃၀ | ၃၀၅၅ | ၂၉၀၀ | ၂၉၁၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၅၀ | ၃၃၇၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၂၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၄၅ | ၃၀၀၅ | ၃၁၄၅ | ၃၁၇၀ | ၃၁၁၅ | ၃၀၃၀ | ၃၀၆၀ | ၃၀၅၅ | ၃၀၆၅ | ၃၄၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၈၀ | ၂၄၆၅ | ၂၄၂၀ | ၂၄၈၀ | ၂၄၉၅ | ၂၅၀၀ | ၂၄၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၀ | ၂၅၁၅ | ၂၉၄၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၆၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၂၅ | ၂၅၁၀ | ၂၄၇၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၄၅ | ၂၆၇၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၉၆၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၈ | ၂၇၉၆ |
| 95 Ron | ၂၈၁၈ | ၂၉၀၈ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၆၄ |
| HSD (50 ppm) | ၂၃၃၅ | ၂၄၁၁ |
| HSD (10 ppm) | ၂၃၃၅ | ၂၄၁၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မရိုးသားခြင်း၏ပြယုဂ်

မောင်လွှား(ဝမ်းတွင်း)



(၁)

ဖုန်းအဆက်မပြတ်ခေါ်ရင်း လူကြီးမင်းနှင့် တိုးနေသောဖုန်းကို စိတ်ထဲတွင် ဒေါသလည်းထွက် ဝမ်းလည်းနည်းနေမိသည်။ မျက်စိရှေ့တွင် မြင်မြင်သမျှအရာများကိုလည်း ပစ်ပေါက်ရိုက်ခွဲပစ်ချင်စိတ် တဖွားဖွားပေါ်လာသည်။ တွေးရင်း ကိုယ့်ဒေါသကို ကိုယ်မထိန်းနိုင်ဘဲ အနားတွင်ရှိသောလက်ဖက်ရည်ပန်းကန်တစ်လုံးကို ရိုက်ခွဲပစ်လိုက်သည်။

"ခွမ်း"

"ကိုအောင်စိုး တော် ဘာဖြစ်နေတာတုံး။ လက်ဖက်ရည်ပန်းကန်က တော့်ကို ဘာရန်လုပ်နေလို့တုံး။ တော်က တစ်ခုခုဖြစ်ရင် အိမ်မှာရှိတဲ့ပစ္စည်းတွေကိုပဲ ရန်ရှာနေတာ။ ဘာမှန်းကိုမသိဘူး။ တော် အသုံးမကျလို့ တော်ဖြစ်တာလေ။ လက်ဖက်ရည်ပန်းကန်နဲ့ ဘာဆိုင်လို့တုံး"

ဘေးကနေ တဖျစ်တောက်တောက် ထိုင်ပြောနေသော မိန်းမဖြစ်သူ မိအေးကို ကျွန်တော် ဘုကြည့်ကြည့်လိုက်သည်။

"ဟုတ်တယ်ဟာ ငါ အသုံးမကျလို့၊ ငါအသုံးမကျလို့" ဟု ပြောရင်း ကိုယ့်ကိုယ်ကိုယ် ရိုက်ပုတ်လိုက်မိသည်။ ထို့ပြင် ဒေါသအရှိန်ကြောင့် မြင်မြင်သမျှအရာများကို ပစ်ပေါက်ရိုက်ခွဲချင်စိတ်များက တဖွားဖွားထပ်၍ ပေါ်ပေါက်လာသည်။ ထိုဒေါသများကို ချုပ်တည်း၍ ထိုင်နေရာမှထကာ အိမ်အောက်ထပ်ရှိ ခုတင်ပေါ်သို့သွား၍ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ အနားတွင်ရှိသော မိန်းမဖြစ်သူမိအေးဖုန်းကို ကောက်ယူ၍ ထပ်ဆက်လိုက်သည်။ သို့သော် လူကြီးမင်းနှင့်ပင် တိုးနေလေသည်။ ကျွန်တော် စိတ်ပျက်လက်ပျက်ဖြစ်ကာ ဖုန်းကိုပစ်ချလိုက်ပြီး ဟိုတွေးသည်တွေး တွေးတောရင်း အတွေးများနယ်ချဲ့နေမိသည်။

(၂)

"ကိုအောင်စိုး တော် အိပ်နေတာ ဘယ်အချိန်ရှိနေပြီတုံး။ ၁၁နာရီတောင် ထိုးနေပြီလေ။ ထတော့လေတော်"

"အေးပါ မိန်းမရယ်။ ထပါပြီကွာ။ ငါ ခေါင်းကိုက်လို့မှေးလိုက်တာ အိပ်ပျော်သွားတာ"

"ကိုက်မှာပေါ့။ အချိန်မရွေးသောက်နေတာကို"

"အချိန်မရွေးတော့ ငါ မသောက်ပါဘူးကွာ"

"ထတော့ ထတော့။ တော်ပြောတော့ ဒီနေ့ တော့်မိတ်ဆွေ ရွာကို စပါးရိတ်ခြွေစက်နဲ့ သွားရမှာဆို"

"အေး ငါသိတယ်လေ။ နေ့လယ်လောက်မှသွားမှာ" ဟုပြော၍ အိပ်ရာထဲမှလေးကန်နွေးကွေးစွာ ထလိုက်သည်။

"ငါ့အဝတ်အစားလေးတွေ သုံးစုံလောက်ထည့်ပေးထားအုံး။ ငါ ဟိုမှာ ရက်၂၀ လောက်ကြာမှာ။ သားသားကိုလဲ ဂရုစိုက်အုံးနော်။ အစစအရာရာဂရုစိုက်"

"နောက်ပိုင်းကို စိတ်ချပါတော်။ တော်သာ ဟိုမှာ မူးမနေနဲ့"

ကျွန်တော် နေ့လယ်စာ စားနေရာမှ မိန်းမ၏အမှာစကားကြောင့် စုတ်သပ်လိုက်မိသည်။ နေ့လယ်စာ စားပြီးသည်နှင့် ခဏနားကာ မောင်လုံးကိုအသံပေး၍ ရိတ်ခြွေစက်မောင်းပြီး ထွက်ခဲ့လိုက်သည်။

အဖေနှင့် အမေကို ကျေးဇူးတင်မိသည်။ ကျွန်တော်အိမ်ထောင်ပြုစဉ်အခါက မျက်နှာမငယ်ရအောင် အများနည်းတူ နွားတစ်ရှဉ်းနှင့် မြေတစ်ဧကလက်ဖွဲ့ပေးခဲ့သလို မင်္ဂလာပွဲကိုလည်း ခမ်းခမ်းနားနားကျင်းပပေးခဲ့သည်။ စီးပွားရေးအနည်းငယ်ဖြစ်ထွန်းလာသောကြောင့် အိမ်ခွဲနေသောအခါတွင်လည်း အဖေ၊အမေတို့၏ မြေဧကတချို့ကို အငှားသဘောမျိုးလုပ်ခွင့်ရခဲ့သည်။ ထိုသို့ ကြိုးစားလုပ်ခဲ့ရာမှ စပါးရိတ်ခြွေစက်အဟောင်းတစ်စီးကို ဝယ်နိုင်လာသည်။ ဝယ်နိုင်သည်ဟုဆိုသော်လည်း မြေတစ်ကွက်နှင့် စုထားသမျှအပြင် အဖေနှင့်အမေဆီကပါ ငွေချေး၍ ဝယ်ယူခဲ့ရသည်။ ယခု ကျွန်တော်ကြိုးစားရဦးမည်။

"လူလောကထဲ ရောက်လာသော ကျွန်တော်တို့၏ သားဦးလေးအတွက် ကျွန်တော် အခုကတည်းက ကြိုးစားမှ တော်ကာကျမည်" ထိုစကားလုံးများသည် ကျွန်တော်တို့ လင်မယားနှစ်ယောက် အမြဲလိုလိုရေရွတ်နေကျ စကားလုံးများပင်ဖြစ်သည်။ ထိုစကားလုံးများကို တွေးတောသိရှိလာစေရန် လမ်းပြသူက ကျွန်တော့်ဇနီး မိအေးပင်ဖြစ်သည်။ ဟုတ်ပါသည်။ အသက်၃၀ နှစ်ထဲရောက်မှ အိမ်ထောင်ကျသော ကျွန်တော်တို့ လင်မယားနှစ်ယောက် သားဦးလေးအတွက် လုံးပန်းကာ ကြိုးစားနေရသည်။ သားယောကျ်ားလေးဖြစ်သည့်အတွက် ရှင်ပြုနိုင်ရန်ကြိုးစားနေရသည်။ သားလေးက အသက် ၁၉၊ ၂၀ တက္ကသိုလ်ကျောင်းသားအရွယ် ရောက်လာလျှင် ကျွန်တော်တို့လင်မယားကဇရာထောင်းကာ သွက်လက်စွာလုပ်ကိုင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အရွယ်ရှိတုန်း ကြိုးစားရှာဖွေ စုဆောင်းထားနိုင်မှ တန်ကာကျမည်။ ထိုသို့ တွေးတော ကြံစည်ထားသမျှ အတွေးအကြံများသည် ကျွန်တော့်ဇနီး မိအေး၏ အတွေးအကြံများပင် ဖြစ်သည်။ ကျွန်တော် အလုပ်နားသည့်အခါတိုင်း ကျွန်တော်တို့ဇနီးမောင်နှံ အလုပ်အကြောင်း တိုင်ပင်သည့်အခါတိုင်း သူပြောပြနေကျစကားများပင် ဖြစ်သည်။ ကျွန်တော် သေချာစဉ်းစားကြည့်လိုက်တိုင်းလည်း သူ့အတွေးအကြံများက မှန်နေသည်ဟု ခံစားမိသည်။ ထို့ကြောင့် ကျွန်တော် ကြိုးစား၍ ရှာဖွေစုဆောင်းရဦးမည်။

ရွာထိပ်သို့ရောက်သည်နှင့် အစ်ကိုမောင်လှကို ဖုန်းဆက်၍ ရွာထိပ်သို့ရောက်ရှိကြောင်းပြောကာ စပါးရိတ်ခြွေစက်ကို အစ်ကိုမောင်လှအိမ်သို့ မောင်းနှင်သွားလိုက်သည်။

"ဟာ အောင်စိုး မင်း ငါ့အိမ်တော့မှတ်မိသားပဲ"

"မှတ်မိတာပေါ့ အစ်ကိုရာ ဘယ်မေ့ပါ့မလဲ" ဟု ကျွန်တော်ပြုံး၍ ပြန်ပြောလိုက်သည်။

"ဒီနေ့တော့ နေလဲစောင်းပြီ။ မင်း အခုည စရိတ်မှာလား"

"ဟာ မလုပ်ပါနဲ့ အစ်ကိုရာ။ ဒီညတော့ မရိတ်ပါရစေနဲ့။ မနက်မှပဲ အလုပ်စတော့မယ်"

"မသိဘူးလေကွာ မင်းက လောဘရှိတော့ ဒီညပဲ အလုပ်စမလားလို့"

ကိုမောင်လှ၏စကားကြောင့် ကျွန်တော် တိတ်ဆိတ်စွာ ပြုံးရယ်လိုက်မိသည်။ ဟုတ်လည်း ဟုတ်သည်။ ကိုမောင်လှပြောသလို ကျွန်တော့်မှာ လောဘရှိသည်ကို တိတ်ဆိတ်စွာပြုံးရယ်ခြင်းဖြင့် ဝန်ခံလိုက်သည်။ ထိုလောဘသည် ဇနီးသည်နှင့်သားလေးကို လူလောကအလယ်မှာ မပူမပင်ရအောင် ပြည့်ပြည့်စုံစုံထားချင်သောစိတ်ကြောင့် ဖြစ်တည်လာသောအရာပင်ဖြစ်သည်။ စပါးရိတ်ခြွေစက်ဖြင့် ကောက်ကြီးစပါးတစ်သီးသာ ရိတ်သိမ်းရသည်။ သည်အချိန်တွင် အကွက်များများ ရိတ်သိမ်းရရေးကို အဓိကထားရသည်။ စပါးရိတ်ခြွေစက်ဝယ်စဉ်အချိန်က အဖေနှင့်အမေဆီက ချေးငှားထားသော ငွေကြေးအတော်များများကလည်း ဆပ်ရန်ကျန်နေသေးသည်။ စပါးရိတ်ခြွေစက်က မိမိကိုယ်ပိုင်စက် မဖြစ်သေးပေ။ ထို့ကြောင့် ကျန်နေသောအကြွေးများ ဆပ်နိုင်ရန် ကြိုးစား၍ လုပ်နေရသည်။ ထိုအရာကို တွေးလိုက်မိတိုင်း "ငါ ကြိုးစားရဦးမည်" ဟူသောစကားလုံးကခေါင်းထဲတွင် သူ့အလိုလိုပေါ်လာသည်။

(၃)

"ကဲ အောင်စိုးရေ ငါတို့မနက်စာစားပြီးတာနဲ့ သွားကြတာပေါ့။ အခုလောလောဆယ် ငါ့ဆီမှာ လာမှတ်ထားတဲ့စာရင်းက ၁၆ ဦးတော့ရှိတယ်။ တော်သေးတာပေါ့။ မင်းမှာ ကူဖော်တစ်ယောက်ပါလို့။ မဟုတ်လို့ရှိရင် မင်းမလွယ်ဘူး"

"ဟုတ်တယ် ကိုမောင်လှရယ်။ ဒါကြောင့် မောင်လုံးကို စက်မောင်းခေါ်လာတာ"

"ဦးကံလှအကွက်တွေကနေ အရင်စ ရိတ်ကြမယ်"

ကျွန်တော်စပါးစရိတ်နေစဉ်မှ နောက်ထပ် ရိတ်ခြွေစက်ကို ဖုန်းဆက်၍တစ်မျိုး၊ လူကိုယ်တိုင်တစ်ဖုံ လာမှတ်ကြသူများ ထပ်တိုးလာသည်။

"ကဲ အောင်စိုးရေ စက်လာငှားသူတွေ ထပ်တိုးလာတယ်။ အခြားစက်တွေထက် မင်းစက်ကပိုသပ်ရပ်တော့ မင်းဆီပဲ လူအုံနေတော့မှာ"

"ကောင်းတာပေါ့ အစ်ကိုရာ။ ကျွန်တော်တို့ များများရိတ်ရတာပေါ့"ဟု ကျွန်တော်ပြုံးရယ်၍ ပြန်ပြောလိုက်သည်။

ဦးကံလှအကွက်များ ရိတ်သိမ်းပြီးသည်နှင့် ဖုန်းဖြင့်မြေဧရိယာတိုင်းကာ "လေးဧကနဲ့ဒသမငါး"ဟု ဆုညံနေသောစက်သံကြားမှ မောင်လုံးကို လှမ်းအော်ကာ ပြောခိုင်းလိုက်သည်။ ထပ်တိုးစာရင်းမှတ်သူများ တဖြည်းဖြည်းများလာသောကြောင့် နေ့တိုင်းလိုလို ည ၁၀ နာရီထိ ရိတ်ရသည်။ တောင်သူတစ်ဦး၏ လယ်ကွက်များရိတ်ပြီးတိုင်း ဖုန်းဖြင့်မြေဧကတိုင်းတာ၍ လယ်ပိုင်ရှင်ကို မူလထက် ဒသမ ၀၅ လောက် ပိုပြောထားလိုက်သည်။ သို့မှသာ လယ်ပိုင်ရှင်က လျှော့ခိုင်းလျှင် ပိုပြောထားသည်ကို အလျှော့တွက်အဖြစ် သတ်မှတ်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့မလုပ်လျှင် ကျွန်တော့်အတွက် တွက်ခြေကိုက်မည်မဟုတ်ပေ။ ထိုသို့ လာမှတ်ထားကြသော တောင်သူများ၏ လယ်ကွက်များ အကုန်ရိတ်ကာ ကျွန်တော့်ရွာသို့ ပြန်ခါနီးမှ ကျသင့်ငွေကို လိုက်တောင်းလိုက်သည်။

"ဟဲ့ မောင်လှ နင်တို့ မြေဧကတိုင်းတာ ဟုတ်ကောဟုတ်ရဲ့လားဟယ်။ အရင်နှစ်ကထက် မြေဧကတွေ ဒသမ၂၀ ပိုများလာလို့"

"မသိဘူး မခင်မြရယ် စက်ပိုင်ရှင်တိုင်းတာပဲ"

"ကျွန်တော် ပုံမှန်အတိုင်း တိုင်းပေးတာပါ ကြီးကြီး။ မြေကျယ်လို့ ဧကပိုတက်တာပါ"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်မှာပါ ခင်မြရယ်။ ငါ လယ်လုပ်ချိန်က အကွက်ကန်သင်းတွေကို ပေါက်တူးပေါက်ပြီး ချဲ့ထားသေးတာ"

"အေးပါတော်။ နည်းနည်းလောက် လျှော့ပါအုံးလား"

"ဟာ လျှော့ပေးထားပြီးသားလေ။ ထပ်လျှော့လို့ မရတော့လို့ပါ ကြီးကြီးရယ်"

ထိုသို့ စပါးရိတ်ခြွေစက်ခ လိုက်တောင်းတိုင်း မြေဧကဒသမ များနေသောကြောင့် လျှော့ခိုင်းကြသူကများသည်။ သို့သော် ကျွန်တော် သိပ်လျှော့လို့ မဖြစ်ပေ။

"ဟ စက်သမားလာတယ်ဟ။ စပါးရိတ်ခ ပေးလိုက်အုံး မိန်းမရေ။ လေးဧကနဲ့ ဒသမ ၅၀ နော်။ အဲဒါ ဒသမ ၀၅ လျှော့ပေးထားပြီးသား။ တစ်ဧကတစ်သိန်းကိုးသောင်းနဲ့ သေချာတွက်ပြီး ယူခဲ့နော်"

"ဟာ ဦးလေး လွဲပြီ။ လေးဧကနဲ့ ဒသမ ၀၅ ပဲကျတာကို"ဟု ကျွန်တော့် စိတ်ထဲတွင်တွေးလိုက်မိသည်။ သို့သော် ကျွန်တော် ထုတ်မပြောဖြစ်ပေ။

"လာ ထိုင်ကြအုံးကွာ။ မောင်လှရေ မင်းကောင်က သောက်တတ်လား"

"အိမ်မှာ ချမလို့ ဝယ်တောင်ထားပြီ ဦးလေးကံ"

"အိမ်မှာလုပ်မနေနဲ့ ဒီမှာပဲဝိုင်းလိုက်ကြရအောင်"

"ကျွန်တော် ရွာကိုပြန်ရမှာနော် အစ်ကိုမောင်လှ၊ မှောင်နေပြီ သိပ်နောက်ကျလို့မဖြစ်ဘူး"

"အေးဆေးပေါ့ အောင်စိုးရာ။ မောင်လုံးလဲ ပါနေတာကို။ မောင်လုံးဆိုမှ သတိရတယ်၊ ငါ့အိမ်မှာ သူစောင့်နေလိမ့်မယ်။ ဖုန်းဆက်ခေါ်လိုက်မယ်ကွာ။ ဦးလေးကံနဲ့ ဒီမှာပဲဝိုင်းလိုက်တော့မယ်"

စာမျက်နှာ ၂၅ သို့ ➤

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၁၇၀၂၇ ဧက ရိတ်သိမ်းပြီးစီး



**ကလေးဝ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစုံ ၁၇၀၂၇ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၀၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးဝမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံစုံ ၁၇၀၂၇ ဧကစိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ခင်းဧကအားလုံးရိတ်သိမ်းပြီးပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန် စိုက်နိုင်ခဲ့တယ်။ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဆီထွက်သီးနှံအလိုက်ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲဧက ၅၃၇၀၊ နှမ်း ၅၇၉ ဧက၊ နေကြာ ၆၇၅၃ ဧက၊ ပန်းနှမ်း ၄၃၂၅ ဧကဖြစ်ကြောင်း၊ မြေပဲ တစ်ဧကလျှင် ၇၁ ဒသမ ၅ တင်း၊ နှမ်းတစ်ဧကလျှင် ၁၂ ဒသမ ၀၃ တင်း၊ နေကြာ တစ်ဧကလျှင် ၃၀ ဒသမ ၁၂ တင်း၊ ပန်းနှမ်း တစ်ဧကလျှင် ၁၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် အောင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်းကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်းကန်ကျေးရွာရှိ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၅၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

➤ စာမျက်နှာ ၂၄ မှအဆက်

"အေးဗျာ ချမယ်ဗျာ"ဟု ပျော်ရွှင်တက်ကြွစွာပြောရင်း ဦးလေးကံ၏ မိန်းမပေးသော ပိုက်ဆံကို ရေတွက်၍ လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။

ကျွန်တော်နှင့် မောင်လုံး သောက်စားပြီးမှ အိမ်ပြန်လာရာ ညဦး၁၂နာရီကျော်မှ အိမ်ပြန်ရောက်လေသည်။ သောက်လာသော အရှိန်ကြောင့် မိန်းမကိုပင် ဘာမျှမပြောနိုင်ဘဲ လွယ်အိတ်ပေးကာ အိပ်ရာထဲသို့ လှဲအိပ်ချလိုက်သည်။

"ကိုအောင်စိုး ထအုံး ထအုံး။ တော့်လွယ်အိတ်ထဲ တော့်ဖုန်း မပါဘူးနော်"

"ဘာလဲကွာ မင်းကလဲ စောစောစီးစီး"

"ဘာနေရမှာတုံး တော့်ဖုန်းမပါဘူးနော်။ တော့်အိတ်ထဲလဲ မရှိဘူး။ ရှာနေတာလဲ မတွေ့ဘူး။ ဖုန်းခေါ်ကြည့်တော့လဲ ဖုန်းမဝင်ဘူးနော်"

"မောင်လုံးဆီ ပါသွားတာနေမှာပေါ့ကွာ။ သူ့ကိုမေးကြည့်ပါအုံး"

"မေးပြီးပြီ သူ့ဆီလဲမပါလာဘူးတဲ့"

ကျွန်တော့်ဇနီးပြောမှ ကျွန်တော်အိပ်ရာထဲမှအလူးအလဲထကာ လိုက်ရှာလိုက်သည်။ မတွေ့ပေ။ ကျွန်တော်၏ ပိုက်ဆံအနည်းငယ်ထည့်ထားသော ပိုက်ဆံအိတ်ပါ မတွေ့တော့ပေ။ သေချာပါပြီ ပိုက်ဆံအိတ်ရော၊ ဖုန်းရော ကျပျောက်ခဲ့ပြီ။

(၄)

ကျွန်တော်တွေးတော၍ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ကာ ခုတင်ကို လက်ဖြင့်ပုတ်လိုက်သည်။

"ခုမှလာပြီး ဒေါသတွေထွက်မနေနဲ့။ အစကတည်းကပြောပါတယ် ဟိုရောက်ရင် မသောက်ပါနဲ့လို့ပြောတဲ့ဟာကို နားမထောင်ဘူး "

"အစ်ကိုအောင်စိုးရေ အစ်ကိုအောင်စိုး အခု ကိုမောင်လှ ဖုန်းဆက်တယ်ဗျ။ အစ်ကို့ဖုန်းနဲ့ ပိုက်ဆံအိတ် ဦးလေးကံတို့အိမ်မှာ ကျကျန်ခဲ့တာတဲ့။ အဲဒါ ပြန်လာယူလှည့်တဲ့"

ဘေးအိမ်ကနေ အော်ပြောနေသော မောင်လုံးအသံကြားမှ ကျွန်တော် ခုတင်ပေါ်မှချက်ချင်းထကာ လှမ်းအော်၍ ပြန်မေးလိုက်သည်။

"ဟုတ်လား မောင်လုံး"

"ဟုတ်တယ် အစ်ကို။ အခု ကိုမောင်လှ ဖုန်းဆက်တာ"

"တော်သေးတယ်ကွာ။ အခု သွားယူမယ် မိန်းမ"

ကျွန်တော် ချက်ချင်းပင် ဆိုင်ကယ်စီးကာ ကိုမောင်လှတို့ ရွာသို့ ထွက်ခဲ့လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ဦးလေးရယ်"

"ရပါတယ် ငါ့တူရယ်။ ဦးလေးသားအငယ်ဆုံးကောင် ခြံဝင်းတံခါးဝက တွေ့တာ။ သူတစ်ပါးပစ္စည်းဆိုတာ ပိုင်ရှင်မသိဘဲ မယူရဘူး ပြန်ပေးရတယ်လို့ပြောပြီး ဆုံးမထားတာ။ မင်း ပိုက်ဆံအိတ်လဲ စစ်ကြည့်အုံး"

"ရပါတယ် ဦးလေးရယ် မစစ်တော့ပါဘူး။ ဦးလေးကို ကျွန်တော် ကန်တော့ပါရစေ" ဟုဆိုကာ ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံငါးသောင်းကို ဆွဲထုတ်လိုက်သည်။

"မလုပ်ပါနဲ့ ငါ့တူရယ်။ ဒါတွေမလိုပါဘူး။ သူတစ်ပါးပစ္စည်းကို မတော်မတရားရလိုတဲ့ မရိုးသားတဲ့စိတ် ဦးလေးတို့မှာ မရှိပါဘူးကွာ။ လက်မခံပါရစေနဲ့"

ဦးလေး၏ စကားကြားတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံဖြစ်နေမိသည်။ ဦးလေးတို့ဆီက မြေဧက ဒသမ၄၅ကို ကြိတ်မှိတ်ယူကာ မရိုးသားခဲ့သောကျွန်တော်၊ မြေဧကများကို ပိုပြော၍ လျှော့ပေးကာ မရိုးသားဘဲ မျက်နှာလုပ်ခဲ့သောကျွန်တော် ဦးလေး၏စကားလုံးများအောက်တွင် ခေါင်းမဖော်နိုင်အောင်ပင် ရှက်နေမိသည်။ ကျွန်တော် အိမ်ပြန်ရောက်ရောက်ချင်း ဇနီးဖြစ်သူကို ဖြစ်ကြောင်းကုန်စင်အောင် ပြောပြလိုက်သောအခါ ဇနီးဖြစ်သူက-

"ကိုအောင်စိုးရယ် တော် ကြိုးစားရုံနဲ့ မပြီးသေးဘူး။ ရိုးသားဖို့လဲလိုသေးတယ်။ လောဘကြီးပြီး မရိုးသားတဲ့စိတ်နဲ့ အလုပ်လုပ်ရင် အဲဒီလူနောက်ကို ဆင်းရဲဒုက္ခတွေက ထက်ကြပ်မကွာ လိုက်လာမှာပဲ။ အဲဒီလိုပဲ ရိုးသားပြီး စင်ကြယ်တဲ့စိတ်နဲ့ လုပ်ရင်တော့ ချမ်းသာသုခတွေက အရိပ်ပမာ မခွာတမ်း လိုက်လာမှာပဲ"

ဇနီးဖြစ်သူ၏ ပြောစကားများကိုနားထောင်ရင်း ကျွန်တော် မရိုးသားခဲ့သမျှ အရာအားလုံးကိုတွေး၍ နောင်တရနေမိသည်။ လောဘဇောကပ်ကာ မရိုးမသားလုပ်ခဲ့မိသမျှ အားလုံးကိုလည်း စိတ်ထဲကနေ အကြိမ်ကြိမ်တောင်းပန်နေမိပါတော့သည်။

## ပတ်ဝန်းကျင်ကောင်း

\- လူဟူသည် တစ်ယောက်တည်း
အမြဲတမ်း မနေနိုင်၊
ဝါးရုံနှယ် စုစည်းတတ်စေ
မားမတ်ကြံ့ခိုင်၊
သူ့ကိုလည်း မယိမ်းယိုင်
ကိုယ်တိုင်ပင် လဲမသွား၊
အေးအတူ ပူအမျှကွယ်
ကူကြစို့လား။

\- တစ်လှေစီးကာ ခရီးသွားကြ
မညည်းတွားရ မျှားသူငါ၊
ပန်းတိုင်ကို အရောက်လှမ်းလို့
အောင်ပန်းချူရာ၊
တွဲလက်တို့ ညီညီညာ
သွေဖည်ခွာ မပြုအပ်၊
ဟန်ချက်ကို မတိမ်းစောင်းအောင်
ထိန်းကျောင်းတည့်မတ်။

\- ကောင်းဆိုးကို နှစ်လွှာစပ်လို့
မျှဝေတတ် ခံစားစေ၊
မေတ္တာကို နှလုံးသွင်းသော်
အောင်ခြင်းမသွေ။
ရိုးသားလို့ ကြိုးစားလေ
နိုးကြားစေ အားသစ်လောင်း၊
လူသားဆန် စိတ်ထားမြတ်က
တစ်မူခြားဟန် ထိပ်ဖျားကပ်မယ်
(ကွယ်. . .)
ပတ်ဝန်းကျင်ကောင်း။ ။

**စန်းထက်(ဖန်ခါးမြေ)**

# အောင်လံမြို့နယ် မြင်းစုကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**အောင်လံ မေ ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်လံမြို့နယ် မြင်းစုကျေးရွာ၌ ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ အောင်လံမြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများသည် မြင်းစုကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၁ ဒသမ ၂၂၂ သန်းဖြင့် မြင်းစုကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို Magway S Three ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မြင်းစုကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ အိမ်ခြေ ၁၂၇ အိမ်မှ လူ ၄၃၁ ဦးတို့၏ လယ်ယာစိုက်ပျိုးမြေများမှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံများကို ရာသီမရွေးဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# မြန်မာ့ဆိုင်း

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

ဆိုင်းဝိုင်းသည် မြန်မာတို့၏ယဉ်ကျေးမှုတွင် အရေးပါသော အနုပညာတစ်ရပ်ဖြစ်သည်။ ပန်းပြားကြီးရှစ်ခုကို ဆိုင်း၍ပတ်လုံးများ၌ပါသော ကြိုးဖြင့်ချည်နှောင်ကာ ဆိုင်းထားရသောကြောင့် ဆိုင်းဝိုင်းဟုခေါ်သည်။ အချို့က ပတ်ဝိုင်းဟုလည်းခေါ်ကြသည်။ ပတ်လုံးများကို ဝိုင်းဖွဲ့ထားခြင်းကြောင့် ပတ်ဝိုင်းဟုခေါ်ကြခြင်းလည်းဖြစ်သည်။ ခမ်းနားတင့်တယ်သော အခမ်းအနားများတွင်မူ 'မြန်မာ့ဆိုင်းဝိုင်းကြီး'ဟု ခေါ်ကြသည်။

ဆိုင်းဝိုင်း၏သဘောမှာ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းများကဲ့သို့ တစ်နေရာမှတစ်နေရာသို့ လှည့်ပတ်သွားလာ၍ တီးမှုတ်ရသောဝိုင်းမဟုတ်ပေ။ တစ်နေရာတည်းတွင်ထိုင်၍ တီးမှုတ်ရသောဝိုင်းဖြစ်သည်။ ဆိုင်းအဖွဲ့တစ်ဖွဲ့၌ တီးမှုတ်သူ ခုနစ်ယောက်မှသည် တစ်ကျိပ်ကျော်ထိပါဝင်သည်။ သာမန်အားဖြင့် ဆိုင်းဆရာ၊ ကြေးတီး၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက်ပတ်မတီး၊ စည်းတီး၊ ဝါးတီးတို့ဖြစ်သည်။ သာမန်ထက်ကြီးသောဆိုင်းတို့တွင် အထက်ပါပုဂ္ဂိုလ်တို့အပြင် နှဲငယ်နှစ်လက်၊ မောင်းတီး၊ အုပ်စုံတီး၊ စည်တိုတီးများကို တိုးချဲ့ထည့်သွင်းကြသည်။

ဆိုင်းဝိုင်းတစ်ခုကိုကြည့်လိုက်ပါက ဆိုင်းဝိုင်းရှေ့တန်းတွင် ဆိုင်းဆရာ၊ ကြေးတီးနှင့်ပတ်မတီးတို့က ထိုင်ကြသည်။ နောက်တန်း၌ ကျန်အဖွဲ့သားများ ထိုင်ကြသည်၊ နောက်ထိုင်တို့အထဲတွင် တေးသွား (Melody)ကို ပံ့ပိုးရသည့်နှဲ၊ ပလွေနှင့် မောင်းတီးတို့မှအပ ကျန်လူများသည် နောက်ထိုင်ဖြစ်ကြသည်။ နောက်ထိုင်တို့တွင် အဆိုကောင်းသူတစ်ယောက်နှင့် အပြောကောင်းသူတစ်ယောက်ပါစမြဲဖြစ်သည်။ ပတ်ဝိုင်းအတွင်းမှ ဆိုင်းဆရာသည် ပရိသတ်အားစကားပြောသောအလေ့မရှိကြချေ။ ထိုကာလ၌ အဆို၊ အပြောသမားတို့ကထ၍ ပရိသတ်ကို အဆို၊ အပြောတို့ဖြင့်ဖျော်ဖြေခဲ့ရသည်။ ထိုအခါ ထိုအဆို၊ အပြောသမားတို့ကို 'နောက်ထ'ဟုခေါ်ကြပြန်သည်။ ယခုခေတ်၌မူ ဆိုင်းဆရာတို့သည် ပတ်ဝိုင်းအတွင်းမှ ပရိသတ်ကို စကားပြောခြင်း၊ သီချင်းသီဆိုဖျော်ဖြေခြင်းများပင်ပြုလာကြသည်။ တစ်ခါအဆိုကောင်းသူ များစွာပါလာတတ်သလို ချီကောက်ငှားရမ်းလာသည်ထိ အဆိုကောင်းတို့ ပါဝင်လာကြသည်။ အပြောကောင်းသူနေရာဝယ် လူရွှင်တော်ဆန်ဆန်၊ ဆိုင်းနောက်ထဟုခေါ်ကြသူ လေးဦး၊ လေးဦးနှင့် အထက်ထိပါဝင်လာကြသည်ကိုလည်း တွေ့ရသည်။ ဆိုင်းဝိုင်း၏ဖွဲ့စည်းပုံကိုကြည့်ပါက မျက်မှောက်ခေတ် အခင်းအကျင်းအရ ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ ပတ်မကြီး၊ မောင်း၊ နှဲ၊ အုပ်စုံတီးတို့သည် အဓိကအစိတ်အပိုင်းများဖြစ်ကြသည်။

### ဆိုင်းဝိုင်း(ပတ်ဝိုင်း)

မှန်စီရွှေချထားသော ပန်းပြားကြီးပေါင်း ရှစ်ခုကို ဆက်စပ်ဝိုင်းဖွဲ့ကာ ဗုံဟုခေါ်သောပတ်လုံးများ ချိတ်ဆွဲထားသည့်ဝိုင်းကို ဆိုင်းဝိုင်း(ပတ်ဝိုင်း)ဟုခေါ်သည်။ ပန်းပြားကြီး ရှစ်ခုအနက်၊ ခုနစ်ခုမှာပန်းပြားကြီးတစ်ခုလျှင် ပန်းပြားငယ်သုံးခုမှ လေးခုထိ ထုလုပ်ဆက်စပ်ထားသည်။ ကျန်ပန်းပြားငယ်တစ်ခုမှာ နောက်ထိုင်များ၏ဘက်၌ရှိသည်။ ထိုပန်းပြားတွင် ဆိုင်းဆရာဝင်ရန်ထွက်ရန် အပေါက်ပါရှိသည်။ ထိုအပေါက်ကို 'မင်းပေါက်'ဟုခေါ်သည်။ ထိုမင်းပေါက်ပါရှိသော ပန်းပြားမှလွဲ၍ ကျန်ပန်းပြားတို့၏ထက်တွင် ပန်းပြားငယ်အရေအတွက်ကိုလိုက်၍ ပတ်လုံးချိတ်ရန် စရွေးပေါင်း သုံးခုစီဖြစ်စေ၊ လေးခုစီဖြစ်စေရှိသည်။ မင်းပေါက်ပါသောအပြား၌ ဝဲယာနှစ်ဖက်တွင် စရွေးနှစ်ခုရှိသည်။ ပန်းပြားကြီးတစ်ခုလျှင် အကျယ် နှစ်ပေကျော်မျှ ကျယ်သည်။ ဆိုင်းဝိုင်း၏အဝန်းမှာ မြန်မာအသုံးအနှုန်းအားဖြင့် ၁၀ တောင်ထွာရှိ၍ ပေဖွဲ့သော် ၁၅ ပေ၊ ၁၀ ဒသမ ၅ လက်မမျှရှိသည်။ ပတ်ဝိုင်း၏အမြင့်မှာ ခြေထောက်ပါ နှစ်ပေ ရှစ်လက်မခန့်ရှိသည်။ ပတ်ဝိုင်းခွေ၍ ပတ်လုံးများကို ဆွဲချိတ်ထားရာ၌ ပတ်လုံးနှင့် ပန်းပြားတို့မထိမကပ်ရလေအောင်ပန်းပြားအတွင်း၌ ကြိမ်ကိုသံနှင့် ရိုက်၍ခံထားသည်။ ၎င်းကိုပတ်ခံ၊ ပတ်ခေါင်းအုံးဟူ၍ခေါ်ကြသည်။ ပတ်ဝိုင်း၏ ပန်းပြားထိပ်တွင် ဖန်ပဒိုင်း ခေါ်ဖန်အိုးရောင်စုံများကို တပ်ဆင်လေ့ရှိသည်။ ညအခါ၌ ထိုဖန်ပဒိုင်းတွင် ဖယောင်းတိုင်ထည့်ကာ မီးထွန်းညှိရသည်။ ပတ်ဝိုင်းတွင် ပတ်လုံးပေါင်း ၁၉ လုံးမှ ၂၁ လုံးထိရှိကြသည်။ သံစဉ်အနေအထားမှာ လက်ရင်း (ဘယ်) မှလက်ဖျား (ညာ)အထိ ဒုံးကဲကြီး၊ ဆစ်ဒုံး၊ တစ်ဆစ်ဒုံး၊ ဘယ်တျော၊ ဘယ်တော၊ ဒူးလုံး၊ တေးလုံး၊ တျာလုံး၊ ပတ်စာတတ်၊ ငါးပေါက်၊ လေးပေါက်လုံး၊ သုံးပေါက်လုံး၊ နှစ်ပေါက်လုံး၊ သံကုန်ဖျား၊ တျောလုံး၊ ခြောက်



ပေါက်ဖျား၊ ငါးပေါက်ဖျား၊ လေးပေါက်ဖျား၊ သုံးပေါက်ဖျား၊ နှစ်ပေါက်ဖျား၊ သံကုန်ဖျား ဟူ၍ အစဉ်အတိုင်းရှိသည်။

သံစဉ်အားဖြင့် ခုနစ်သံချီ၊ ပတ်စာရိုး ခေါ် ခြောက်ပေါက် (ဝါ) သံလတ်သံ၊ ပတ်စာပိုး၊ ဒုရက (ဝါ) တစ်ခြမ်းပိုး၊ ငါးပေါက်အပြည့် (ဝါ) ငါးပေါက်အပိုး၊ ဆစ်ကြီး၊ ငါးပေါက်အောက်ပြန်ဟူ၍ရှိသည်။ ပတ်ဝိုင်းတို့ကို မှန်စီရွှေချထားလေ့ရှိသည်။ မူလက ပတ်ဝိုင်းခြေများမရှိချေ။ သက္ကရာဇ် ၁၂၈၂ ခုနှစ်ကအစပြု၍ ပတ်ဝိုင်းနှင့်ကြေးဝိုင်းကိုပါ အမြင့် ငါးလက်မခွဲရှိသော ခြေထောက်များ တပ်ဆင်ပေးလာကြသည်။ ပတ်ဝိုင်း၌ပါဝင်သောပတ်လုံးတို့ကို ရွှေးကပိတောက်သားနှင့် ပြုလုပ်ပြီး နွားသားရေနှစ်ဖက် ပိတ်ပြီးလျှင် ကြက်ထားလေသည်။ ယခုအခါ အသံညီရန်နှင့် မူလတန်ဖိုး မလျော့ပါးစေရန်သာ ရည်ရွယ်လာကြသဖြင့် သစ်သားနှင့်သားရေဟူသည့် အစွဲစိတ်သည်လည်း လျော့ပါးလာကြသည်။ စည်တိုနှင့် ပလုတ်တုတ်မှအပ ပတ်လုံးတို့ကို ထမင်းနှင့် မန်ကျည်းပြာ၊ ညောင်ပြာတို့ကိုညက်အောင် နယ်ထားသောပတ်စာ တပ်၍အသံညှိရသည်။ ခေတ်ရောက်ကာလ၌မူ အသင့်ပြုလုပ်ထားသောပတ်စာများကို အလွယ်တကူ ဝယ်ယူသုံးစွဲလာနိုင်ကြသည်။ အချိန်ကုန်၊ လူပန်းသက်သာလာသည်ဟု ပြောနိုင်သည်။

### ကြေးဝိုင်း

အကျယ် တစ်ပေ ကိုးလက်မခန့်ရှိသော ပန်းပြားပေါင်း ရှစ်ပြားကိုစပ်၍ ကြေးဝိုင်းပြုလုပ်ကြသည်။ တစ်ခါတစ်ရံ ပန်းပြား ခြောက်ပြားဖြင့်သာ စပ်လုပ်သည်လည်းရှိသည်။ ပန်းပြား ခြောက်ခုဖြင့် ကြေးဝိုင်းကိုပြုလုပ်သည့်အခါ ပန်းပြားတစ်ပြား၏ အကျယ်မှာ နှစ်ပေ လေးလက်မဖြစ်သည်။ ကြေးဝိုင်း၏အဝန်းမှာ ၁၄ ပေခန့်ရှိသည်။ အမြင့်မှာ တစ်ပေ လေးလက်မခန့်မြင့်သည်။ ကြေးဝိုင်းတွင် ကြေးနောင်ပေါင်း ၁၈ လုံးဖြစ်စေ၊ ၁၉ လုံးဖြစ်စေ တပ်ဆင်ရသည်။ ကြေးဝိုင်း၊ ကြေးနောင်တို့၏ သံစဉ်အနေအထားမှာ လက်ယာတစ်ပေါက်သံမှ လက်ဝဲဘက်သို့ ၁-၂-၃-၄-၅-၆-၇။ ၁-၂-၃-၄-၅-၆-၇-။ ၁-၂-၃-၄-၅-၆ ဟူ၍အစဉ်အတိုင်းရှိသည်။ ကြေးနောင်ကို လက်ခတ်နှင့်တီးရသည်။ ကြေးဝိုင်းကို ပတ်ဝိုင်းနည်းတူ မှန်စီရွှေချပြုလုပ်လေ့ရှိကြသည်။ ရှေးရိုးမူအတိုင်းမှာ ကြေးနောင်ဝိုင်းကို ပန်းပြားကြီးများဖြင့် တပ်ဆင်လေ့ရှိသော်လည်း ပွတ်လုံးများဖြင့်လည်း တပ်ဆင်တတ်ကြသေးသည်။

### ပတ်မကြီး

ဆိုင်းဝိုင်း၏လက်ဝဲဘက်တွင် ပတ်မကြီးကိုထားရသည်။ ရှေးရိုးမူအတိုင်းမှာပတ်မကြီးကို သုံးချောင်းထောက်ဝက်ခွနှစ်ခုနှင့် ထမ်းပိုးထားသောတန်းတွင် ဆွဲသည်။ ၎င်းကို ပတ်မထမ်းဟုခေါ်သည်။ မူလက ထိုပတ်မထမ်းမှာ ရိုးရိုးသစ်သားတန်းဖြစ်သော်လည်း၊ နောင်သောအခါတွင် ထိုတန်းကို မှန်စီရွှေချပေးလာသည်။ ထို့နောက်၌ကား သက်သေတိုင်ဟုခေါ်သော လေးပေ လေးလက်မခန့်မြင့်သည့် ပွတ်လုံးတိုင်တစ်တိုင်ကို ဆိုင်းဝိုင်း၌ ချည်ပြီးလျှင် မှန်စီရွှေချပတ်မထမ်းကို တစ်ဖက်၌ သက်သေတိုင်တွင်တင်၍၊ အခြားတစ်ဖက်၌ဝက်ခွတွင် တင်ပြီးသော် ပတ်မကြီးကိုဆွဲထားသည်။ ထိုမှတစ်ဖန် ပတ်မထမ်းအတွက် အရင်းတုတ်၍ အဖျားချူးသော ဝါးမင်းကိုအသုံးပြုလာကြပြန်သည်။ ထိုဝါးမင်း၏ အရင်းပိုင်းတွင် နဂါးခေါင်းကိုတပ်လေသည်။ ထိုမှတစ်ဖန် မှန်စီရွှေချနဂါးခေါင်းဖြစ်လာပြီးသော် နှောင်းအခါ၌ ပတ်မထမ်းမှာ နဂါးရုပ်၊ ပဥ္စရူပရုပ်၊ နရားရုပ် စသည်ဖြင့်တိုးတက်ဖြစ်ပေါ်လာသည်။ များသောအားဖြင့် ထိုအရုပ်တို့မှာ မှန်စီရွှေချဖြစ်သည်။ နရားရုပ်၌ ခွာလေးဖက်၊ အတောင်၊ အစွယ်၊ နှာခေါင်း စသည်တို့ရှိကြသည်။ ပတ်မထမ်းသည် အရှည် ခြောက်ပေ ခြောက်လက်မ ငါးလက်မရှိသည်။ ပတ်မတီးသူကို ပတ်မထိန်းဟုခေါ်သည်။ ရှေးကပတ်မထိန်းသည် ပတ်မကြီးတစ်ခုကိုသာ တီးရသည်။ ထိုစဉ်အခါက မင်းပေါက်၏လက်ဝဲပြင်ဘက်၌ ဒိုးတီးသူတစ်ယောက်သက်သက်ရှိသည်။ ထိုဒိုးတီးသမားသည် မင်းပေါက်ကို လက်လျှို၍ ဆိုင်းဝိုင်းတွင်းရှိ လက်ရင်းပတ်လုံးကြီးဖြစ်သော 'ဒုန်းခဲ'ကို သူ၏ဒိုးနှင့်တွဲဖက်၍တီးရသည်။ သက္ကရာဇ် ၁၂၆၃ ခုနှစ်ခန့်ကအစပြု၍ ဒိုးတီးကိုဖြုတ်လိုက်ရာ ပတ်မထိန်းသည် ပတ်ကြီးအပြင် ပတ်လုံး ခြောက်လုံးကို ပါတီးရန် တာဝန်ယူရသည်။ ထို့နောက် ပတ်မကြီးတီးသူသည် ပတ်လုံးခြောက်လုံးအပြင် ပတ်စာနှစ်ဖက်တပ် 'စခွန့်'ကိုပါ တီးလာရသည်။

### နှဲ

ဆိုင်းဝိုင်းအတွက် နှဲအကြီး၊ အငယ်နှစ်မျိုးထားရသည်။ နှဲတံကို ရှားသားနှစ်ဖြင့်ပြုလုပ်ရသည်။ အခင်ကိုမူ ထန်းရွက်အထက်အောက်သုံးခုစီလိုး၍ ပြုလုပ်သည်။ နှဲတံ၏အရင်းဘက်တွင် နှဲခြေ ခေါ် ဂေါ်လံကိုကြိုးနှင့်ဆွဲထားရသည်။ နှဲတံအပေါ်ဘက်တွင် လက်ပေါက် အပေါက်ခုနစ်ပေါက်၊ အောင်ဘက်တွင် လက်မပေါက် တစ်ပေါက်ရှိသည်။ နှဲတံမှာ အကြီး၊ အသေးဖြစ်ကြ၍ နှဲကြီး၊ နှဲကလေးတို့ အသံတူထွက်အောင် မှုတ်ရာတွင် ၎င်းတို့၏လက်ပေါက်အဖွင့်အပိတ်တို့မှာ မတူကြချေ။ နှဲကလေး၏သံစဉ်မှာ အရင်းမှ အဖျားသို့ ၅-၆-၇-၁-၂-၃-၄ ဟူ၍ဖြစ်သည်။ နှဲကြီး၏ သံစဉ်အနေအထားမှာ အရင်းမှအဖျားသို့ ၂-၃-၄-၅-၆-၇-၁ ဟူ၍ဖြစ်သည်။ နှဲကြီးကို အလွန်ခံ့ညားသော တီးချက်၊ တေးသွားများ၊ အလွမ်း၊ အဆွေးဂီတသံများကို မှုတ်ကြသည်။ နှဲဆရာသည် ကြေးဝိုင်းအနီး၌ ထိုင်ရသည်။

### နောက်ထိုင်များ

ဆိုင်းဝိုင်း၌အဓိကဖြစ်သော အထက်ဖော်ပြပါ တူရိယာသမားတို့အပြင် နောက်ထိုင်တို့လည်း ရှိကြသည်။ နောက်ထိုင်တို့သည် အဓိကတို့ကို အထောက်အပံ့ပြုရသည်။ ပတ်မထိန်းအပါး၌ ထိုင်ရသူမှာ လက်ထောက်ပတ်မထိန်းဖြစ်သည်။ လက်ထောက်ပတ်မထိန်းကား လင်ကွင်းကြီး၊ ရှပ်၊ လင်ကွင်းလတ်နှင့်စည်တို့ကို ကိုင်ရသည်။ စည်းတီးသည် မင်းပေါက်အနောက်၌ထိုင်ရ၍ ခတ်စည်းနှင့် သံလွင်ကိုကိုင်ရသည်။ ဝါးတီးမှာမူ သီချင်းဆိုသမားများနှင့်အတူ စည်းဆရာ၏အပါး၌ထိုင်ရ၍ ဝါးလက်ခုပ်တီးရသည်။ အချို့ဆိုင်းဝိုင်းတို့၌ ဝါးလက်ခုပ်အစား အလယ်ကအရှည်လိုက်ဖောက်ထားသော ဝါးပိုးဝါးကိုလက်ခတ်ဖြင့် တီးကြသည်။ မောင်းသမားသည် မင်းပေါက်ဝ၏လက်ယာဘက်၌ ကြေးဝိုင်းနှင့်ကပ်၍ထိုင်ရသည်။ ၁၂၆၆ ခုနှစ်ခန့်ကစ၍ မောင်းဆိုင်းဟူ၍တီထွင်ကာဆိုင်းဝိုင်း၌ ထည့်သွင်းလာကြသည်။ ထိုအချိန်ကာလနှင့် မရှေးမနှောင်းတွင် ဘင်၊ ခရာ၊ ပလုတ်တုတ်တို့ကို ဆိုင်းဝိုင်း၌ ထည့်သွင်းအသုံးပြုလာကြသည်။ ယခုခေတ်၌ကား အနောက်နိုင်ငံသုံး တူရိယာအမျိုးမျိုးတို့ကို ဆိုင်းဝိုင်းတွင် ထည့်သွင်းအသုံးပြုလျက်ရှိကြသည်။

မြန်မာ့ဆိုင်းတွင် ဆိုင်းဝိုင်းအတွင်းမှ ပုဂ္ဂိုလ်သည် ခေါင်းဆောင်ပင်ဖြစ်သည်။ သူ၏လက်အသွားနှင့် မျက်နှာအနေအထားကိုကြည့်၍ ကျန်သူများက လိုက်ပါလာကြခြင်းဖြစ်သည်။ ဆိုင်းဝိုင်းအဖွဲ့ခေါင်းဆောင်ကပင် ဝိုင်းတော်သားများကို ဦးဆောင်ညွှန်ကြားသွားလေသည်။ သူ၏ဟန်အမူအရာတစ်မျိုးစီတွင် အဓိပ္ပာယ်တစ်မျိုးစီရှိလေရာ နောက်ပါပညာရှင်များကလည်း ကောင်းစွာနားလည်ထားရလေသည်။ မြန်မာ့ဆိုင်းဝိုင်း၏ထူးခြားချက်မှာ တေးသွား၊ တီးလုံးကို သံစုံတီးဝိုင်းကဲ့သို့ တုတ်ငယ်တစ်ချောင်းဖြင့် သင်္ကေတပြသူမပါဘဲ တီးမှုတ်နိုင်ခြင်းပင်ဖြစ်သည်။ သင်္ကေတအမှတ်အသား (Note)ကို လုံးဝအသုံးမပြုဘဲ၊ နားအကြား၊ နားအစောင့်ဖြင့် တတ်ကျွမ်းခဲ့ရာ မြန်မာ့ဆိုင်းပညာကို တီးခတ်၊ တီးမှုတ်နိုင်ကြခြင်းဖြစ်သည်။ ၂၀ ရာစုဝယ် မြန်မာ့ဆိုင်းဝိုင်းအတွင်းသို့ လူငယ်အများအပြားခုံမင်စွာ ဝင်ရောက်လာခြင်းနှင့်အတူ Note ဟု ခေါ်သည့် သင်္ကေတများလည်း သယ်ဆောင်လာကြလေသည်။ Note ကိုအသုံးပြုခြင်းဖြင့် သင်လွယ်တတ်လွယ်တီးထွင်လွယ်သည့် အကျိုးကျေးဇူးရရှိသည်။ အနည်းငယ်ပွန်းပဲ့ရုံသာဖြစ်ပြီး လူငယ်တို့မြန်မာ့ယဉ်ကျေးမှုကို လက်ဆင့်ကမ်းသယ်ဆောင်ပေးနေခြင်းကိုပင် ကျေးဇူးတင်နေမိသည်။ သူတို့ကြောင့်ပင် မြန်မာ့ဆိုင်းသည် ဘိုးသက်ရှည်အဖြစ် ရပ်တည်နေခြင်းဖြစ်ပါတော့သည်။

**ကိုးကား**

– **မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၇၉၂၅ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၉၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၁၇၅ ဧက တစ်ဧကလျှင် ၅၂ ဒသမ ၇၁ တင်း၊ ဖူးစားပြောင်းဧက ၅၇၅၀ တစ်ဧကလျှင် ပြောင်းဖူး အဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

“မြင်းမူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၇၉၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံ ဖြစ်ထွန်းအောင်မြင်စေဖို့ အသိပညာပေးတာတွေလုပ်တယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးခဲ့ကြကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံတောင်ကြီး မေ ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၃ သိန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က ပြောပြ၍ သိရသည်။

**ဘိုဘို**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

ခရီးသွားဆောင်းပါး

# ခိုနားတစ်ည ဟသ်ာတ ထူးထူးကဲကဲ စေတီဦးပါရဲ

သက်နိုင်(ပြင်ဦးလွင်)

ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မှာ ဘုရားဖူးခရီး ထွက်လာခဲ့ကြတဲ့ မိမိတို့မောင်နှမတစ်တွေ ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့ ပြည်တော်ပြန်ဘုရားရှိရာကို ရောက်နေကြပြီး ဖူးမြော်ကြည်ညိုနေကြပါပြီ။ ဘုရားရှိခိုးကန်တော့အပြီး ဒေသခံစာပေမိတ်ဆွေတွေ လက်ဆောင်ပေးတဲ့ ဘုရားသမိုင်းစာအုပ်ကို လေ့လာဖတ်ရှုလိုက်တော့မှ ဘုရားအကြောင်းကို ပြည့်ပြည့်စုံစုံသိလိုက်ရတော့တယ်။ ဇလွန်ပြည်တော်ပြန်ဘုရား သမိုင်းစာအုပ်ထဲမှာ မိမိတို့အခုရောက်ရှိ ဖူးမြော်နေတဲ့ဘုရားက မဟာမုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိ စတဲ့ရုပ်ပွားတော်ကြီးလေးဆူထဲက မာရ်အောင်မြင်မုနိဖြစ်ကြောင်း၊ မာရ်အောင်မြင်ဆိုပြီး ဘွဲ့တော်ပေးခဲ့ရတဲ့အကြောင်းရင်းက မြတ်စွာဘုရား မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့တဲ့ အတိတ်နိမိတ်ကိုဆောင်တဲ့အနေနဲ့ ပေးခဲ့တာဖြစ်ကြောင်းနဲ့ ပြည်တော်ပြန်ဘုရားဆိုပြီး ဘယ်လိုအမည်တွင်ခဲ့တဲ့အကြောင်းတွေကိုပါ သိခွင့်ရလိုက်ပြန်တယ်။

ဘုရားရဲ့ဘွဲ့တော်အပြည့်အစုံက မာရ်အောင်မြင် ပြည်တော်ပြန်ဆုတောင်းပြည့်ဘုရားပါ။ ဒါပေမဲ့ ပြည်တော်ပြန်ဘုရားဆိုပြီးသာ လူသိများကျော်ကြားထင်ရှားလှပါတယ်။ ပြည်တော်ပြန်ဘုရားဆိုပြီး အမည်တွင်ခဲ့တဲ့အကြောင်းကလဲ ၁၈၇၈ ခုနှစ်မှာ ဗြိတိသျှစစ်တပ်က ရုပ်ပွားတော်ကြီးကို ယူဆောင်သွားခဲ့ကြကြောင်း၊ ဒါပေမဲ့ အဲဒီလိုယူဆောင်သွားပြီးတဲ့နောက်ပိုင်းမှာ ထူးခြားမှုအနေနဲ့ အင်္ဂလန်နိုင်ငံ ဝိတိုရိယဘုရင်မကြီးရဲ့ဦးခေါင်းမှာ အပြင်းအထန်ကိုက်ခဲတဲ့ဝေဒနာကိုခံစားရကြောင်း၊ ဘုရင်မကြီးရဲ့ဦးခေါင်းကိုက်ဝေဒနာကို ကျွမ်းကျင်တဲ့သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေ ဘယ်လိုပဲကြိုးစားကုကု သက်သာပျောက်ကင်းသွားခြင်းမရှိဘဲ ခံစားမြဲခံစားနေရကြောင်း၊ ဝိတိုရိယဘုရင်မကြီးက ခေါင်းကိုက်ဝေဒနာကို အပြင်းအထန်ခံစားနေရရင်း တစ်ညမှာ ထူးခြားတဲ့အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရကြောင်း၊ အိပ်မက်က ဘယ်လိုမြင်မက်ခဲ့သလဲဆိုရင် ခေါင်းကိုက်ဝေဒနာ အလျင်အမြန်ပျောက်ကင်းသက်သာလိုပါက မြန်မာနိုင်ငံကနေ သယ်ဆောင်လာခဲ့တဲ့ မာရ်အောင်မြင်ရုပ်ပွားဆင်းတုတော်ကို နေရင်းဒေသမရောက်ရောက်အောင် ပြန်ပို့ပေးရမယ်ဆိုပြီး မြင်မက်ခဲ့တာဖြစ်ကြောင်း၊ ဒါကြောင့် ဘုရင်မကြီးကိုယ်တိုင်က မှူးမတ်တွေကို ချက်ချင်းခေါ်ပြီး ရုပ်ပွားတော်ကြီးကို မြန်မာနိုင်ငံရောက်အောင် ပြန်ပို့ပေးလိုက်တော့မှ ခေါင်းကိုက်ဝေဒနာတွေ သက်သာပျောက်ကင်းသွားကြောင်း ဘုရားသမိုင်းစာအုပ်ထဲမှာ လေ့လာဖတ်ရှုလိုက်ရတယ်။

ပြည်တော်ပြန်ဘုရားကို ဖူးမြော်ပြီးတာနဲ့ ခရီးစဉ်အတိုင်း ဇလွန်မြို့ကနေ ဟသ်ာတမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဇလွန်မြို့နဲ့ဟသ်ာတမြို့က ၁၆ မိုင်ကျော်ကျော်သာ ကွာဝေးပါတော့တယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာ ရောဝတီတိုင်းဒေသကြီးရဲ့ ထုံးစံအတိုင်း လယ်ကွင်းလယ်ကွက်တွေ၊ ရေအပြည့်နဲ့ချောင်းတွေ၊ မြောင်းတွေ၊ စိုက်ပျိုးရေးဥယျာဉ်ခြံတွေ၊ အရိပ်ရသစ်ပင်ကြီးတွေကို စိမ်းစိမ်းစိုစိုနဲ့ မြင်တွေ့နေရတယ်။

လမ်းတစ်လျှောက်ပတ်ဝန်းကျင်တစ်ခွင်က စိမ်းစိမ်းစိုစိုမြင်ကွင်းတွေကို ကြည့်ရှုမောင်းနှင်လာရင်းနဲ့ မကြာခင်မှာ ဟသ်ာတမြို့အဝင်ကို ရောက်လာကြတယ်။ မြို့အဝင်ဆိုင်းဘုတ်အနီးမှာ ကားရပ်ပြီး အမှတ်တရ ဓာတ်ပုံတွေရိုက်ကြရင်းနဲ့ မြို့ခံမိတ်ဆွေစာရေးဆရာတွေဆီကို ဖုန်းဆက်အကြောင်းကြားလိုက်တော့ မြို့ကြီးစေတီမှာ စောင့်ကြိုနေကြမှာဖြစ်ကြောင်းနဲ့ စေတီရှိရာနေရာကိုလဲ တစ်ဆက်တည်းလမ်းညွှန်ပြောပြပေးကြတယ်။ မြို့ခံမိတ်ဆွေပြောပြထားတဲ့အတိုင်း ဟသ်ာတမြို့တွင်းကိုဝင်၊ အဓိကလမ်းမကြီးပေါ်ကနေ တည့်တည့်မောင်းနှင်လာ၊ တောင်ကုန်းအမြင့်နေရာကို ရောက်တာနဲ့ ညာဘက်ကိုကွေ့၊ လမ်းဆုံးရင်မြို့ကြီးစေတီကိုရောက်ပြီဆိုတဲ့ လမ်းညွှန်ချက်အတိုင်း မောင်းလာခဲ့တာ စေတီတော်ရှိရာကိုမရောက်ခင် ညာဘက်လမ်းချိုးကို ကွေ့ဝင်မောင်းနှင်ခြင်းမပြုရသေးခင် တောင်ကုန်းထိပ်လမ်းဘေးမှာ စောင့်ဆိုင်းနေကြတဲ့ မိတ်ဆွေတွေကို တွေ့မြင်လိုက်ရတယ်။ မိတ်ဆွေတွေကို



ဦးပါရဲစေတီအား ဖူးတွေ့ရစဉ်။

မြင်မြင်ချင်း ကားခဏရပ်၊ နှုတ်ဆက်စကားတွေပြောဆိုကြပြီးမှာ မြို့ကြီးစေတီရှိရာကို အုပ်စုလိုက်ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

မြို့ခံစာပေမိတ်ဆွေတွေရဲ့ ပြောပြချက်အရ အရင်အခေါက်တွေ မိမိဟသ်ာတမြို့ကို ရောက်ရှိလည်ပတ်ခဲ့စဉ်တုန်းက ကျန်ရှိတဲ့ဘုရားစေတီတွေကို ရောက်ရှိဖူးမြော်ခဲ့ပြီးဖြစ်ကြောင်း၊ အခုမြို့ကြီးစေတီကို ရောက်ဖူးခြင်း၊ ဖူးမြော်ရခြင်းမရှိသေးကြောင်း၊ ဒါကြောင့် မြို့ကြီးစေတီကို ရောက်တုန်းရောက်ခိုက် ဖူးမြော်ကန်တော့နိုင်အောင် ဒီနေရာကနေ လာရောက်စောင့်ဆိုင်း ပို့ဆောင်ပေးကြတာဖြစ်ကြောင်း ရှင်းပြကြတယ်။ မိမိအနေနဲ့ကလဲ ရောက်ရှိဖူးမြော်ရခြင်းမရှိသေးတဲ့ မြို့ကြီးစေတီကို ဖူးမြော်လိုက်ရတာကြောင့် ကျေနပ်ခဲ့ရသလို မြို့ခံမိတ်ဆွေတွေကိုလဲ ကျေးဇူးတင်လိုက်ရတယ်။

မြို့ကြီးစေတီကိုဖူးမြော်ပြီးချိန်မှာ နေဝင်သွားပြီဖြစ်ပေမဲ့ ကျန်ရှိနေတဲ့အလင်းရောင်နဲ့ မြို့ကိုတစ်ပတ်လှည့်လည်ကြည့်ရှုကြပြီးမှ တစ်ညတာတည်းခိုအိပ်စက်ကြရမဲ့ ဟိုတယ်ရှိရာကို လာခဲ့ကြတယ်။ ဟိုတယ်ကိုရောက်တော့ မှောင်နေပါပြီ။ ဒါပေမဲ့ ကားပေါ်က ပစ္စည်းတွေမချခင် ဟိုတယ်ကအခန်းတွေ လိုက်ကြည့်၊ အခန်းတွေယူရင်း ဟိုတယ်မန်နေဂျာဖြစ်သူနဲ့ စကားတွေအချေအတင်ပြောကြရတော့တယ်။ မိမိတို့မောင်နှမတစ်တွေက ကလေးငယ်တွေအပါအဝင် လူကိုးယောက်ကို နှစ်ယောက်ခန်း သုံးခန်းသာ ယူလိုကြတယ်။ နှစ်ယောက်ခန်းဆိုပေမဲ့ ခုတင်တွေကလဲ ကျယ်ဝန်းနေတာကြောင့် မောင်နှမတွေ၊ မိသားစုတွေ ချောင်ချောင်ချိချိ အနားယူအိပ်စက်နိုင်နေတယ်။ ကလေးတွေဖြစ်တဲ့ တူတွေကလဲ သူတို့ရဲ့မိဘတွေနဲ့ အတူတူ အိပ်စက်ကြမှာမို့ မိမိတို့အတွက် နှစ်ယောက်ခန်း သုံးခန်းက လုံလောက်နေတယ်။ ဒါပေမဲ့ ဟိုတယ်မန်နေဂျာက လူကိုးယောက်ကို နှစ်ယောက်ခန်း သုံးခန်း လောက်သာယူလို့မရကြောင်း၊ ကိုးယောက်ဖြစ်တဲ့အတွက် ငါးခန်းယူရမှာဖြစ်ကြောင်း၊ လူကိုးယောက်ကို နှစ်ယောက်ခန်း သုံးခန်းဆိုတာ သူတို့ဟိုတယ်အတွက် တွက်ခြေမကိုက်ကြောင်း စသဖြင့် ပြောဆိုလာတယ်။ မိမိတို့ကလဲ မလိုအပ်တာကြောင့် မယူတာဖြစ်ကြောင်း၊ လိုအပ်ရင်ယူမှာဖြစ်ကြောင်း၊ အခန်း ငါးခန်းယူလိုက်ရင်လဲ ကျန်နှစ်ခန်းမှာ အိပ်စက်သူမရှိဘဲ အပိုပေးနေရမှာဖြစ်ကြောင်း ငြင်းခုံပြောဆိုနေကြရင်းနဲ့ နောက်ဆုံးမှာ နှစ်ယောက်အိပ်ခန်း သုံးခန်းကို လူတစ်ယောက်ကို တစ်သောင်းငါးထောင်ကျပ်နှုန်းနဲ့ နှစ်ယောက်စာသုံးသောင်းကျပ် အပိုထပ်ပေးပြီး ယူလိုက်ကြရတယ်။ အဲဒီအခါမှာ နှစ်ယောက်ခန်း သုံးခန်းက တစ်ခန်းကို လေးသောင်းကျပ်နှုန်းနဲ့ တစ်သိန်းနှစ်သောင်းကျပ်၊ အပိုနှစ်ယောက်စာက သုံးသောင်းကျပ်နဲ့ စုစုပေါင်း တစ်သိန်းငါးသောင်းကျပ်နဲ့ အဆင်ပြေလိုက်ကြရတယ်။ ဒါတောင် နောက်တစ်နေ့မနက်စာကို ကိုးယောက်စာ မလုပ်ပေးနိုင်ဘူး၊ ခုနစ်ယောက်စာပဲလုပ်ပေးနိုင်မယ်လို့ပြောဆိုတာကြောင့် ဘယ်နှယောက်စာမှမလုပ်ပါနဲ့ မစားကြတော့ပါဘူးဆိုပြီး ပြန်လည်ပြောဆိုလိုက်ရတယ်။

ဒီလိုခရီးတွေထွက်ကြတဲ့အချိန်မှာ တည်းခိုခန်းတွေ၊ ဟိုတယ်တွေမှာ တည်းခိုအိပ်စက်ကြရရင်း အဆင်မပြေချောမွေ့တာတွေ အများအပြားရှိသလို အခန့်မသင့် အဆင်မပြေတာတွေလဲ ရံဖန်ရံခါရှိနေတတ်ပါတယ်။

ဟိုတယ်မှာအခန်းတွေယူ၊ ပစ္စည်းတွေချ ရေမိုးချိုး၊ အဝတ်အစားလဲပြီးချိန်မှာ ည ၈ နာရီထိုးခါနီးပြီဖြစ်လို့ ညစာထမင်းကို ဝေးဝေးလံလံနေရာတွေထိ သွားမစားကြတော့ဘဲ ဟိုတယ်အနီးကဆိုင်တစ်ဆိုင်မှာ စားသောက်လိုက်ကြတယ်။ ဒီလိုစားသောက်ကြတဲ့အခါမှာလဲ အသားဟင်း၊ ငါးဟင်းတွေစုံစုံလင်လင်နဲ့ စားသောက်ချင်စိတ်မရှိကြလို့ ထမင်းဖြူနဲ့ခေါက်ဆွဲကြော်၊ ကြေးအိုးစတာတွေကိုပဲ မှာယူစားသောက်လိုက်ကြတယ်။ ကံအားလျော်စွာနဲ့ ခေါက်ဆွဲကြော်ကလဲကောင်း၊ ကြေးအိုးကလဲကောင်းတာကြောင့် စားလို့မြိန်ခဲ့ကြတယ်။ တစ်ခါတစ်ရံမှာ အသားဟင်း၊ ငါးဟင်းတွေ၊ ဆီပြန်ဟင်းတွေနဲ့မစားဘဲ တခြားအပြောင်းအလဲဟင်းလျာလေးတွေနဲ့ စားသောက်ကြတဲ့အခါမှာလဲ မထင်မှတ်ဘဲ စားကောင်းတတ်ပါတယ်။ ခရီးစဉ်တစ်ခုအတွင်း မြိန်ရှက်စွာစားကောင်းခဲ့တဲ့ နေ့လယ်စာထမင်းတစ်နပ်ကို အခုအချိန်ထိ သတိရနေသေးတယ်။ မှတ်မှတ်ရရ ဝမ်းတွင်းမြို့မှာပါ။ နေကလဲပူပူ၊ ထမင်းဆိုင်မှာ တည်ခင်းရောင်းချနေတဲ့ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါး စတဲ့ဟင်းအမျိုးပေါင်း အများအပြားအစုံအလင်ကို စားသောက်ချင်စိတ်မရှိတာနဲ့ ဂျင်း(ချင်း)သုပ်တစ်ပွဲမှာပြီး ထမင်းဖြူနဲ့ဂျင်း(ချင်း)သုပ်ကို ငရုတ်သီးစိမ်းတစ်တောင့်ကိုက်လိုက်၊ ရေနွေးပူပူတစ်ကျိုက်သောက်လိုက်နဲ့ အလွန်စားကောင်းခဲ့ရတယ်။

ညစာထမင်းစားသောက်ပြီးတာနဲ့ ဘယ်ကိုမှမသွားကြတော့ဘဲ ဟိုတယ်ကိုပြန်လာပြီး အိပ်စက်အနားယူလိုက်ကြတယ်။ တစ်နေကုန်ပင်ပင်ပန်းပန်း၊ ထမင်းစားကောင်းကောင်းနဲ့ ခေါင်းချပြီးမကြာခင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ပေမဲ့ မနက် ၂ နာရီအချိန်မှာ ကားသံ၊ ဆိုင်ကယ်သံ၊ လူတွေရဲ့အော်သံ၊ ခေါ်သံ၊ စကားပြောသံဆူဆူညံညံတွေကြောင့် လန့်နိုးလာခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဟိုတယ်ရဲ့ရှေ့တည့်တည့် လမ်းတစ်ဖက်ကပ်လျက်မှာ မနက်စောစောမိုးမလင်းဈေးရှိနေလို့ပါ။ ဈေးက မနက် ၂ နာရီလောက်ကတည်းကစတင်ပြီး ဒေသထွက် ဟင်းသီးဟင်းရွက်နဲ့ သား၊ ငါးတွေကို အဓိကဖောက်သည်ပေးရောင်းချကြတာဖြစ်ကြောင်း သိရတယ်။ ကားသံ၊ ဆိုင်ကယ်သံ၊ လူသံတွေကြောင့် နှစ်နှစ်ခြိုက်ခြိုက်နဲ့ ပြန်လည်အိပ်ပျော်သွားတာမျိုးမရှိတော့ဘဲ အိပ်ရာထဲမှာ ဟိုဘက်လှည့်၊ ဒီဘက်လှည့် နိုးတစ်ဝက်အိပ်ပျော်ခြင်းမျိုးနဲ့ ဆက်လက်အိပ်ခဲ့ကြရပြီး မနက် ၅ နာရီထိုးတဲ့အခါ အိပ်ရာကနေ ထကြရတော့တယ်။

အိပ်ရာထမျက်နှာသစ်၊ ရေမိုးချိုး၊ အဝတ်အစားလဲ၊ လူစုံတာနဲ့ ဦးပါရဲစေတီရှိရာကို လမ်းလျှောက်ရင်းသွားလိုက်ကြတယ်။ ဦးပါရဲစေတီက ဟိုတယ်အပေါ်ထပ်ကနေ လှမ်းမြင်နေရသလို မနက်ဈေးကိုဖြတ်သန်းကျော်လွန်တာနဲ့ ရောက်ရှိသွားတဲ့ အနီးလေးမှာပါ။ မနက်ဈေးကို ဖြတ်သန်းလမ်းလျှောက်လာကြရင်းနဲ့ မိမိတို့ဒေသမှာရှိလဲမရှိ၊ မြင်လဲမမြင်ဖူး၊ စားလဲမစားဖူးသေးတဲ့ အသီးအနှံအဖူးအရွက် ထူးထူးဆန်းဆန်းလေးတွေတွေ့ရင် မေးမြန်းဝယ်ယူကြမယ်ဆိုပြီး စဉ်းစားစိတ်ကူးထားခဲ့ပေမဲ့ ဈေးထဲမှာ တွေ့ဖူး၊ မြင်ဖူး၊ စားဖူးပြီး မိမိတို့ဒေသမှာရှိတာတွေသာ ဖြစ်နေတာကြောင့် ဘာမှမဝယ်ကြတော့ဘဲ ဦးပါရဲစေတီရှိရာကို ဆက်လက်လျှောက်လာခဲ့ကြတယ်။

ဦးပါရဲစေတီက ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်နေသလို ဟသ်ာတမြို့မှာ ထင်ပေါ်ကျော်ကြားတဲ့စေတီဖြစ်ကြောင်း မြို့ခံစာရေးဆရာမိတ်ဆွေတွေရဲ့ ပြောပြထားချက်အရ သိထားရတယ်။ ရောဝတီမြစ်အနီးမှာရှိနေလို့ ရှုခင်းတွေလဲ သာသာယာယာ၊ မနက်စောစောဖြစ်နေလို့ စေတီဝင်းထဲမှာလဲ တိတ်တိတ်ဆိတ်ဆိတ်၊ ရှေးဟောင်းစေတီကြီးဖြစ်နေလို့ လက်ရာတွေကလဲ ပြောင်ပြောင်မြောက်မြောက်နဲ့ ဖူးမြော်လို့မဝနိုင်အောင် ထူးထူးကဲကဲဖြစ်နေတယ်။ ရင်ပြင်တောင်ပေါ်ကနေ စေတီကြီးကို တစ်ပတ်ပတ်ပြီး ဖူးမြော်ကန်တော့လိုက်၊ ရှုခင်းတွေကိုကြည့်လိုက်ကြနဲ့ အချိန်အတော်ကြာသွားခဲ့ရပြီး မကြာခင်မှာ အရှေ့ဘက်အရပ်က နေလုံးနီနီကြီး ထွက်ပေါ်လာတာကိုလဲ မြင်တွေ့နေကြရတယ်။ ဦးပါရဲစေတီကို တစ်ဝကြီး ဖူးမြော်ပြီးကြတာနဲ့ ဟိုတယ်ကိုပြန်ကြပြီး ရှေ့ခရီးအတွက် ဆက်လက်ပြင်ဆင်ကြရပါအုံးမယ်။

# စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ အဲဗာတန်အသင်း၊ ဆဲလ်တာဗီဂိုအသင်း၊ အေစီမီလန်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ရာသီပိတ်သိမ်းဖို့နီးကပ်လာချိန်မှာ အသင်းတိုင်းက ရမှတ်လိုအပ်ချက်တွေရှိလာတာကြောင့် အကြိတ်အနယ်ရှိလာတာကိုတွေ့ရမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာ အရန်ကစားသမားစုဖွဲ့မှုကောင်းပြီး အဓိက ကစားသမားတွေ ဒဏ်ရာကင်းစင်တဲ့အသင်းက ရလဒ်ပိုင်းတည်ငြိမ်လာတာကြောင့် ကြားရက်မှာ အမှတ်ပေးပွဲလက်ကျန်နဲ့ ဖလားပွဲတွေ ကစားထားရတဲ့အသင်းတွေကိုတော့ သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ လာမဲ့စနေညမှာတော့ တန်းဆင်းဇုန်ဖိအားအောက်က ရုန်းထွက်ဖို့ကြိုးစားရမဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပြီး အဲဒီထဲက ထိပ်တိုက်တွေ့ဆုံမှုနဲ့ တိုက်စစ်ကစားပုံကောင်းနေတဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

### အဲဗာတန်အသင်းကို ရွေးချယ်ရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၃၅) မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နော်တင်ဟမ်အသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့ပြီး ရမှတ် ၃၃ မှတ်ရယူနိုင်ခဲ့ပေမဲ့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ရမှတ်လိုသေးတာကြောင့် အခုပွဲစဉ်မှာလဲ နိုင်ပွဲရဖို့ကြိုးစားရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ အိမ်ကွင်းကစားပုံကောင်းမွန်ခဲ့ပေမဲ့ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့လို့ ရမှတ်ခြောက်မှတ်ထိလျှော့ချခဲ့ရတာကြောင့် တန်းဆင်းဇုန်ဖိအားအောက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ ပြိုင်ပွဲပြီးဆုံးဖို့ လေးပွဲလိုသေးတာကြောင့် အနည်းဆုံးရမှတ် ခုနစ်မှတ်ရယူနိုင်မှသာ တန်းမဆင်းရဖို့သေချာမှာဖြစ်လို့ ဘရန့်ဖို့ဒ်လိုခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေရမှာပါ။ သူတို့အသင်းဟာ နည်းပြဒိုက်ချီလက်ထက်မှာ အဝေးကွင်းကစားအားမကောင်းပေမဲ့ အိမ်ကွင်းကစားပုံကတော့ သိသိသာသာတိုးတက်လာခဲ့ပြီး နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ အေဗီလာကိုသရေ၊ ပဲလေ့စ်ကိုသရေ၊ ဘန်လေကိုအနိုင်၊ နော်တင်ဟမ်ကိုအနိုင်ကစားနိုင်ခဲ့သလို ဝက်စ်ဟမ်းတစ်သင်းတည်းကိုသာ ရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူး ဘီတိုတစ်ဦးသာ ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာဘဲ ကျန်ကစားသမားတွေအားလုံးပါဝင်နိုင်မှာဖြစ်လို့ ဘရန့်ဖို့ဒ်ကို ဖိအားပေး နိုင်မှာသေချာပါတယ်။

ဘရန့်ဖို့ဒ်အသင်းဟာ ခံစစ်က ဟင်နရီ၊ ဟစ်စကီး၊ ဘန်မီးတို့ ဒဏ်ရာကြောင့် မပါနိုင်တော့တဲ့အချိန်မှာ ရလဒ်ပိုင်းကျဆင်းသွားပေမဲ့ တိုက်စစ်မှူး တိုနေးပြန်လည်ပါဝင်လာတဲ့ ဧပြီလအတွင်းမှာ တိုက်စစ်ကစားပုံထက်မြက်လာတာကြောင့် ရလဒ်ပိုင်းကောင်းခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ မန်ယူ၊ ဘရိုက်တန်၊ အေဗီလာတို့လို ကစားပုံကောင်းတဲ့အသင်းတွေကို သရေကစားနိုင်ခဲ့ပြီး ရှက်ဖီး(ဃ)နဲ့ လူတန်တို့ကိုဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဘရန့်ဖို့ဒ်ဟာ အမြင့်ဘောနဲ့ဖြတ်တင်ဘောတွေကနေ တိုက်စစ်ကစားပုံဖော်လေ့ရှိတာကြောင့် အဲဗာတန်လို အမြင့်ဘောတွေရှင်းထုတ်တဲ့နေရာမှာ တည်ငြိမ်ပြီး ကွင်းလယ်ကစားအားကောင်းတဲ့အသင်းကိုတော့ ထိန်းချုပ်ကစားဖို့တော့ အခက်တွေ့မှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖို့ကြိုးစားရမဲ့အဲဗာတန်အသင်းကိုရွေးချယ်ရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၁ | အဲဗာတန် |
| နယူးကာဆယ် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၀ | ဘန်လေ |
| ချဲလ်ဆီး | ၆ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၂ | - | ၀ | နော်တင်ဟမ် |

### ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | မန်ယူ |
| ဘရန့်ဖို့ဒ် | ၀ | - | ၀ | ဘရိုက်တန် |
| အေဗီလာ | ၃ | - | ၃ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၀ | ရှက်ဖီး(ဃ) |
| လူတန် | ၁ | - | ၅ | ဘရန့်ဖို့ဒ် |

### ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အလာဗက်အသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်က ဆဲလ်တာဗီဂိုအိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ဆဲလ်တာဗီဂိုက ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ခဲ့သလို ပွဲချိန် ၆၈ မိနစ်မှာ ကစားသမားတစ်ယောက် အနီကတ်နဲ့ထုတ်ပယ်ခံရတာကြောင့် ချေပဂိုးပေးလိုက်ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အလာဗက်အသင်းဟာ အိမ်ကွင်းကစားပုံမာကျောတဲ့အသင်းဖြစ်ပြီး အိမ်ကွင်း ၁၆ ပွဲမှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ကစားသမားစုဖွဲ့မှုကောင်းတဲ့အေတီကိုအသင်းကို ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်ကနေ နှစ်ဂိုးသွင်းနိုင်ခဲ့တာကြောင့် နှစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် အလာဗက်ရဲ့ အိမ်ကွင်းကစားပုံဟာ လျှော့တွက်လို့မရပေမဲ့ အိမ်ကွင်းမှာ ခံစစ်အသားပေးကစားတဲ့ အသင်းနဲ့ဆို ဂိုးရဖို့ရုန်းကန်ရတာကြောင့် နည်းပြဘင်နီတက်ခ်ရဲ့ဆဲလ်တာဗီဂိုသာ ကစားပုံပြောင်းလာခဲ့ရင် အလာဗက်အသင်း အိမ်ကွင်းရလဒ်ကောင်းဖို့ ခက်ခဲသွားနိုင်ပါတယ်။

ဆဲလ်တာဗီဂိုဟာ အခုရာသီမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် တန်းဆင်းဇုန်ဖိအားအောက်ကျရောက်ခဲ့ပြီး ပွဲစဉ် ၃၂ ပွဲကစားအပြီးမှာ ရမှတ် ၃၁ မှတ်သာရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ လက်ပါးမက်ကို ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် တန်းဆင်းဇုန်ထဲက ရုန်းထွက်နိုင်ခဲ့လို့ အခုပွဲစဉ်မှာ ပြီးခဲ့တဲ့ပွဲစဉ်က ကစားပုံအတိုင်း အလာဗက်အသင်းကို ကစားနိုင်ရင်တော့ နိုင်ပွဲထပ်ရှာနိုင်ဖို့များပါတယ်။ နည်းပြဘင်နီတက်ခ်ရဲ့ကစားကွက်ပိုင်းမှာ တိုက်စစ်က အက်စ်ပက်နဲ့ လာဆင်တို့အချိတ်အဆက်မိလာခဲ့သလို အက်စ်ပက်ကလဲ ဂိုးပေါက်ပြန်ရှာတွေ့ခဲ့တာကြောင့် အခုပွဲစဉ်မှာ ခံစစ်ပိုင်းအားနည်းနေတဲ့ အလာဗက်ကို ဖိအားပေးနိုင်မယ်လို့ထင်ပါတယ်။ ဆဲလ်တာဗီဂိုဟာ ပြိုင်ပွဲပြီးဆုံးဖို့ခြောက်ပွဲအလိုမှာ တန်းဆင်းဇုန်က ကာဒီဇက်အသင်းနဲ့ ရမှတ် ခြောက်မှတ်သာကွာဟတာကြောင့် လာမဲ့ပွဲစဉ်တွေကို ရမှတ်ရှာဖွေနိုင်မှသာ လာလီဂါမှာ ဆက်လက်ကစားခွင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတဲ့ သူတို့အသင်းအနေနဲ့ အလာဗက်အသင်းကို ဂိုးရဖို့မခက်ပေမဲ့ အလာဗက်အသင်းက တောင်ပံပိုင်းတွေကနေ ထိုးဖောက်လာတဲ့တိုက်စစ်ကစားပုံကို ထိန်းချုပ်နိုင်ခဲ့ရင်တော့ အခုပွဲစဉ်မှာ နိုင်ပွဲရဖို့သေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုခြောက်ကြိမ်မှာလဲ ဆဲလ်တာဗီဂိုက ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကစားနိုင်ခဲ့တာကြောင့် အစဉ်အလာနဲ့တိုက်စစ်ပိုင်းမှာ အသာရနေတဲ့ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ။

### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဘီလ်ဘာအို | ၂ | - | ၀ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | ဆိုစီဒက် |
| ဂရန်နာဒါ | ၂ | - | ၀ | အလာဗက် |
| အလာဗက် | ၂ | - | ၀ | အေတီကို |

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၁ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဘက်တစ် | ၂ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၄ | - | ၁ | လက်ပါးမက် |

### အေစီမီလန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာ အမှတ်ပေးပြိုင်ပွဲကိုသာ အဓိက ကစားခဲ့ရပေမဲ့ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့တာကြောင့် ချန်ပီယံဆုစိန်ခေါ်နိုင်ဖို့အခွင့်အရေးဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိပွဲစဉ် ၃၃ ပွဲအပြီးမှာ ရမှတ် ၆၄ မှတ်နဲ့ အဆင့်(၃)ရောက်နေပေမဲ့ အဆင့်(၄)က ဘိုလော့နာနဲ့ ရမှတ်နှစ်မှတ်သာကွာဟခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဇန်နဝါရီလနောက်ပိုင်းကစားခဲ့တဲ့ပွဲစဉ်တွေမှာ သုံးပွဲသာ အနိုင်ရခဲ့သလို တိုက်စစ်ပိုင်းကလဲ ပုံမှန်ဂိုးသွင်းခြေစွမ်းမရှိတော့ဘဲ ရမှတ်တွေဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ တိုက်စစ်ကို ဦးဆောင်နေတဲ့ ဗလာဟိုဗစ်နဲ့ ချီဆာတို့ကလဲ ချိတ်ဆက်မှုအားနည်းလာသလို ခံစစ်ပိုင်းစွမ်းဆောင်ရည်လဲ ကျဆင်းသွားခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့တာကိုသတိပြုရမှာပါ။

အေစီမီလန်အသင်းဟာ ပြီးခဲ့တဲ့မီလန်ဒါဘီပွဲမှာ အင်တာမီလန်ကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့သလို ခံစစ်က ကာလာဘရီးယားနဲ့ ဟာနန်ဒက်စ်တို့ အနီကတ်နဲ့ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဒါ့ပြင် ခံစစ်က တိုမိုရီလဲ ဂျူဗင်တပ်နဲ့ပွဲစဉ်မှာ ပွဲပယ်ပြစ်ဒဏ်ရှိခဲ့လို့ အေစီမီလန်အသင်းအနေနဲ့ ခံစစ်ပိုင်းအားနည်းသွားနိုင်ပါတယ်။ ဒါပေမဲ့ ဂီရော့ဒ်၊ လီအို၊ ပူလီဆစ်၊ အိုကာဖော်တို့ဦးဆောင်နေတဲ့တိုက်စစ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၃၃ ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဂျူဗင်တပ်လို ခံစစ်ပိုင်းကျဆင်းနေတဲ့အသင်းကိုတော့ ဂိုးသွင်းယူနိုင်ဖို့များပါတယ်။ တိုက်စစ်မှူး ဂီရော့ဒ်ကတော့ အမှတ်ပေးပွဲမှာ သွင်းဂိုး ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အေစီမီလန်ဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လက်ချီအသင်းကိုသာနိုင်ခဲ့ပြီး လေးပွဲဆက်နိုင်ပွဲမရခဲ့တာကြောင့် ဖိအားအောက်ရောက်ရှိခဲ့လို့ အခုပွဲစဉ်ဟာ အမှတ်ပေးဇယားရဲ့ဒုတိယနေရာနဲ့ ပြီးဆုံးဖို့အတွက် အရေးကြီးနေတာကိုတွေ့ရမှာပါ။ အေစီမီလန်ဟာ အခုပွဲကို ရှုံးခဲ့ရင် တတိယနေရာက ဂျူဗင်တပ်က ရမှတ် ၆၇ မှတ်ထိ ရရှိမှာဖြစ်လို့ အေစီမီလန်အနေနဲ့ အနည်းဆုံးရမှတ်ခွဲယူဖို့ကြိုးပမ်းရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့မှာ အေစီမီလန်က တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့ပေမဲ့ ဂျူဗင်တပ်အိမ်ကွင်းမှာ သွားရောက်ကစားခဲ့တဲ့နောက်ဆုံးငါးပွဲမှာတော့ အေစီမီလန်အသင်းနိမ့်ခဲ့တာမရှိပါဘူး။ ဒါကြောင့် လက်ရှိ တိုက်စစ်ကစားပုံကောင်းနေတဲ့ အေစီမီလန်အသင်းနဲ့ လက်တွဲရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၀ | လာဇီယို |
| ဂျူဗင်တပ် | ၁ | - | ၀ | ဖီအိုရင်တီးနား |
| တိုရီနို | ၀ | - | ၀ | ဂျူဗင်တပ် |
| ကက်ဂလီယာရီ | ၂ | - | ၂ | ဂျူဗင်တပ် |
| လာဇီယို | ၂ | - | ၁ | ဂျူဗင်တပ် |

### အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၃ | - | ၀ | လက်ချီ |
| အေစီမီလန် | ၀ | - | ၁ | ရိုးမား |
| ဆက်ဆူအိုလို | ၃ | - | ၃ | အေစီမီလန် |
| ရိုးမား | ၂ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | အင်တာမီလန် |

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၀၀၈၄၀၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR







TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## “အများသိစေရန်ကြေညာခြင်း”

ကျွန်တော် ဦးကြိုင် (၉/တသန(နိုင်)၁၄၉၇၇၇) သည် သီရိဂေဟာ ပရိဘောဂအရောင်းဆိုင်လုပ်ငန်း (လမ်း 60 C-131 × 132 ကြား) အား ဆက်လက်လုပ်ကိုင်နိုင်စွမ်းမရှိတော့သည့်အတွက် 12-4-2024 ရက်နေ့မှစ၍ လုံးဝ(လုံးဝ) နှုတ်ထွက်လိုက်ပြီးဖြစ်ပါသည်။ သီရိဂေဟာ နှင့်ပတ်သက်၍ ရှေ့လျှောက်ဖြစ်ပေါ်လာသောကိစ္စရပ်များသည် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးကြိုင်(၉/တသန(နိုင်)၁၄၉၇၇၇)**

## အိမ်သန့်ရှင်းရေးဝန်ထမ်း အလိုရှိသည်

- **အမျိုးသမီး** (၂)ဦး
- အသက် 20-35 နှစ်ကြား
- အလုပ်ချိန် မွန်းလွဲ (2) နာရီမှ ည (7)နာရီထိ
- ဆက်သွယ်ရန် မနော်ဟရီလမ်း၊ 72×73လမ်းကြား
- Ph; 09-772888302

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ထနောင်းပင်လဲကျေးရွာနေ မောင်ဝေယံစိုး (ဘ) ဦးမြင့်နိုင် (၉/နထက(နိုင်)၁၉၉၄၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၉၄၆၄၁၅၃၅၆

## ပျောက်ဆုံးကြောင်း

မန္တလေး၊ တံတားဦးမြို့နယ်နေ မောင်နိုင်အောင် (ဘ) ဦးအောင်လှိုင် (၉/တတဥ(နိုင်)၁၀၆၆၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၁၀၅၅၃၂

## ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ အမှတ်(၃) ရွှေလက်ပြန်ရပ်နေ မောင်ဟန်ဝင်းဇော်(ဘ)ဦးအေးဝင်း (၉/ညဥန(နိုင်)၁၁၄၆၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-251245) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၁၉၂၂၈၄၆

## ပျောက်ဆုံးကြောင်း

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊(၆၂၆)ရပ်ကွက်နေ ကိုဇွဲလပြည့် (ဘ) ဦးတင်မောင် (၉/ခအဇ(နိုင်)၀၅၆၄၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-289999) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၁၉၀၀၂၆၆၄

## စာပေမြင့်မှ လူမျိုးတင့်မည်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဗေယျာဒွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ပြည် တိုးတက်ရေးအတွက် အစိုးရက ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းနိုင်မည်ဖြစ်...

❖ ပြည်သူ့အကျိုးပြု တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**



# ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့်အားကစားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့်အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွှေကြာပင်အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက **စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

## အပြည်ပြည်ဆိုင်ရာကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းများမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်

**နေပြည်တော် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် တည်ဆောက်ထားသော ရွှေမဲဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာကုန်တင်ကုန်ချ ယာယီဆိပ်ကမ်းအဖြစ် **စာမျက်နှာ ၁၉ ကော်လံ ၅ ❑**



**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ဖိုးရိုးလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၁၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ဒုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ရွှာ - ရေနံ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု